မြန်မာ့အလင်း

အတွဲ (၅၂)
အမှတ် (၁၉၅)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်

၂၀၁၃ ခုနှစ်၊ ဧပြီ ၁၈ ရက်၊ ကြာသပတေးနေ့။

နိုင်ငံတော် အရေး(၃)ပါး

❖ ပြည်ထောင်စု မပြိုကွဲရေး။

❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။

❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

ရဟတ်ယာဉ်ဖြင့် နှစ်သစ်ဦးမင်္ဂလာ အန္တရာယ်ကင်းပရိတ်ရေများ ဖျန်းပက်မေတ္တာပို့သ

နေပြည်တော် ဧပြီ ၁၇

နိုင်ငံတော် သြဝါဒါစရိယ နေပြည်တော်ပျဉ်းမနားမြို့နယ် မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရအမှူးပြုသော ဆရာတော်သံဃာတော်များသည် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်နှင့် တာဝန်ရှိများနှင့်အတူ ယနေ့နံနက် ၇ နာရီခွဲတွင် ရဟတ်ယာဉ်ဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းလှည့်လည်၍ ဆရာတော် သံဃာတော်များက နှစ်သစ်ဦးမင်္ဂလာအန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပြီး ပရိတ်ရေတို့ဖြင့် ဖျန်းပက်ပေးကြကာ မေတ္တာပို့သကြသည်။

သာသနာရေးဝန်ကြီးဌာန အဌမအကြိမ် အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကို မွန်းလွဲ ၁ နာရီတွင် အဆိုပါဝန်ကြီးဌာန စုံညီခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ဌာနအကြီးအကဲများနှင့် ဝန်ထမ်းများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ▲

နေပြည်တော်ပုဗ္ဗသီရိမြို့နယ် ဥဒယရံသီကုန်းတော်၌ တည်ထားကိုးကွယ်လျက်ရှိသည့် သတ္တသတ္တာဟစေတီတော်ပရဝဏ်အတွင်း ကုသိုလ်ကောင်းမှုပြုကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

နှစ်သစ်ကူးအန္တရာယ်ကင်း ပရိတ်တရားတော်နာယူခြင်းနှင့် ဘေးမဲ့သက်လွှတ်ပွဲကျင်းပ

နေပြည်တော် ဧပြီ ၁၇

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ်စတင်သည့် နှစ်သစ်ကူးအခါသမယဖြစ်သည်နှင့်အညီ မြန်မာ့ရိုးရာဓလေ့ထုံးတမ်းစဉ်လာများအတိုင်း အန္တရာယ်ကင်းပရိတ်တရားတော်များနာယူခြင်း၊ ဥပုသ်သီလစောင့်ထိန်းခြင်းနှင့် ဘေးမဲ့သက်လွှတ်ပွဲကို နေပြည်တော်တစ်ဝန်းလုံး၌ နံနက်မိုးသောက်ချိန်မှစတင်၍ ကုသိုလ်ဘာဝနာပွားများကြသည့် အသံများဖြင့် ဝေစည်လျက်ရှိသည်။

ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့၏ ပဉ္စမအကြိမ် နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲကို ယနေ့နံနက် ၇ နာရီတွင် စေတီတော်လိုဏ်ဂူတော်အတွင်းကျင်းပရာ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့၏ သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တပညာသိရီထံမှ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဆရာတော်သံဃာတော်များက အနန္တရာယိက ကမ္မဝါစာနှင့် အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့အပြင် နေပြည်တော်ပုဗ္ဗသီရိမြို့နယ် ဥဒယရံသီကုန်းတော်၌ တည်ထားကိုးကွယ်လျက်ရှိသည့် သတ္တသတ္တာဟစေတီတော် ပရဝဏ်အတွင်းရှိ မင်္ဂလာကန်တော်တွင် ကျင်းပသည့် ဘေးမဲ့သက်လွှတ်ပွဲသို့ ပြည်ထောင်စုဝန်ကြီးမြို့တော်ဝန်ဦးသိန်းညွန့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနဝတ်အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်၍ ငါးမျိုးစုံတစ်သောင်းခွဲကျော်ကို ဇီဝိတဒါန၊ အဘယဒါန၊ အာယုဒါန ရည်ရွယ်ကာ တပျော်တပါး ဘေးမဲ့သက်လွှတ်ကုသိုလ်ပြုကြသည်။ **(သတင်းစဉ်)**

လွတ်လပ်စွာယုံကြည်ခံယူ အေးချမ်းစွာကိုးကွယ် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေ

တက္ကသိုလ်မြတ်သူ၏ဆောင်းပါး စာ-၆ တွင် ဖတ်ရှုနိုင်ပါသည်။

ပြည်နယ်အစိုးရအဖွဲ့သည် လူမျိုး၊ ဘာသာ၊ ဒေသ၊ ပါတီ အဖွဲ့အစည်း အစွဲအလမ်းမထား ပြည်သူမျက်နှာကိုသာကြည့်၍ ဓမ္မဓိဌာန်ကျကျ အလုပ်လုပ်နေ

စာ-၁၂ တွင် ဖတ်ရှုနိုင်ပါသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ထိန်းသိမ်းကြစို့ ယဉ်ကျေးမှုအမွေ

မြန်မာနိုင်ငံအတွင်း သဘာဝကဖန်တီးပေးထားသည့် ရေမြေနယ်နိမိတ်ကြန်အင်လက္ခဏာသွင်ပြင် ပုံပန်းဆိုင်ရာ လူနေမှုဓလေ့ထုံးစံ၊ ဆင်ယင်ထုံးဖွဲ့မှု၊ ပန်းချီ၊ ပန်းပု၊ အဆိုအက၊ ကိုးကွယ်သည့်ဘာသာ အယူဝါဒနှင့် အရေးအသား၊ အတွေးအခေါ်များရှိသည့်အလျောက် မိမိတို့နှင့်ဆီလျော်သော ယဉ်ကျေးမှုများသည် တသီးတခြားအခိုင်အမာရပ်တည်လာခဲ့သည်မှာ ရှေးအစဉ်အဆက်ကပင်ဖြစ်သည်။

ယနေ့နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေရာ၌ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားသည်သာမက အမျိုးသားယဉ်ကျေးမှုမြှင့်တင်ရေးကိုလည်း ဟန်ချက်ညီညီဆောင်ရွက်ရမည်ဖြစ်သည်။ မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်စေရန်စောင့်ရှောက်ကြရမည်ဖြစ်သည်။ မြန်မာမှု၊ မြန်မာ့ဓလေ့စရိုက်များ၊ မြန်မာ့ကျင့်ဝတ်နီတိ၊ အသိအလိမ္မာများ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်း ရှင်သန်နေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် သိပ္ပံနှင့်ဆက်သွယ်ရေးနည်းပညာများသည် တစ်နေ့တခြားတိုးတက်ပြောင်းလဲမှုနှင့်အတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ကြဉ်းပေးနိုင်သော်လည်း နိုင်ငံနှင့်လူမျိုးကို ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိရှိနှင့် ရှင်သန်ရပ်တည်နိုင်ရေးအတွက် ဖော်ညွှန်းပေးနိုင်သည့် အဓိကကျသော စွမ်းအားတစ်ရပ်သည် အမျိုးသားယဉ်ကျေးမှုဖြစ်သည်။ အမျိုးသားယဉ်ကျေးမှုနိမ့်ပါးလျှင် တိုင်းပြည်နှင့်လူမျိုး နိမ့်ပါးကျဆင်းနိုင်သည်။ ထို့ကြောင့် အမျိုးသားယဉ်ကျေးမှုကို တန်ဖိုးထားပြီး ပြည်သူအားလုံးက ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။

ကမ္ဘာ့ရွာကြီးအတွင်း သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာများအရ လျင်မြန်စွာ ပြောင်းလဲတိုးတက်လျက်ရှိသည်။ ယင်းပြောင်းလဲမှုတွင် မိမိတို့ အမျိုးသားယဉ်ကျေးမှုနှင့် မဆီလျော်မအပ်စပ်သော ပြောင်းလဲခြင်းမျိုးမဖြစ်စေရန် အထူးသတိပြုကြရမည်ဖြစ်သည်။ အဖိုးထိုက်တန်သည့် အမွေအနှစ်ဖြစ်သော ယဉ်ကျေးမှုအစစ် လူ့အနှစ်ဟူသမျှတို့ မတိမ်ကောမပျောက်ပျက်စေရန်ထိန်းသိမ်းကြရမည်ဖြစ်သည်။ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများ မပျောက်ပျက်စေရန်နှင့် အရှည်တည်တံ့နိုင်ရန်မှာ နိုင်ငံသားတို့၏ တာဝန်ဖြစ်သည်။ မိမိနိုင်ငံ၏ ယဉ်ကျေးမှုကို မိမိတို့ပြည်သူများကသာ မြှင့်တင်နိုင်မည် ဖြစ်သည်။ ခေတ်ကာလအလျောက် စိမ့်ဝင်စီးဆင်းထိုးဖောက်လာသော တိုင်းတစ်ပါးယဉ်ကျေးမှုများ ကောင်းသည်နှင့် မကောင်းသည်ကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် ရှုမြင်သုံးသပ်ပြီး အနာဂတ်တွင် မိမိလူမျိုးတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ဆက်လက်ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

ပြည်တွင်းသတင်း

ဒုတိယအကြိမ်မြောက် အမျိုးသားသတင်းဆုအတွက် အဆိုပြုတင်သွင်းကြရန် ဖိတ်ခေါ်

ရန်ကုန် ဧပြီ ၁၇

ဒုတိယအကြိမ်မြောက် အမျိုးသားသတင်းဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၃ ရက်တွင်ကျင်းပမည်ဖြစ်ပြီး အကောင်းဆုံးသတင်းဆု၊ အကောင်းဆုံး အယ်ဒီတာ့အာဘော်ဆု၊ အကောင်းဆုံး ရုပ်သံသတင်းဆု၊ အကောင်းဆုံး သတင်းဆောင်းပါးဆု၊ အကောင်းဆုံး သတင်းဓာတ်ပုံဆု၊ အကောင်းဆုံး သတင်းကာတွန်းဆုတို့ကို ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ဆုများ အကဲဖြတ်ရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားသင့်သည်ဟု ထင်မြင်ယူဆသော ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အတွင်း ပုံနှိပ်/ထုတ်လွှင့်ပြီးဖြစ်သည့် ပုံနှိပ်ပြီးစာမူ၊ ထုတ်လွှင့်ပြီး ရုပ်သံသတင်းများအနက် ဆုတစ်မျိုးစီအတွက် ဦးစားပေးအစီအစဉ်အလိုက် သုံးခုစီကို အချိန်မှန်ထုတ် ဂျာနယ်/ မဂ္ဂဇင်းများ၏ အယ်ဒီတာချုပ်များ၊ အယ်ဒီတာအဖွဲ့များနှင့် ရုပ်သံဌာနတာဝန်ခံများက ပေးပို့ပေးပါရန်နှင့် ဂျာနယ်/မဂ္ဂဇင်းမူရင်းကို မိတ္တူဆွဲ၍လည်းကောင်း၊ ထုတ်လွှင့်ပြသပြီးကြောင်း အထောက်အထားပါဝင်သည့် ဗီဒီယိုဖိုင်ကို DVD ဖြင့် လည်းကောင်း ထောက်ခံပေးပို့ပေးပါရန် မေတ္တာရပ်ခံထားသည်။

မီဒီယာတိုက်များက ရွေးချယ်ပြီး ထောက်ခံချက်ပေးထားသည့် သတင်း၊ ဆောင်းပါး၊ ဓာတ်ပုံ၊ ကာတွန်းများကို အချိန်မီပေးပို့ရန် အခက်အခဲရှိပါက အမျိုးသားသတင်းဆုကော်မတီ ဖုန်း-၀၉-၄၂၀၁၈၅၉၆၇ သို့လည်းကောင်း၊ အီးမေးလ် mmjaorg@gmail.com သို့လည်းကောင်း အကြောင်းကြားပါက တိုက်အရောက်လာရောက်ယူမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့တင်သွင်းရာတွင် မိမိအဆိုပြုသော သတင်း၊ ဆောင်းပါး၊ ဓာတ်ပုံ၊ ဗီဒီယို၊ ကာတွန်း၊ ခေါင်းကြီးများပါဝင်သည့် မီဒီယာအမည်၊ ထုတ်လုပ်သည့်ရက်စွဲနှင့် အမှတ်စဉ်တို့ပါရှိရမည်ဖြစ်ပြီး ပုံနှိပ်မီဒီယာများအတွက် မိတ္တူသုံးစောင်စီနှင့် ရုပ်သံအတွက် DVD သုံးချပ်စီကို အမျိုးသားသတင်းဆုကော်မတီ အမှတ်(၄၃၇) ဒုတိယထပ် ၄၄ လမ်းနှင့် သိမ်ဖြူလမ်းကြားကုန်သည်လမ်းမပေါ် ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ လည်းကောင်း၊ အီးမေးလ်ဖြင့်လည်းကောင်း ပေးပို့နိုင်ကြသည်။

စာတိုက်မှပေးပို့ပါက စာအိတ်ပေါ်တွင် "အမျိုးသားသတင်းဆုအတွက် အဆိုပြုတင်သွင်းခြင်း"ဟု ထင်ရှားစွာ ရေးသားပေးရန်နှင့် အီးမေးလ်ဖြင့် ပေးပို့ပါကလည်း Subject နေရာတွင် အဆိုပါအတိုင်း ရေးသားပေးပါရန် မေတ္တာရပ်ခံထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မိုးစပါးတစ်ဧက အထွက်နှုန်းတိုးတက်ရေး ကော့ကရိတ်ခရိုင်၌ မြေယာပြုပြင်

ကော့ကရိတ် ဧပြီ ၁၇

ကော့ကရိတ်ခရိုင် မိုးစပါး တစ်ဧက အထွက်နှုန်းတိုးတက်ရေးအတွက် မြေဆီလွှာပြုပြင်ပြောင်းလဲရေး လုပ်ငန်းများဖြစ်သည့် နွေထယ်ရေးလှန်ခြင်း၊ သစ်စိမ်းမြေသြဇာကြဲပက်ခြင်းလုပ်ငန်းကို ဧပြီ ၈ ရက် နံနက် ၈ နာရီက ကော့ကရိတ်မြို့နယ် ရန်ကုတ်ကျေးရွာအုပ်စု ကွင်းအမှတ် (၁၂၁) ဦးပိုင် ၆ရှိ တောင်သူ ဦးမောင်ဌေး၏ လယ်မြေ ၁၀ ဒသမ ၁၄ ဧကတွင်ပြုလုပ်ပြီး စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်ကြီးနှစ်စီး၊ လက်တွန်းထွန်စက် ငါးစီးဖြင့် ထွန်ယက်ကာ ပဲမျိုးစေ့များ ကြဲပက်စိုက်ပျိုးသည်။

နွေထယ်ရေးခံပြီး သစ်စိမ်းမြေသြဇာပဲမျိုးစေ့များ ကြဲပက်ပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးလှသိန်းနှင့် စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းဦးနှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များက ပညာပေးဟောပြောကြပြီး ရန်ကုတ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစောခင်လှနှင့် တောင်သူလယ်သမား ၁၂၀ တို့ တက်ရောက်ကြည့်ရှု လေ့လာကြသည်။

ကော့ကရိတ်ခရိုင် ၂၀၁၃ ခုနှစ် မိုးစပါးရာသီတွင် နွေထယ်ရေးလှန်ပြီး သစ်စိမ်းမြေသြဇာစိုက်ပျိုးခြင်းကို ကော့ကရိတ်မြို့နယ်တွင် ဧက ၃၀၀၊ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ဧက ၁၀၀ စုစုပေါင်းဧက ၄၀၀ ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုအပ်သည့် ပဲမျိုးစေ့များကို ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့မှုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(၁၀၉)

မြန်မာနှစ်ဆန်းတစ်ရက် နံနက်က ကြည့်မြင်တိုင်မြို့နယ် ဈေးကြီး၊ တလိုင်းပိုင်း၊ ငါးကြော်ဖို၊ အိုးဘိုရပ်ကွက်လုံးဆိုင်ရာ (၆၄)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို မဟာပုညောပကာရဓမ္မာရုံ၌ ကျင်းပရာ ကျင်းပရေးကော်မတီနာယက ဗိုလ်မှူးကြီး မျိုးမြင့်(ငြိမ်း)က ကန်တော့ခံသက်ကြီးအဘိုး ဦးတန်ဘွန်တန် (၁၀၁)နှစ်အား ထပ်ဆင့်ကန်တော့ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (၀၄၂)

တက္ကသိုလ်တောင်တက်အဖွဲ့များ ခရီးထွက်ခွာ

ရန်ကုန် ဧပြီ ၁၇

အဆင့်မြင့် ပညာဦးစီးဌာန (အောက်မြန်မာပြည်)တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်း ဒုတိယဥက္ကဋ္ဌ ဦးစိန်ထွန်း(တွဲဖက်ပါမောက္ခ၊ သင်္ချာဌာန၊ ဒဂုံတက္ကသိုလ်) နှင့် အတွင်းရေးမှူး ဒေါ်ဆွေဆွေအုန်း (ကထိက၊ ဓာတုဗေဒဌာန၊ ဘားအံတက္ကသိုလ်)တို့ ဦးဆောင်၍ ရန်ကုန်တက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ နိုင်ငံခြားဘာသာတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်(ရန်ကုန်)တို့မှ အုပ်ချုပ်သူနှင့်အဖွဲ့ဝင် ၆၅ဦးပါဝင်သော နွေရာသီ တောင်တက်အဖွဲ့သည် ဧပြီ ၁ ရက်က ချင်းပြည်နယ်တောင်ပိုင်းသို့ တောင်တက်ခရီး ထွက်ခွာကြရာ ဧပြီ ၆ရက်က မင်းတပ်ခရိုင်ရှိ ဝိတိုရိယ (ခေါ်) နတ်မတောင်ထိပ် ပေ ၁၀၅၀၀ သို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြသည်။

အပြန်ခရီးတွင် တောင်တက်အဖွဲ့သည် ချင်းတိုင်းရင်းသားကျေးရွာများသို့ ဝင်ရောက်ပြီး တိုင်းရင်းသားလူမျိုးတို့၏ လူနေမှုဓလေ့ထုံးစံများကို လေ့လာမှတ်တမ်းတင်၍ ပုဂံဒေသရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကိုလည်း လှည့်လည်လေ့လာခဲ့ကြသည်။

အလားတူပင် တက္ကသိုလ်ခြေလျင်တောင်တက်အသင်းနာယက၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်နာယက၊ မြန်မာနိုင်ငံအိုလံပစ် ကော်မတီဝင် ပါမောက္ခဒေါက်တာခင်မေအုန်း(ပါမောက္ခချုပ်-ငြိမ်း၊ ရန်ကုန်သူနာပြုတက္ကသိုလ်) ဦး ဆောင်သော တက္ကသိုလ်ခြေလျင် တောင်တက်အသင်း သဘာဝခေါ်သံ ဖောင်ဒေးရှင်းမှ တောင်တက်အဖွဲ့ဝင် ၁၆ဦးသည် ကချင်ပြည်နယ် ပူတာအိုခရိုင်ရှိ ဖန်ဂရန် ရေခဲတောင် ၁၄၁၀၆ပေသို့ တက်ရောက်ရန် ဧပြီ ၈ ရက်က လေကြောင်းခရီးဖြင့် ရန်ကုန်မှ ထွက်ခွာသွားကြသည်။

တက္ကသိုလ်ခြေလျင်တောင်တက်အသင်း သဘာဝခေါ်သံ ဖောင်ဒေးရှင်းမှ ဗဟိုအမှုဆောင်အဖွဲ့ဝင် ဒေါက်တာစိုးမင်းအောင် ဦးဆောင်၍ အဖွဲ့ဝင် ၂၁ဦးပါဝင်သော ကလော-အင်းလေး-ကက္ကူဒေသ ဖြတ်ကျော်ခရီးကြမ်းအဖွဲ့သည်လည်း ဧပြီ ၁၂ ရက်က ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင်သို့ ခရီးစတင်ထွက်ခွာသွားကြသည်။

(အောင်သူရ)

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်၊မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့် ဟင်းချက်ပြုတ်ခြင်းမပြုရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူးသတိပြုသုံးစွဲရန်။

▲ ရှေ့ဖုံးမှ

ထို့နောက် ဒုတိယဝန်ကြီး၊ ဌာနအကြီးအကဲများနှင့် ဝန်ထမ်းများက အသက်(၇၅)နှစ်အထက် အဘိုး ၁၈ ဦးနှင့် အဘွား ၂၁ ဦး တို့အား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၉၅၀၀၀၀ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွတ်ဖတ်သရဇ္ဈာယ်

နေပြည်တော် ကောင်စီနယ်မြေအတွင်း ရဟတ်ယာဉ်ဖြင့်လှည့်လည်၍ ဆရာတော် သံဃာတော်များက နှစ်သစ်ဦး မင်္ဂလာအန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြစဉ်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

သံတမန်အဖွဲ့ဝင်များ မိုင်းလားဒေသကြည့်ရှုလေ့လာ

နေပြည်တော် ဧပြီ ၁၇

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဦးဆောင်သည့် နိုင်ငံ ၁၂ နိုင်ငံမှ သံတမန်အဖွဲ့ဝင်များနှင့် မိသားစုများ၊ UNHCR, UNRC,ICRC တို့မှ တာဝန်ရှိသူများသည် ဧပြီ ၁၆ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းလားမြို့ အထူးဒေသ(၄) အုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ မိုင်းလားအထူးဒေသ(၄) ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်ရေးဥက္ကဋ္ဌ ဦးစိုင်းလင်းဦးဆောင်သော ငြိမ်းချမ်းရေးနှင့်စည်းလုံးရေးကော်မတီ အဖွဲ့ဝင်များနှင့်တွေ့ဆုံကြရာ ကော်မတီဥက္ကဋ္ဌက မိုင်းလားဒေသအခြေအနေ၊ ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များ၊ ဘိန်းအစားထိုးစိုက်ပျိုးရေးဆောင်ရွက်ချက်များ၊ ရည်မှန်းချက်များနှင့် ပံ့ပိုးရန်လိုအပ်ချက်များအား ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် သံတမန်အဖွဲ့ဝင်များသည် မိုင်းလားမြို့၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ တရုတ်နိုင်ငံနယ်စပ်ဂိတ်နှင့် နယ်နိမိတ်ကျောက်တိုင်အမှတ် ၂၁၈(၁)၊ မိုင်းလားမြို့ ရွှေတိဂုံပုံတူစေတီတော်ကုန်းမြေမှ ပတ်ဝန်းကျင်ရှုခင်းများနှင့် မိုင်းလားမြို့ မူးယစ်ပြတိုက်တို့သို့ လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် တာချီလိတ်မြို့ မြန်မာ-ထိုင်း နယ်စပ်ချစ်ကြည်ရေးတံတားနှင့် တာလော့ဈေးတို့သို့ သွားရောက်ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲကျင်းပ

ကော့သောင်း ဧပြီ ၁၇

ကော့သောင်းမြို့ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲ အခမ်းအနားကို ကော့သောင်းမြို့ မြို့မဗောတံတား၌ ဧပြီ ၁၇ ရက် နံနက် ၈ နာရီကကျင်းပရာ အခမ်းအနားသို့ ကော့သောင်းမြို့ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး သက်ထွန်းဦးနှင့်ဇနီး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စွာထွန်းနှင့်ဇနီး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ရေငန်ငါးများ၊ ပုစွန်နှင့် ကဏန်းများကို ဇီဝိတဒါနအဖြစ် ကုသိုလ်ယူ ပင်လယ်အတွင်းသို့ ဘေးမဲ့လွှတ်ချပေးကြသည်။

ဆက်လက်၍ နံနက် ၉ နာရီတွင် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ကုသိုလ်ဒါနအဖြစ် သက်ကြီးဘိုးဘွားများပူဇော်ကန်တော့ပွဲကို ပြည်တော်အေးသာသနာ့ဗိမာန်တော်တွင် ကျင်းပရာ တက်ရောက်လာသူများက သက်ကြီးဘိုးဘွားများအား လှူဖွယ်ပစ္စည်းများ ပေးအပ်ကြပြီး လက်အုပ်ချီမိုးကာ ကန်တော့ကြသည်။

ကော့သောင်း(ပြန်/ဆက်)

❒ ကျောဖုံးမှ

ကြီးမှူးပြီး သက်ကြီးဘိုးဘွားများအားကန်တော့ခြင်း၊ ကောင်းမှု ကုသိုလ်များပြုလုပ်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။ထိုသို့ သက်ကြီးဘိုးဘွားများအား ကောင်းမှုကုသိုလ်များပြုလုပ်ရာတွင် ဘိုးဘွားပေါင်း ၁၆၅ ဦးတို့အား လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်းနှင့် အမွှေးနံ့သာများဆွတ်ဖျန်းခြင်းတို့ကို ဆောင်ရွက်ကြသည်။ ထို့နောက် သင်္ကြန်ထမင်း ဧည့်ခံကျွေးမွေးခြင်းဖြင့် စတုဒိသာကို လှူဒါန်းခဲ့ကြသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးနှင့် ရပ်ကွက်များ၊ ဘုန်းတော်ကြီးကျောင်းများတွင်လည်း ဥပုသ်သီတင်းသီလဆောက်တည်ကြသူ ဘိုးဘွားများအား ခြေသည်းလက်သည်း ညှပ်ခြင်းနှင့် ခေါင်းလျှော်ပေးခြင်း စသည့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ခဲ့ကြသည်။

(မြန်မာ့အလင်း)

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန နှစ်သစ်ကူးအန္တရာယ်ကင်းပရိတ်ရွတ်

နေပြည်တော် ဧပြီ ၁၇

နှစ်ဟောင်းမှ အညစ်အကြေးများကို အတာရေဖြင့် ဆေးကြောပြီး နှစ်သစ်သို့ရောက်ရှိသည့် မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ်ကူးမင်္ဂလာအန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပွဲကို ယနေ့ညနေ ၃ နာရီတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ပျဉ်းမနားမြို့နယ် ပါဠိတက္ကသိုလ် မင်္ဂလာဇေယျံပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသော ဆရာတော် သံဃာတော်များထံမှပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးခင်မောင်အေး၊ ဝန်ထမ်းမိသားစုများက ငါးပါးသီလခံယူဆောက်တည်ကြပြီး အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြကာ ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန နှစ်သစ်မင်္ဂလာပရိတ်တရားတော်နာ

နေပြည်တော် ဧပြီ ၁၇

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ နှစ်သစ်မင်္ဂလာပရိတ်တရားတော်နာအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးရုံးစုဝေးခန်းမ၌ ကျင်းပရာ ပျဉ်းမနားမြို့နယ် သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သံလမ်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏဝံသထံမှ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးချန်မောင်နှင့်ဇနီး၊ ဧည့်ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ပြီး ပရိတ်တရားတော်များ နာယူကြကာ ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြပြီး ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်း

ပင်တဂွန်အကြီးအကဲ ဟာဂဲ အစ္စရေးသို့ ပထမဆုံးသွားရောက်မည်

ဝါရှင်တန် မေ ၁၇

အမေရိကန်ကာကွယ်ရေးဝန်ကြီး ချတ်ဟာဂဲက ၎င်းအနေဖြင့် ဖေဖော်ဝါရီလက ရာထူးရခဲ့ပြီးနောက် မကြာမီရက်များအတွင်း အစ္စရေးသို့ ပထမဆုံးအကြိမ် သွားရောက်မည်ဖြစ်ကြောင်း မေ ၁၆ ရက်က ပြောကြားလိုက်သည်။

မိမိအနေဖြင့် မကြာမီရက်ပိုင်းအတွင်း အစ္စရေးသို့ သွားရောက်မည်ဖြစ်ကြောင်း ဟာဂဲက အမေရိကန် အောက်လွှတ်တော် ကာကွယ်ရေးကော်မတီအစည်းအဝေးတွင် ပြောကြားလိုက်သည်။

ဟာဂဲ၏ အစ္စရေးသို့ သွားရောက်မည့် ပထမဆုံးခရီးစဉ်သည် အီရန်နျူကလီးယားအကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရေးသည် ထိပ်တန်းဦးစားပေး ဖြစ်လိမ့်မည်ဖြစ်ကြောင်း ပင်တဂွန်က မျှော်လင့်ထားသည်။

မစ္စတာဟာဂဲ၏ အစ္စရေးခရီးစဉ်သည် အစ္စရေးနိုင်ငံအား အီရန်နိုင်ငံမှ ပစ်ခတ်လာမည့် ဒုံးပျံများ ကာကွယ်ရေးဒုံးခွင်းဒုံးများ ဖြန့်ကြက်ရန်အတွက်လည်း တစ်စိတ်တစ်ဒေသဖြစ်နိုင်သည်ဟု ဆိုသည်။

အီရန်နျူကလီးယားရပ်တန့်ရေး အစ္စရေးက တစ်ဖက်သတ်တိုက်ခိုက်လာလျှင် အမေရိကန်က အကူအညီပေးရေး မပေးရေးကိစ္စကို သမ္မတအိုဘားမားက မူဝါဒတစ်ရပ် ချမှတ်ဆောင်ရွက်လိမ့်မည်ဖြစ်ကြောင်းလည်း ဟာဂဲက ပြောကြားသည်။ **(ဆင်ဟွာ)**

အီရန်ယူရေနီယံသန့်စင်ထုတ်လုပ်မှု ၅၀ ရာခိုင်နှုန်းအထိ သန့်စင်ထုတ်လုပ်မည်

တီဟီရန် မေ ၁၇

အီရန်နိုင်ငံအနေဖြင့် နျူကလီးယားစွမ်းအင်လိုအပ်ချက်အရ ယူရေနီယံကို ၅၀ ရာခိုင်နှုန်းအထိ သန့်စင်နိုင်လိမ့်မည်ဖြစ်ကြောင်း အီရန်အဏုမြူစွမ်းအင်အကြီးအကဲက မေ ၁၆ ရက်တွင် ပြောကြားခဲ့ကြောင်း အစိုးရအာဘော်တစ်ပိုင်း ဖားစ်သတင်းအေဂျင်စီက သတင်းဖော်ပြသည်။

လောလောဆယ်တွင် မိမိတို့အနေဖြင့် ယူရေနီယံကို ၂၀ ရာခိုင်နှုန်းအထက်သန့်စင်သွားရန် အစီအစဉ်မရှိသေးကြောင်း၊ သို့သော်လည်း သင်္ဘောများနှင့် ရေငုပ်သင်္ဘောများ စွမ်းအင်လိုအပ်ချက် မြင့်တက်လာလျှင် ယူရေနီယံကို ၄၅ ရာခိုင်နှုန်းမှ ၅၆ ရာခိုင်နှုန်းအထိ သန့်စင်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ဖာဗီဒွန်းအဘာစီက ပြောကြားလိုက်သည်။

အနောက်နိုင်ငံများက အီရန်နိုင်ငံ၏ ယူရေနီယံသန့်စင်ထုတ်လုပ်မှုကို ရပ်ဆိုင်းရန်ဆော်ဩလျက်ရှိသည်။ သို့သော်လည်း လွန်ခဲ့သောသီတင်းပတ်က အီရန်နိုင်ငံ၌ အမျိုးသားနျူကလီးယား နည်းပညာနေ့အထိမ်းအမှတ်အဖြစ် နျူကလီးယားနှင့် ဆက်စပ်အဆောက်အအုံများဖွင့်လှစ်ခဲ့သည်။ **(ဆင်ဟွာ)**

ဘော့စ်တွန်မြို့၌ ဗုံးပေါက်ကွဲပြီးနောက် သက်သေခံပစ္စည်းအချို့ရရှိ

ဘော့စ်တွန် မေ ၁၇

ဘော့စ်တွန်မြို့တွင် ဧပြီ ၁၅ ရက်ကဖြစ်ပွားခဲ့သော ဗုံးနှစ်လုံးဆင့်ပေါက်ကွဲမှုကို အက်ဖ်ဘီအိုင်ထောက်လှမ်းရေးတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိရာ ဖောက်ခွဲရာတွင် အသုံးပြုသည်ဟု ယူဆရသော သက်သေခံပစ္စည်းအချို့တွေ့ရှိရကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ရေးသားဖော်ပြထားသည်။

အဆိုပါ သက်သေခံပစ္စည်းများတွင် ဗုံးချည်နှောင်ရာ၌ အသုံးပြုနိုင်ဖွယ်ရှိသော အနက်ရောင်ကျောပိုးအိတ်မှ နိုင်လွန်စများ၊ ပေါင်းအိုးအသုံးပြုသည်ဟု ဖော်ပြနိုင်သော ပစ္စည်းအချို့ပါဝင်သည်ဟု သတင်းတွင် ဖော်ပြသည်။

ယင်းမာရသွန်ပြိုင်ပွဲ ဗုံးနှစ်လုံးဆင့်ပေါက်ကွဲမှု၌ ရှစ်နှစ်အရွယ် ကလေးတစ်ဦးအပါအဝင် သုံးဦးသေဆုံးပြီး ဒဏ်ရာရရှိသူ ဦးရေ ၁၇၀ ကျော်ထိပင်ရှိသည်ဟု သိရသည်။

သမ္မတအိုဘားမားသည် မေ ၁၈ ရက်တွင် ကန်ဆက်ပြည်နယ်သို့ သွားရောက်ရန်ရှိသည့် ခရီးစဉ်ကို ဖျက်သိမ်းကာ ဘော့စ်တွန်မြို့သို့ ကိုယ်တိုင်သွားရောက်မည်ဟု သိရသည်။ အဆိုပါဗုံးဖောက်ခွဲမှုအား သူရဲဘောကြောင်သောလုပ်ရပ်အဖြစ် သမ္မတအိုးဘားမားက ပြစ်တင်ရှုတ်ချခဲ့သည်။ **(ဘီဘီစီ)**

ဘော့စ်တွန်မြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် သက်သေခံပစ္စည်းအချို့ကို တွေ့ရစဉ်။

ပါကစ္စတန်၌ အင်အားပြင်းငလျင်လှုပ်၊ ၄၀ ကျော်သေဆုံး

အစ္စလာမ္မာဘတ် မေ ၁၇

ပါကစ္စတန်နိုင်ငံအနောက်တောင်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် မေ ၁၆ ရက်က ရစ်ချ်တာစကေး ၇ ဒသမ ၈အဆင့်ရှိ အင်အားပြင်း ငလျင်လှုပ်မှုကြောင့် လူပေါင်း ၄၀ ထက်မနည်းသေဆုံးပြီး ၁၈၀ ကျော်ဒဏ်ရာရရှိကာ နေအိမ်ရာပေါင်းများစွာပြိုကျခဲ့ကြောင်း ဒေသဆိုင်ရာအရာရှိများ၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ ငလျင်သည် ယင်းနေ့ ဒေသစံတော်ချိန် ၁၅ နာရီ ၄၄ မိနစ်က ပါကစ္စတန်နယ်စပ်အနီး ခါ့ချ်ဒေသနှင့် အီရန်အရှေ့တောင်ပိုင်း တောင်ထူထပ်သောဒေသ၌ မြေအောက် ၇၆ ကီလိုမီတာအနက်ကို ဗဟိုပြုလှုပ်ခတ်သွားခြင်းဖြစ်ကြောင်း ပါကစ္စတန်မိုးလေဝသဌာနမှ ညွှန်ကြားရေးမှူးချုပ် အရပ်ဖ်မာမွတ်က ပြောကြားခဲ့သည်။

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ်ရှိ မတ်ရှ်အီကျေးရွာသည် အဆိုပါငလျင်ဒဏ်ကို အဆိုးရွားဆုံးခံရပြီး ၃၄ ဦး ထက်မနည်း သေဆုံးကာ ၁၅၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဒဏ်ရာရသူများအား နီးစပ်ရာဆေးရုံသို့ ပြောင်းရွှေ့ပို့ဆောင်ထားပြီး အချို့မှာ စိုးရိမ်ရသည့် အခြေအနေတွင်ရှိနေသည်ဟု ဆိုသည်။ ငလျင်ကြောင့် ယင်းကျေးရွာတွင် နေအိမ် ၁၀၀၀ ကျော်နှင့် အနီးဝန်းကျင်ဒေသများတွင် ၃၅၀၀၀ ကျော်ပြိုကျခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများ၏ ပြောကြားချက်အရ သိရသည်။ **(ဆင်ဟွာ)**

တာလီဘန်တို့ တိုက်ခိုက်မှုကြောင့် ရဲအရာရှိ ငါးဦးသေဆုံး

ကဘူးလ် မေ ၁၇

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့အလယ်ပိုင်း ဝါဒက်ပြည်နယ်တွင် ကုန်တင်ယာဉ်တန်းတစ်ခုကို တာလီဘန်စစ်သွေးကြွများ တိုက်ခိုက်မှုကြောင့် အာဖဂန်ရဲအရာရှိငါးဦး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာအရာရှိများ၏ ပြောကြားချက်အရ သိရသည်။

ပြောကြား

အဆိုပါတိုက်ခိုက်မှုသည် ဝါဒက်ပြည်နယ် ဆာယက်အာဘက် ခရိုင်အတွင်း၌ မေ ၁၆ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းတိုက်ခိုက်မှုကြောင့် အာဖဂန်ရဲအရာရှိ ငါးဦးသေဆုံးပြီး နောက်ထပ်ရဲအရာရှိတစ်ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဝါဒက်ပြည်နယ်အုပ်ချုပ်ရေးမှူး အက်တောလပ်ခိုဂျန်နီက ပြောကြားခဲ့သည်။

အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အဆိုပါကုန်တင်ယာဉ်တန်းစုကို လိုက်ပါစောင့်ကြပ်နေ ခြင်းဖြစ်ကြောင်း၊ ထိုသို့တိုက်ခိုက်ပြီးနောက် တာလီဘန်စစ်သွေးကြွများ ထွက်ပြေးသွားခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများ၏ ထုတ်ပြန်ချက်အရ သိရသည်။

ဆက်လက်ဖြစ်ပွား

အာဖဂန်နစ္စတန်နိုင်ငံအတွင်း လောလောဆယ်တွင် အမေရိကန်တပ်ဖွဲ့ဝင် ၆၆၀၀၀ အပါအဝင် ပြည်ပတပ်ဖွဲ့ဝင်ပေါင်း ၁၀၀၀၀၀ ခန့် ဖြန့်ကြက်ချထားသော်လည်း အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ **(ပရက်စ်တီဗွီ)**

တင်မောင်လွင်-စုစည်းသည်

သမ္မတ ဟူဂိုချာဗက်ဇ် နောက်ဝယ်

မောင်မဟာ

ဗင်နီလားဇွဲလားနိုင်ငံသမ္မတရွေးချယ်ပွဲကို ဧပြီ ၁၅ရက်ကကျင်းပတဲ့အခါ နီကိုလက်စ်မာဒူရိုက အနိုင်ရရှိသွားတာမို့ အသက် ၅၀ အရွယ်ရှိတဲ့မာဒူရိုဟာ ကွယ်လွန်သွားတဲ့ ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်နောက်မှာ သမ္မတအဖြစ်တာဝန်ယူဆောင်ရွက်ရတော့မှာ ဖြစ်ပါတယ်။

မာဒူရိုဟာ သမ္မတဟူဂိုချာဗက်ဇ် လက်ထက်မှာ ဒုတိယသမ္မတအနေနဲ့ရော နိုင်ငံခြားရေးဝန်ကြီးအနေနဲ့ပါ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်လို့ အတွေ့အကြုံရှိသူ တစ်ဦးဖြစ်ပြီး ဗင်နီဇွဲလားနိုင်ငံကို မှန်ကန်တည့်မတ်စွာနဲ့ ဦးဆောင်နိုင်မယ့်သူဖြစ်မယ်လို့ ဗင်နီဇွဲလားနိုင်ငံရေးအကဲခတ်သူတွေက သုံးသပ်နေကြပါတယ်။

မာဒူရိုဟာ ပြိုင်ဘက် ကာပရီလက်စ်ထက် မဲပွတ်ကာသီကာအနိုင်ရခဲ့တာဖြစ်ပြီး မာဒူရိုက ၅၀ ဒသမ ၇ရာခိုင်နှုန်းနဲ့ ကာပရီလက်စ်က ၄၉ ဒသမ ၁ ရာခိုင်နှုန်းရရှိခဲ့တာ ဖြစ်ပါတယ်။ ဗင်နီဇွဲလားနိုင်ငံရဲ့ အမျိုးသားရွေးကောက်ပွဲကောင်စီက မာဒူရိုသမ္မတအဖြစ်ရွေးချယ်ခံရကြောင်း တရားဝင် ထုတ်ဖော်ကြေညာပြီးတဲ့နောက်မှာ နိုင်ငံအတွင်း မြို့အချို့နဲ့ မြို့တော်ကာရာကတ်မှာ ဆန္ဒပြမှုတွေ ဖြစ်ပေါ်ခဲ့ပေမယ့် ရဲတပ်ဖွဲ့ဝင်တွေက ထိန်းသိမ်းနိုင်ခဲ့ကြပါတယ်။

ဆန္ဒမဲတွေပြန်လည်ရေတွက်ဖို့ ကာပရီလက်စ်ကတောင်းဆိုခဲ့ပြီး တရားမဝင်လုပ်ဆောင်မှုတွေ ရှိခဲ့တယ်လို့ ဆိုပေမယ့် အမျိုးသားရွေးကောက်ပွဲ ကောင်စီက အပြီးသတ်ဆုံးဖြတ်ချက်ချပြီး တရားဝင်ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ပါတယ်။ ကာပရီလက်စ်ဟာ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်အောက်တိုဘာလက ကျင်းပခဲ့တဲ့ သမ္မတရွေးချယ်ပွဲမှာ ဟူဂိုချာဗက်ဇ်ကို ရှုံးနိမ့်ခဲ့သူဖြစ်ပြီး အခုထပ်မံရှုံးနိမ့် ခြင်းပဲဖြစ်ပါတယ်။

မာဒူရိုသမ္မတအဖြစ် ရွေးချယ်ခံရခြင်းကို ရုရှားသမ္မတ ဗလာဒီမာပူတင်နဲ့ ကျူးဘားသမ္မတရာအူးလ်ကက်စထရိုတို့က ဦးဦးဖျားဖျားဂုဏ်ပြုစကားတွေ ပြော ကြားခဲ့ကြပါတယ်။ ဒ့ါအပြင် ကွယ်လွန်သွားတဲ့ သမ္မတ ဟူဂိုချာဗက်ဇ်က လည်း မာဒူရိုဟာ ငယ်ရွယ်ပေမယ့် အရည်အချင်းရှိသူတစ်ဦးဖြစ်ကြောင်း သူမသေခင်က ထုတ်ဖော်ချီးကျူးခဲ့တယ်လို့ ဆိုပါတယ်။

ဗင်နီဇွဲလားသမ္မတအဖြစ် ရွေးချယ်ခံရပြီးနောက် မာဒူရိုက "နိုင်ငံအကျိုးစီးပွားတိုးတက်ဖြစ်ထွန်းအောင် အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်သွားမယ်" လို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေရှိနေပေမယ့် မိမိတို့မလျှော့တဲ့ ဇွဲလုံ့လတွေနဲ့အတူ အောင်မြင်မှုတွေရရှိအောင်လည်း ကြိုးစားသွားမယ်လို့ ဆိုပါတယ်။ အသက် ၅၀ အရွယ်သာရှိသေးတဲ့ မာဒူရိုဟာ ဘတ်စကားယာဉ်မောင်းတစ်ဦးအဖြစ် လုပ်ကိုင်ခဲ့ဖူးသူဖြစ်ပြီး ၂၀၀၆ ခုနှစ်က နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သူဖြစ်ရာ ပြီးခဲ့သည့်နှစ်အောက်တိုဘာလက သမ္မတဟူဂိုချာဗက်ဇ်သမ္မတအဖြစ် ထပ်မံရွေးချယ်ခဲ့ရပြီးနောက် ဒုတိယသမ္မတ ဖြစ်လာသူဖြစ်ပါတယ်။

ခြောက်နှစ်သက်တမ်း သမ္မတအဖြစ် တာဝန်ထမ်းဆောင်မယ့် မာဒူရိုဟာ ဗင်နီဇွဲလားနိုင်ငံ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခက်အခဲတွေနဲ့ ရင်ဆိုင်ရမှာဖြစ်သလို နိုင်ငံတကာအသိုင်းအဝိုင်းမှာ ကျယ်ကျယ်ပြန့်ပြန့်ဝင်ဆံ့နိုင်ဖို့အတွက် ဆက်လက်ကြိုးစားရမှာဖြစ်တယ်လို့ နိုင်ငံတကာအကဲခတ်သူတွေက သုံးသပ်နေကြပါတယ်။ ။

နိုင်ငံတကာသတင်း

နျူထိပ်ဖူးသယ်နိုင်သောဒုံးပျံ မြောက်ကိုရီးယားတွင်မရှိ

မြောက်ကိုရီးယားနိုင်ငံတွင် နျူကလီးယားထိပ်ဖူးသယ်ဆောင်နိုင်သော တိုက်ချင်းပစ်ဒုံးပျံမရှိကြောင်း အမေရိကန်သမ္မတဘားရက်အိုဘားမားက ဧပြီ ၁၆ ရက်တွင် ပြောကြားလိုက်သည်။ ပြုံယမ်းအနေဖြင့် နျူကလီးယားထိပ်ဖူးသယ်ဆောင်နိုင်သော ဒုံးပျံရှိပါ့မလားဆိုသည့် အင်န်ဘီစီရုပ်မြင်သံကြား၏မေးခွန်းအပေါ် အိုဘားမားက အထက်ပါအတိုင်း တုံ့ပြန်ဖြေကြားခဲ့ခြင်းဖြစ်သည်။ မိမိတို့ရရှိထားသောထောက်လှမ်းရေးအချက်အလက်များအရ မြောက်ကိုရီးယားတွင် နျူကလီးယားထိပ်ဖူးသယ်ဆောင်နိုင်သော ဒုံးပျံမရှိသေးကြောင်း အိုဘားမားက ပြောကြားသည်။ ပြုံယမ်းအနေဖြင့် လာမည့်သီတင်းပတ်များအတွင်း ပိုမိုရန်စမှုများပြုလုပ်လာနိုင်ကြောင်း အိုဘားမားက သတိပေးထားသည်။ သို့သော်လည်း သံတမန်နည်းလမ်းအရ အခြားအဆင့်သို့ ရောက်ရှိအောင် ကြိုးစားသွားနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်းဖြင့်လည်း ၎င်းက ပြောကြားသည်။

ဗင်နီဇွဲလားရွေးကောက်ပွဲ ဆန္ဒပြအကြမ်းဖက်

ဗင်နီဇွဲလားနိုင်ငံတွင် ဧပြီ ၁၄ ရက်က သမ္မတရွေးကောက်ပွဲအပြီး ဆန္ဒပြအကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ရာ ဧပြီ ၁၆ ရက်အထိ သေဆုံးသူ ခုနစ်ဦးနှင့် ဒဏ်ရာရသူ ၆၁ ဦးရှိသွားပြီဖြစ်ကြောင်း ဗင်နီဇွဲလားရှေ့နေချုပ် လူဆာအော့တေးဂါးက ဧပြီ ၁၆ ရက်တွင် ပြောကြားသည်။ ယာယီသမ္မတ နီကိုလတ်မာဒူရို ရွေးကောက်ပွဲတွင် အနိုင်ရရှိကြောင်း ကြေညာပြီးနောက် မြို့တော်ကာရာကာ့စ်နှင့် အခြားမြို့ကြီးများတွင် ဆန္ဒပြမှုများဖြစ်ပွားခဲ့သည်။ မာဒူရိုသည် ရွေးကောက်ပွဲတွင် မဲပွတ်ကာသီကာဖြင့် အနိုင်ရသွားသည်ဟု ဆိုသည်။ သို့သော် အတိုက်အခံက ယင်းရလဒ်အပေါ် မကျေနပ်၍ မဲပြန်ရေတွက်ပေးရန် တောင်းဆိုခဲ့ရာမှ ဆန္ဒပြမှုများဖြစ်ပွားခဲ့သည်။

တရုတ်ကြက်ငှက်တုပ်ကွေးဖြစ်သူ ၇၇ ဦးအထိတိုးလာ

တရုတ်နိုင်ငံ၌ H7N9 ကြက် ငှက်တုပ်ကွေးရောဂါဖြစ်ပွားလျက်ရှိရာ ဧပြီ ၁၆ရက် ညပိုင်းအထိ ဖြစ်ပွားသူ ၇၇ ဦးရှိပြီး သေဆုံးသူ ၁၆ ဦးအထိ ရှိသွားပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။ ယင်းတို့တွင် ရှန်ဟိုင်း၌ ဖြစ်ပွားသူ ၃၀ ရှိပြီး ၁၁ ဦးသေဆုံးခဲ့ကြောင်း၊ ကျင်စုပြည်နယ်၌ လူ ၂၀ ဖြစ်ပွားခဲ့ရာ နှစ်ဦးသေဆုံးခဲ့ကြောင်း၊ ရှင်ကျင့်ပြည်နယ်၌ ၂၁ ဦးဖြစ်ပွားရာ နှစ်ဦး သေဆုံးခဲ့ကြောင်း၊ အန်ဟွေးပြည်နယ်၌ သုံးဦးဖြစ်ပွားရာ တစ်ဦးသေဆုံးခဲ့ကြောင်း၊ ပေကျင်း၌တစ်ဦး၊ ဟိုင်နန်၌ နှစ်ဦးဖြစ်ပွားခဲ့ကြောင်း တရုတ်အမျိုးသား ကျန်းမာရေးနှင့် မိသားစု စီမံကိန်းကော်မရှင်က ပြောသည်။

မြင့်မောင်စိုး-စုစည်းသည်

သွေးတိုးကျစေနိုင်စွမ်းရှိသည့် အနီရောင်မုန်လာဥ

အနီရောင်မုန်လာဥဖျော်ရည်တစ်ခွက်သောက်သုံးခြင်းက သွေးတိုးကျစေနိုင်သည်ဟု သုတေသီများက ပြောကြားကြောင်း ဧပြီ ၁၆ ရက်က ဘီဘီစီသတင်းတစ်ပုဒ်တွင် ရေးသားဖော်ပြထားသည်။

အနီရောင်မုန်လာဥဖျော်ရည် ၂၅၀ မီလီ လီတာ သောက်သုံးပေးပါက သွေးတိုးမှုကို တားဆီးပေးရုံသာမက ပုံမှန်သွေးလည်ပတ်မှုအခြေအနေကို ထိန်းထားပေးနိုင်သည်ဟု ဆိုသည်။ ဖျော်ရည်သောက်အပြီး ၃ နာရီမှ ၆နာရီခန့်အကြာမှ နောက်တစ်ရက်အထိပင် ယင်းအကျိုးရလဒ်ကို သိသိသာသာ ရရှိနိုင်မည်ဖြစ်သည်။

သိပ္ပံပညာရှင်များအဆိုအရမူ အနီရောင်မုန်လာဥထဲတွင် သွေးလည်ပတ်မှု ကောင်းမွန်စေနိုင်သော နိုက်ထရိတ်ဓာတ်ပါဝင်သည်ဟု ဆိုထားသည်။

နိုက်ထရိတ်ဓာတ်သည် မြေဆီလွှာတွင်သာတွေ့ရများတတ်ပြီး အမြစ်မှတစ်ဆင့် အရွက်များဆီသို့ စုပ်ယူခံရကာ အပင်ကြီးထွားမှုအတွက် အကူအညီပေးနိုင်စွမ်းရှိသည်။နှလုံးရောဂါဝေဒနာရှင်များသည် ရင်တရက်စူးအောင့်လာခြင်း ဝေဒနာခံစားရပါက နိုက်ထရိတ်ပါသော ဆေးဝါးကို အသုံးပြုကြသည်။

သို့သော် အနီရောင်မုန်လာဥ၏ သွေးတိုးကျစေနိုင်စွမ်း ဂုဏ်သတ္တိကို နှစ်များစွာကြာအောင် သုတေသနပြုလေ့လာနေသောလန်ဒန်ဆေးကျောင်းနှင့် ဘာ့သ်ဟဲလ်အန်အိတ်ချ်အက်စ်မှ သုတေသီများကမူ ဆက်လက်သုတေသနပြုရန် လိုအပ်နေပါသေးသည်ဟု ဆိုသည်။ ယင်းမုန်လာဥသည် ဆီးအားပန်းရောင်အဖြစ်သို့ ပြောင်းသွားစေနိုင်သလို မုန်လာဥဖျော်ရည်သောက်ခြင်းက အခြားသော မမျှော်လင့်သည့် အကျိုးဆက်များ ဖြစ်ကောင်းဖြစ်ပေါ်စေနိုင်ပါသည်ဟု ၎င်းတို့က ထပ်မံပြောကြားထားသည်။

"နိုက်ထရိတ်ဓာတ်ပြည့်ဝနေတဲ့ အစာတွေ ဥပမာအစိမ်းရောင်အသီးအရွက်တွေနဲ့ မုန်လာဥနီ အဲဒါတွေကို များများစားပေးခြင်းဖြင့် ဦးနှောက်နဲ့ဆိုင်တဲ့ ကျန်းမာရေးအတွက် အထောက်အကူပြုနိုင်ဖို့ ကျွန်တော်တို့ မျှော်လင့်ထားပါတယ်။ လတ်တလောအနေနဲ့ ဒီတွေ့ရှိချက်က ကျွန်တော်တို့ကို အစိမ်းရောင်ရှိတဲ့ အသီးအနှံအားလုံး စားပေးသင့်တယ်ဆိုတာကို ညွှန်ပြပေးနေတာ ဖြစ်ပါတယ်"ဟု သုတေသနပြုလုပ်ငန်းအား ထောက်ပံ့ကူညီပေးသော ဗြိတိန်ကျန်းမာရေး ဖောင်ဒေးရှင်းမှ ပါမောက္ခပီတာဝတ်စ်ဘတ်က ပြောကြားခဲ့သည်။ "နိုက်ထရိတ်ဓာတ်ပြည့်ဝတဲ့ အသီးအနှံစားပေးခြင်းက သွေးတိုးကျစေတယ်ဆိုပေမယ့် ရေရှည်အတွက် သင့်တော်ပါ့မလားဆိုတာ သု တေသနပြုဖို့ လိုပါသေးတယ်" ဟု ဖြည့် စွက် ပြောကြားခဲ့သည်။

မြတ်မွန်ထွေး
ရေးသားသည်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

လွတ်လပ်စွာယုံကြည်ခံယူ အေးချမ်းစွာကိုးကွယ် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေ

ရှေးရှေးကမ္ဘာ့ခေတ်ဦးပိုင်း(ဝါ) လူ့ယဉ်ကျေးမှုသမိုင်းဦးကာလမှာပင် လူတို့သည် ၎င်းတို့အသိဉာဏ်(ဦးနှောက်)၊ ခံစားမှု၊ နှစ်သက်မှု၊ ကြည်ညိုမှု၊ လေးစားမှု၊ ကြောက်ရွံ့မှုတို့ကို အခြေခံပြီး အားကိုးရှာရင်း နေကိုဦးညွှတ်၊ လကိုပူဇော်၊ ဧရာမကျောက်ဆောင်ကျောက်တုံး၊ သစ်ပင်၊ မြစ်၊ ပင်လယ် စသည်တို့ကို အလေးအမြတ်ပြုခဲ့ကြသည်။ လူတို့သည်ကိုးကွယ်မှုကို ယင်းသို့ သဘာဝကိုးကွယ်မှုဖြင့် စတင်ခဲ့ကြသည်။

လူတို့၏ အသိဉာဏ်ပိုမိုတိုးတက်လာကြသောအခါ လမ်းကောင်းလမ်းမှန်ကို ညွှန်ပြဟောပြောသူပုဂ္ဂိုလ်ထူးများ၊ တွေးခေါ်လမ်းပြသူ ပုဂ္ဂိုလ်ထူးများ စသည့်ပုဂ္ဂိုလ်များ ပေါ်ပေါက်လာသောအခါ ယင်းတို့ ဟောပြောသွန်သင်ညွှန်ပြသည်ကို လိုက်နာ(ကိုးကွယ်)လာကြသည်။ ထိုပုဂ္ဂိုလ်များက ညွှန်ပြသည့် ကောင်းကင်ဘုံ၊ ထာဝရတည်မြဲ၍ တန်ခိုးတော်ဖြင့် လောကကို အရာရာကိုဖန်ဆင်းသော ဖန်ဆင်းရှင်များကို ယုံကြည်ကိုးကွယ်ပူဇော်ကြသည်။ ဤသို့ဖြင့် ကမ္ဘာတွင် ကိုးကွယ်သူသန်းပေါင်းရာထောင်ချီရှိသည့် ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာ၊ ရှေးပါရှားတို့၏ ဇောရိုးစတားဘာသာ၊ ဂျူးလူမျိုးတို့၏ ဂျူဒဘာသာ၊ ဂျပန်တို့၏ ရှင်တိုဘာသာများ ပေါ်ထွန်းလာခဲ့သည်။

ရှေးဟောင်းအိန္ဒိယနိုင်ငံမဇ္ဈိမဒေသ၌ ဂေါတမဗုဒ္ဓသည် သစ္စာလေးပါးမြတ်တရား ဓမ္မစက္ကပဝတ္တနတရား၊ အနတ္တလက္ခဏာတရားတို့ကို အစွန်းတရားနှစ်ပါးကင်းလွတ်သည့် မဇ္ဈိမပဋိပဒါအလယ်အလတ်ကျင့်စဉ်ဖြင့် ကျင့်ကြံအားထုတ်ကာ ရုပ်နာမ်တို့၏ချုပ်ငြိမ်းရာ၊ ဒုက္ခစုံသံသရာမှ လွတ်မြောက်ရာ နိဗ္ဗာန်လမ်းကို ညွှန်ပြခဲ့သည်။ ဤသို့ဖြင့်ကမ္ဘာတွင် ဟေတုပစ္စယောအကြောင်းကို အရင်းခံပြီး၊ အကျိုးဖြစ်ပေါ်စေသည်ဟုခံယူသော လက်တွေ့ကျသိပ္ပံနည်းကျဗုဒ္ဓဘာသာသာသနာတော်ထွန်းတောက်ခဲ့သည်။

ရေမြေသဘာဝ၊ လူမျိုးစရိုက်လက္ခဏာ သမိုင်းအတွေ့အကြုံအရလည်းကောင်း၊ တရားပြသာသနာပြုကြ၍လည်းကောင်း အထက်ဖော်ပြပါ ဘာသာကြီးများကို ကိုးကွယ်သူသန်းကုဋေချီ၍ရှိလာခဲ့ပါသည်။ လူသားတို့၏ ယုံကြည်သက်ဝင်မှု၊ ရွေးချယ်ကိုးကွယ်မှုတို့သည် အခြေခံလူ့အခွင့်အရေးပင် ဖြစ်ပေသည်။

ဗုဒ္ဓမြတ်စွာ၏ ဗုဒ္ဓသာသနာတော်သည်လည်းကောင်း၊ ခရစ်ယာန်သာသနာတော်သည်လည်းကောင်း၊ ဟိန္ဒူသာသနာတော်သည် လည်းကောင်း၊ အစ္စလာမ်ဘာသာသည်လည်းကောင်း၊ ဇောရိုးစတား ဘာသာသည်လည်းကောင်း၊ ဂျူဒ(ယုဒ)ဘာသာသာသနာတော်သည်လည်းကောင်း၊ ရှင်တိုဘာသာသည်လည်းကောင်း လူသားတို့ကျင့်ကြံရမည့် ကောင်းမွန်သောကိုယ်ကျင့်တရားများ၊ မေတ္တာတရားများကို ဟောမြွက်ညွှန်ပြခဲ့ကြသည်ချည်းဖြစ်ပေသည်။ ထို့ကြောင့် မည်သည့်ဘာသာကိုကိုးကွယ်ကြသည်ဖြစ်စေ မိမိတို့ကိုးကွယ်ရာဘာသာ၏ တရားဓမ္မအဆုံးအမသွန်သင်မှု၊ မကောင်းမှုတို့ကို ရှောင်ရန်၊ ကောင်းမှုတို့ကို ဆောင်ရန်ညွှန်ပြမှုတို့ကို အလေးထားလိုက်နာကြသမျှ ကိုယ် ယုံကြည်ကိုးကွယ်ရာဘာသာ၏ အန္တိမရည်မှန်းချက်ပန်းတိုင်သို့ ဧကန်မုချ ရောက်ကြပေမှ ကမ္ဘာကြီးလည်း ငြိမ်းချမ်းသာယာဝပြောပေမည်။

ကမ္ဘာ့လူသားသမိုင်း(ဝါ)ခေတ်စနစ်တို့၏ ပုံသဏ္ဌာန် လူတို့တည်ဆောက်ခဲ့သော ယဉ်ကျေးမှုအစဉ်အလာ၊ ယုံကြည်မှု၏အသွင်အပြင်တို့ကို ပြန်ကြည့်လျှင် ဘာသာတရားများက လမ်းကောင်းညွှန်ပြခဲ့သည့်ကြားမှ လူတို့၏ လောဘလွန်အတ္တကျုံ၊ မောဟတံခွန်ထူကာ၊ ဒေါသအစွန်ဆူလွန်းလာကြသူများကြောင့် ဘာသာရေး ပဋိပက္ခများ၊ ဘာသာရေးအကြောင်းပြုသော လူမျိုးရေးပဋိပက္ခများ ဖြစ်ပွားရပေသည်။ ဤသည်မှာ ဘာသာတရားတို့၏ ကောင်းမြတ်သောလက္ခဏာ၊ ဘုရားသခင်အသီးသီးတို့၏ တရားဓမ္မအညွှန်အပြအဆုံးအမ၊ ကိုးကွယ်မှု၏အနှစ်သာရကို အလေးမထားကြဘဲ လောကီရေးတွင် လောကုတ္တရာရေးကို ဆွဲသွင်းကာ အသုံးပြုခြင်းပင်ဖြစ်ပေသည်။

ထို့ကြောင့်လည်း လောကီနှင့်လောကုတ္တရာ နိုင်ငံရေး (စစ်ရေး)နှင့် ဘာသာရေးစည်းခြားထားရန် တောင်းဆိုမှုများရှိလာခြင်းဖြစ်ပေသည်။

ထို့ကြောင့် မိမိတို့ကိုးကွယ်သော ဘာသာတရားအလိုက် တရားဓမ္မများ၊ အဆုံးအမ၊ ညွှန်ပြသမျှလိုက်နာကြပြီး တစ်ဦးကိုတစ်ဦး မေတ္တာထားကြရန်၊ မုဒိတာပွားကြရန် လိုအပ်ပေသည်။

မြန်မာနိုင်ငံတွင် ယနေ့ ကမ္ဘာ့အဓိကဘာသာကြီးလေးခုဖြစ်သော ဗုဒ္ဓ

တက္ကသိုလ်မြတ်သူ

ဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာတို့ ရှေးအစဉ်အဆက်ယှဉ်တွဲတည်ရှိခဲ့သည်။ နိုင်ငံလူဦးရေ၏ ကိုးဆယ်ရာခိုင်နှုန်းကိုးကွယ်ကြသည့် ဗုဒ္ဓဘာသာသာသနာကား ဂုဏ်ထူးဝိသေသဖြင့် ပြည့်စုံသောဘာသာအဖြစ် ထွန်းတောက်လျက်ရှိသကဲ့သို့ ဟိန္ဒူ၊ ခရစ်ယာန်၊ အစ္စလာမ်ဘာသာများသည်လည်းကိုးကွယ်သူအများအပြားဖြင့် စည်ပင်လျက်ရှိပေသည်။

မြန်မာနိုင်ငံတွင်ခရစ်ယာန်ဘုရားကျောင်းငါးထောင်ကျော်၊ အစ္စလာမ်ဗလီ ပေါင်းလေးထောင်ကျော်၊ ဟိန္ဒူဘုရားကျောင်း ၁၁၀၀ ကျော်ရှိသည်။ ၁၉၄၇ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ ၁၉၇၄ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ၂၀၀၈ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတို့တွင် လွတ်လပ်စွာယုံကြည်ခွင့်၊ ဘာသာသာသနာ လွတ်လပ်ခွင့်များကို ပြဋ္ဌာန်းအာမခံထားပေသည်။ ရန်ကုန်မြို့တော်အလယ်ဗဟို လွတ်လပ်ရေးကျောက်တိုင်တည်ရှိရာ မဟာဗန္ဓုလပန်းခြံ၊ မြို့တော်ခန်းမအဆောက်အအုံတို့၏ တစ်ဖက်တွင် ဗုဒ္ဓဘာသာဝင်တို့၏ ဆူးလေစေတီတော်၊ ယင်းနှင့်နီးကပ်စွာ တည်ရှိသော အစ္စလာမ်ဗလီ၊ အခြားတစ်ဖက်တွင် ခရစ်ယာန် ဧမာနွေလဘုရားကျောင်း၊ ဟိန္ဒူဘုရားကျောင်းတို့ တစ်ခုနှင့်တစ်ခုနီးကပ်စွာတည်ရှိနေပေသည်။ ဤသို့ ဘာသာကြီး လေးရပ်၏ သာသနိကအဆောက်အအုံများ မြို့တော်အလယ်၌ ဤကဲ့သို့ နီးကပ်စွာတည်ရှိသော မြင်ကွင်းမျိုးကို အခြားမည်သည့်နိုင်ငံ မည်သည့်

ရန်ကုန်မြို့တော်အလယ်ဗဟို လွတ်လပ်ရေးကျောက်တိုင်တည်ရှိရာ မဟာဗန္ဓုလပန်းခြံ၊ မြို့တော်ခန်းမအဆောက်အအုံတို့၏ တစ်ဖက်တွင် ဗုဒ္ဓဘာသာဝင်တို့၏ ဆူးလေစေတီတော်၊ ယင်းနှင့်နီးကပ်စွာတည်ရှိသော အစ္စလာမ်ဗလီ၊ အခြားတစ်ဖက်တွင် ခရစ်ယာန် ဧမာနွေလဘုရားကျောင်း၊ ဟိန္ဒူဘုရားကျောင်းတို့ တစ်ခုနှင့်တစ်ခုနီးကပ်စွာတည်ရှိနေပေသည်။ ဤသို့ဘာသာကြီး လေးရပ်၏ သာသနိကအဆောက်အအုံများ မြို့တော်အလယ်၌ ဤကဲ့သို့ နီးကပ်စွာတည်ရှိသော မြင်ကွင်းမျိုးကို အခြားမည်သည့်နိုင်ငံ မည်သည့်မြို့ရွာများတွင်မျှ မြင်ရမည်မဟုတ်ပေ။

မြို့ရွာများတွင်မျှ မြင်ရမည်မဟုတ်ပေ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အခန်း(၈)နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ ခေါင်းစဉ်အောက်တွင် ဘာသာသာသနာဆိုင်ရာကိုးကွယ်ခွင့်မှု (ပုဒ်မ)များကို ဤသို့ဖော်ပြထားပါသည်-

"ပုဒ်မ၃၆၀။(က) ဘာသာသာသနာရေးဆိုင်ရာ ကိုးကွယ်ဆောက်တည်မှုသည် စီးပွားရေး၊ ဘဏ္ဍာရေး၊ နိုင်ငံရေး၊ အခြားလောကီရေးရာ ဆောင်ရွက်မှုတစ်ခုခုနှင့် ဆက်စပ်နေပါက ပုဒ်မ ၃၄ ပါ ဘာသာသာသနာရေးဆိုင်ရာ လွတ်လပ်ခွင့်များတွင် မပါဝင်စေရ။

(ခ) ထိုသို့ ဘာသာသာသနာရေးနှင့် စပ်လျဉ်း၍ လွတ်လပ်သော အခွင့်အရေးများကို ပေးထားသော်လည်း အများပြည်သူ အကျိုးကိစ္စနှင့် ပြုပြင်ရေးကိစ္စတို့အတွက် နိုင်ငံတော်၏ ဥပဒေပြုခြင်းကို မတားမြစ်ရ။"

"ပုဒ်မ ၃၆၁။ နိုင်ငံတော်သည် ဗုဒ္ဓဘာသာသာသနာတော်ကို နိုင်ငံတော်၏ နိုင်ငံသားအများဆုံးကိုးကွယ်ရာဖြစ်သော ဂုဏ်ထူး ဝိသေသနှင့်ပြည့်စုံသည့် ဘာသာသာသနာဖြစ်သည်ဟု နိုင်ငံတော်က အသိအမှတ်ပြုသည်။"

"ပုဒ်မ ၃၆၂။ နိုင်ငံတော်သည် ခရစ်ယာန်ဘာသာသာသနာ၊ အစ္စလာမ်ဘာသာသာသနာ၊ ဟိန္ဒူဘာသာသာသနာနှင့် နတ်ကိုးကွယ်သော ဘာသာတို့ကို ဤဖွဲ့စည်းပုံ အခြေခံဥပဒေအာဏာတည်သောနေ့၌ နိုင်ငံတော်တွင် ရှိနေကြသော ကိုးကွယ်ရာဘာသာများဟု အသိအမှတ်ပြုသည်။"

"ပုဒ်မ ၃၆၃။ နိုင်ငံတော်သည် အသိအမှတ်ပြုထားသော ဘာသာသာသနာများကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်။"

"ပုဒ်မ ၃၆၄။ နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာသာသနာကို အလွဲသုံးစား မပြုရ။ ထို့ပြင် လူမျိုးရေးကြောင့်သော်လည်းကောင်း၊ ဘာသာရေးကြောင့်သော်လည်းကောင်း တစ်ဖက်နှင့်တစ်ဖက် တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်းမုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်း တစ်မျိုးမျိုးပေါ်ပေါက်လာစေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန်အကြောင်းရှိသော အပြုအမူသည် ဤ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည်။ ထိုအပြုအမူမျိုးအတွက် ပြစ်ဒဏ်ပေးနိုင်ရန် ဥပဒေပြဋ္ဌာန်းနိုင်သည်။

နိုင်ငံသားတို့၏ လွတ်လပ်ခွင့်များ မူလအခွင့်အရေးများ ကျင့်သုံးရာ၌ ဥပဒေနှင့်အညီ ကျင့်သုံးကြရန်လည်း ပုဒ်မ ၃၅၄တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းပါရှိပေသည်။

"ပုဒ်မ ၃၅၄။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာသုံးစွဲဆောင်ရွက်ခွင့်ရှိသည်-

(က) မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်။
(ခ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်း လှည့်လည်ခွင့်။
(ဂ) အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်။
(ဃ) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာသာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့် စကားစာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာသာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်။"

မြန်မာနိုင်ငံတွင် (၁၉၄၇၊ ၁၉၇၄၊ ၂၀၀၈ ခုနှစ်) အခြေခံဥပဒေများအရလည်းကောင်း၊ ရှေးမြန်မာမင်းအဆက်ဆက်တို့၏ မွန်မြတ်သော စိတ်ထားများအရလည်းကောင်း၊ သဘောထားကျယ်ပြန့်မှုဓလေ့ထုံးစံ၊ စရိုက်လက္ခဏာများအရလည်းကောင်း၊ မိမိတို့ယုံကြည်ရာ ဘာသာကိုးကွယ်မှုကို မေတ္တာ၊ စေတနာ၊ မုဒိတာတို့ဖြင့် ကြည်ဖြူခဲ့ပေသည်။ ရှေးမင်းအဆက်ဆက်ကပင် ခရစ်ယာန်သာသနာပြုများကို လက်ခံခွင့်ပြုခဲ့သည်။ ဘုရားကျောင်းဆောက်ရန် မြေနေရာနှင့်တကွခွင့်ပြုခဲ့သည်။ အစ္စလာမ်ဘာသာဝင် အမှုထမ်းများအတွက် နေထိုင်ရာ ရပ်ကွက်မြို့ရွာများ ဗလီဝတ်ပြုကျောင်းဆောက်ရန် မြေနေရာနှင့်တကွခွင့်ပြုခဲ့သည်။ ဟိန္ဒူဘာသာဝင်တို့အတွက်လည်း ဘုရားကျောင်းများ ဆောက်စေခဲ့ပေသည်။

မင်းတုန်းမင်းတရားကြီးသည် မြန်မာနိုင်ငံမှ အစ္စလာမ်ဘာသာဝင်များ ဆော်ဒီအာရေဗျနိုင်ငံ မက္ကာမြို့သို့ ဘုရားဖူးဝတ်ပြု(ဟာ့ဂျ်)လုပ်ရန် သွားကြရာ၌ မျက်နှာမငယ်၊ အဆင်ပြေလွယ်ကူစွာတည်းခိုနိုင်ရန် ဒေါင်းဇရပ်ဆောက်လုပ် လှူဒါန်းခဲ့သည်။ ယနေ့ ယင်းဘာသာကြီးများနှင့် တိုင်းရင်းသားတို့၏ ရိုးရာ နတ်ယုံကြည်ကိုးကွယ်မှုကို ဥပဒေဖြင့် အာမခံခွင့်ပြုထားသည်။ အကူအညီ အထောက်အပံ့များ ပေးအပ်ခဲ့သည်။

ထို့ကြောင့် နိုင်ငံရေး၊ လူမျိုးရေး၊ ဝါဒရေး၊ အယူအဆရေးစသည့် ပယောဂများ၊ သွေးခွဲ၊ သွေးထိုးမှုများကြောင့် ဘာသာရေးပဋိပက္ခ၊ အဓိကရုဏ်း မဆိုထားဘိ ဝိရောဓိပင်ဖြစ်ရန်မလိုပေ။ မသင့်ပေ။ ဤမြန်မာပြည်ထောင်စုသားများသည် ကြိုက်ရာဘာသာသာသနာကို ကိုးကွယ်နိုင်ကြပြီး ဘာသာရေး၊ နိုင်ငံရေးအယူဝါဒမတူရုံဖြင့် စိတ်ဝမ်းမကွဲ၊ အငြင်းမပွား၊ အချင်းမများကြဘဲ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေကြသည့် ပြည်ထောင်စုကြီး၊ ထာဝရလွတ်လပ်တည်တံ့ခိုင်မြဲငြိမ်းချမ်းသာယာဝပြောမှုအကျိုးရလဒ်၊ ဘာသာတရားအလိုက် ဘုရားသခင်တို့၏ ကောင်းချီးပေးခြင်းကို မုချဧကန်ခံယူနိုင်ကြမည်ဖြစ်ပါကြောင်းပါခင်ဗျား။

MRTV-4 အစီအစဉ်

၁၈-၄-၂၀၁၃ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅း၀၀ MRTV -4 အဖွင့် Logo
၅း၀၀ ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
၅း၂၀ MRTV -4 သတင်း
၅း၄၀ ဆင်သေကိုစီးလိုက်သည့် ကျီးမိုက်တရားတော် (ဆရာတော်အရှင်ပညာသီဟာဘိဝံသ)
၆း၄၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **မင်းမရှိလို့မဖြစ်** (အပိုင်း-၃၄)
၇း၃၀ MRTV -4 သတင်း
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (PRIDE ISM Opean Day& Completion Ceremony)
၈း၀၀ Cartoon Series (The Adventure of Dalgo The Great)
၈း၃၀ ကလေးတို့အတွက်လမ်းညွှန် (MONUMENT)
၈း၅၀ ရန်ကုန်မြင်ကွင်းကျယ် (အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ နိုင်ငံတော် ဩဝါဒါစရိယ ဘဒ္ဒန္တ အာဒိစ္စ မဟာထေရ်အား ဂုဏ်ပြုကြိုဆိုခြင်း)
၂း၀၀ MRTV -4 သတင်း
၂း၂၀ World Of Knowledge (Arab Treasure Ship)
၄း၅၀ Food & De'cor
၅း၁၀ Minute to Win It
၆း၀၀ MRTV -4 သတင်း
၆း၁၅ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **မင်းမရှိလို့မဖြစ်** (အပိုင်း-၃၅)
၇း၂၅ How To Create? (FxB Showroom)
၈း၀၀ MRTV -4 သတင်း
၈း၁၅ PAST & PRESENT SOE THU Live Show (Part-1)
၈း၄၅ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **လေညင်းလေးရဲ့ပျော်ရွှင်မှု** (အပိုင်း-၇၉)
၁၀း၅၅ **သီချင်းကောင်းကောင်း သီချင်းတောင်း**
၁၁း၁၅ World Of Knowledge (Hiroshima The Next Day)
၁၂း၀၀ ဆင်သေကိုစီးလိုက်သည့် ကျီးမိုက်တရားတော်(ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၂း၃၀ Intellectual Talk **(မြန်မာ့ရုပ်ရှင်ခရီးလမ်း)** (ဒါရိုက်တာ ကြည်စိုးထွန်း၊ မျိုးမြတ်သူ)

စက်ရုံလုပ်ငန်း ပြည့်ဝန်ထမ်း မြဲတမ်း မီးသတိပြု

ဘာသာပေါင်းစုံ သက်ကြီးပူဇော်ပွဲကျင်းပ

နမ္မတူ မေ ၁၇

မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ် တန်ခူးလဆန်း ၇ ရက် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် နမ္မတူမြို့နယ် ရပ်ကွက်ကျေးရွာအုပ်စုအတွင်းရှိ အသက် ၈၀နှင့်အထက် ဘာသာပေါင်းစုံ သက်ကြီးအဘိုးအဘွားများအား ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ပူဇော်ပွဲကို နမ္မတူမြို့ ပုဗ္ဗာရုံကျောင်းတိုက်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသည် နမ္မတူမြို့နယ်လုံးကျွတ် ပထမအကြိမ် ဘာသာပေါင်းစုံ သက်ကြီးပူဇော်ပွဲအခမ်းအနားဖြစ်ပြီး သက်ကြီးအဘိုးအဘွား ကျား ၉၈၊ မ ၁၂၈ ဦး စုစုပေါင်း ၂၂၆ ဦးတို့အား ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

အိဖြူ(ပြန်/ဆက်)

ပြည်တွင်းသတင်း



နှစ်ဆန်းတစ်ရက်နေ့ ညပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်သို့ ဘုရားဖူးပြည်သူများ လာရောက် ဖူးမြော်ကြသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ-ကျော်ဇေယျ (သတင်းစဉ်)

နှစ်သစ်ကူး ဒါနသီလဘာဝနာပွားများကြသူများဖြင့် အထူးစည်ကားလျက်ရှိ

နေပြည်တော် ဧပြီ ၁၇

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ် ကုန်ဆုံးလွန်မြောက်ပြီး ၁၃၇၅ ခုနှစ် ကူးပြောင်းသည့် နှစ်သစ်ကူးအခါသမယဖြစ်သည်။ နှစ်သစ်ကူး အတာသင်္ကြန် ရေသဘင်ပွဲတော်ကို ပျော်ရွှင်လွန်မြောက်၍ နှစ်သစ်၏ နံနက်ခင်းတွင် အရပ်ရှစ်မျက်နှာ ပတ်ဝန်းကျင်တစ်ခွင်၌ မိုးသားထုများ လွှမ်းခြုံမှုနှင့်အတူ မြန်မာ့ရိုးရာ ဓလေ့ထုံးတမ်း စဉ်လာများအတိုင်း အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူခြင်း၊ ဥပုသ်သီလ စောင့်ထိန်းခြင်း၊ ဇီဝိတဒါနသက်လွှတ်ပွဲများ ကျင်းပခြင်းနှင့် သက်ကြီးရွယ်အိုများအား ပြုစုစောင့်ရှောက်ခြင်းတို့ကို မြိုင်မြိုင်ဆိုင်ဆိုင် ကုသိုလ် ဘာဝနာပွားများကြသူများဖြင့် နေပြည်တော် တစ်ခွင်တွင် အထူးစည်ကားလျက်ရှိသည်။

နေပြည်တော်ရှိ ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်းကန်များ၌ ဘုရားရုပ်ပွားတော်များအား ရေသပ္ပာယ်ခြင်း၊ အနေကဇာတင်ပူဇော်ခြင်းနှင့် ဆွမ်းတော်ကြီးတင် ကပ်လှူပူဇော်ခြင်းတို့ကို နံနက်မိုးသောက်ချိန်မှ စတင်ကာ ကုသိုလ်ပြုကြသည်ကို တွေ့မြင်ရသည်။

နေပြည်တော် ဥပ္ပါတသန္တိ စေတီတော်၌ နံနက်ပိုင်းမှစတင်၍ တစ်ဦးချင်းအလိုက်၊ မိသားစုအလိုက်၊ အစုအဖွဲ့အလိုက် တက်ရောက်ဖူးမြော်ကြည်ညို ကုသိုလ်ဘာဝနာပွားများကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အလားတူ ဓာတုစယဓာတ်ပေါင်းစု စေတီတော်၊ ရှေးဟောင်းသမိုင်းဝင် ဘုရားကိုးဆူစေတီတော်၊ ရန်အောင်မြင် ရွှေရွက်လှဘုရား၊ လောကမာရဇိန်ဘုရား၊ ကိုးခန်းကြီးဘုရား၊ လောကရန်နိုမ်ဘုရား အစရှိသည့် ဘုရားစေတီပုထိုးများနှင့်ကျောင်းကန်များတွင် ဥပုသ်သီလ ဆောက်တည်ကြသူများ၊ တရားဘာဝနာပွားများကြသူများနှင့် ကုသိုလ်ပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

ညနေပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးဌာနရုံးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းအိမ်ရာများနှင့် မြို့နယ်၊ ရပ်ကွက်လမ်းများ၌ အန္တရာယ်ကင်း ပရိတ်တရားတော်နာယူပွဲများ၊ သက်ကြီးပူဇော်ပွဲများနှင့် စတုဒိသာ ကျွေးပွဲများဖြင့် စည်ကားလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ တံခွန်တိုင်ကျောင်းတိုက် ဦးစီးနာယက ဆရာတော် ဦးဆောင်မှုဖြင့် ပြည်တွင်းပြည်ပအလှူရှင်များနှင့် မျှဝေသောလက်များ(ပျဉ်းမနား)အသင်းအဖွဲ့တို့ စုပေါင်း၍ ပျဉ်းမနားမြို့ပေါ်ရှိ အသက်(၇၅)နှစ်အထက် ဘိုးဘွား ၁၀၀ ကျော်အား ပူဇော်ကန်တော့ကြပြီး ဘိုးဘွားတစ်ဦးလျှင် အလှူငွေကျပ်နှစ်သောင်း၊ ဆေးဝါးနှင့် စားသောက်ကုန် ပစ္စည်းများကို လှူဒါန်းကြသည်။ **(သတင်းစဉ်)**

နှစ်ဆန်းတစ်ရက်နေ့ မန္တလေး၌ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကား

မန္တလေး ဧပြီ ၁၇

ယနေ့သည် ဧပြီ ၁၇ ရက် မြန်မာနှစ် ကောဇာသက္ကရာဇ် ၁၃၇၅ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်မင်္ဂလာအခါသမယဖြစ်သည်။ နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ကူးပြောင်းသော နှစ်သစ်မင်္ဂလာနေ့ ယနေ့တွင် မန္တလေးမြို့ပေါ်၌ နံနက်အရုဏ်တက်ချိန်မှစ၍ မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရားပုထိုးစေတီတော်များ၌လည်းကောင်း၊ မြို့နယ်ရပ်ကွက်များနှင့် ဌာနဆိုင်ရာရုံးများတွင် နှစ်သစ်မင်္ဂလာအခါတော်ပွဲများ၊ သံဃာတော်များအား ဆွမ်းဆက်ကပ် လှူဒါန်းပွဲများကျင်းပခြင်း၊ အသက် ဂုဏ်ဝါကြီး မြင့်သည့် ဘိုးဘွားများအား တစ်ကိုယ်ရေ သန့်ရှင်းမှုပြုစုပေးခြင်း၊ ဘုရား ပုထိုးစေတီကျောင်းကန်ဓမ္မာရုံများသို့ သွားရောက်၍ ဗုဒ္ဓရုပ်ပွားတော်များအား ရေသပ္ပာယ်ခြင်း၊ ရဟန်းရှင်လူပြည်သူများအား စတုဒိသာ ဒါနပြုခြင်း၊ ဘာဝနာတရားပွားများ အားထုတ်ခြင်း၊ အလှူဒါနပြုခြင်း၊ တိရစ္ဆာန်များအား ဘေးမဲ့လွှတ်ခြင်း၊ ဇီဝိတဒါနပြုခြင်း၊ သွေးလှူခြင်းစသည့် ကောင်းမှု ကုသိုလ်အစုစုတို့ကို မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာ မပျက် စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်လျက် ရှိသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

ထိုသို့ ကုသိုလ်ပွားများရာ၌ ယနေ့နံနက် ၄ နာရီတွင်မန္တလေးမြို့ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်အား သဲကုန်းကျောင်းတောင်ပြင်ထီးလင်းတိုက် ရေတော်ဆရာတော် သာသနဓဇဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဥက္ကဋ္ဌ အရှင်သူမြတ် အမှူးထား၍ မျက်နှာသစ်တော် ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရွှေသင်္ကန်း ကပ်လှူကာ ပန်း၊ ဆွမ်း၊ ရေချမ်း ဆက်ကပ်ပူဇော်ကြသည်။ ထို့ပြင် ယနေ့နံနက်ပိုင်းမှ မွန်းလွဲပိုင်းအထိ မန္တလေးအထွေထွေ ရောဂါကု ဆေးရုံကြီး အမျိုးသား သွေးလှူဘဏ်၌ အနယ်နယ်အရပ်ရပ်မှ သွေးလှူရှင်များက သွေးလာရောက် လှူဒါန်းလျက်ရှိသည်ကို တွေ့ရှိရသည်။

ယနေ့နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဦးဆောင်၍ ဇီဝိတဒါနငါးနှင့်ငှက်လွှတ်ပွဲ အခမ်းအနားနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ကျင်းပရာ ကျုံးတောင်ဘက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးရှေ့ ငါးလွှတ်ပွဲနေရာ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဦးဆောင်၍ ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်း ငါးသားပေါက် ကောင်ရေ ၁၀၀၀၀ တို့ကို ကျုံးရေပြင်အတွင်းသို့ ဘေးမဲ့လွှတ်ပေးကြသည်။ ဆက်လက်၍ မြို့တော်ခန်းမရှေ့၌ စာကလေးငှက် ကောင်ရေ ၂၅၀ ကိုလည်း ဇီဝိတဒါနအဖြစ် ဘေးမဲ့လွှတ်ပေးကြသည်။

ထို့နောက် မြို့တော်ခန်းမ၌ အသက် ၉၀ နှင့်အထက် အဘိုး ၃၇ ဦးနှင့် အဘွား ၇၅ ဦး စုစုပေါင်း ဘိုးဘွား ၁၁၂ ဦးတို့အား သက်ကြီးပူဇော်ပွဲကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးရဲမြင့်က အမှာစကားပြောကြားပြီး အဘိုးအဘွားများအား တစ်ဦးလျှင် ငွေကျပ် ၇၅၀၀၀ စီနှင့် ဂါရဝပြုပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြရာ **(အပေါ်ပုံ)** ကန်တော့ခံ အဘိုးအဘွားများကိုယ်စား အဘိုး ဦးဘမြင့် (၉၂)နှစ်က ဆုတောင်း မေတ္တာပို့သသည်။

ယနေ့မွန်းလွဲ ၁ နာရီတွင်လည်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမိသားစုများ၏ မြန်မာနှစ်ဆန်းတစ်ရက် အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲကို မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ပဏ္ဍိတဝရာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်မောင်းနှင့် ဇနီးအမှူးပြုသော ပရိသတ်တို့က ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်၍ အန္တရာယ်ကင်း ပရိတ်တရားတော်များကို နာယူကြကာ ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြပြီး ပါမောက္ခချုပ်ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူကြည်ညိုကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ကုသိုလ်ပြု

ညနေပိုင်းတွင် မန္တလေးမြို့ တော်အသီးသီးရှိ ရပ်ကွက်နှင့်လမ်းများ၌ သံဃာတော်များအား ပင့်ဖိတ်၍ အန္တရာယ်ကင်းပရိတ်တရားတော်နှင့် ကမ္မဝါစာများနာကြားကြကာ နှစ်သစ်တွင် မကောင်းမှုကင်းစင်၍ ကောင်းမှုမင်္ဂလာများ တိုးပွားစေရန် ကုသိုလ်ပွားများကြရာ ယနေ့ မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ်မင်္ဂလာအခါသမယတွင်မန္တလေးမြို့တစ်ဝန်းလုံး၌ ကုသိုလ်ပြုသူများ ကုသိုလ်သံများဖြင့် ဝေဆာလျက်ရှိသည်ကို တွေ့မြင်ကြားသိရသည်။

တင်မောင်(မန္တလေး-ကိုယ်ပွား)

ဗန်းမော်မြို့တွင် လေပြင်းတိုက် လျှပ်စစ်မီးတိုင်များ ကျိုးပဲ့ပျက်စီး

ဗန်းမော် ဧပြီ ၁၇

ဗန်းမော်မြို့တွင် ဧပြီ ၁၆ရက် ညနေ ၅နာရီကျော်က မိုးသက်လေပြင်းတိုက်ခတ်၍ သာစည်ရပ်ကွက် ဆည်မြောင်းဝင်းအတွင်းရှိ ပျဉ်းကတိုးပင် သစ်ကိုင်းကျိုးပြီး ကတ္တရာလမ်းမပေါ်သို့ ကျခဲ့ရာ လျှပ်စစ်မီးကြိုးများပေါ် လဲကျခဲ့သဖြင့် ကွန်ကရစ်တိုင်သုံးတိုင်ကျိုးပဲ့ပြီး လျှပ်စစ်မီးကြိုးများ ပျက်စီးခဲ့သည်။

အဆိုပါ ကျိုးပဲ့လဲကျလျက်ရှိသော ကွန်ကရစ်တိုင်များရှိ လျှပ်စစ်မီးကြိုးများအား မြို့နယ် လျှပ်စစ်အဖွဲ့မှ ဖြတ်၍ ထိန်းသိမ်းပြီးနောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေး ဝန်ထမ်းများ၊ ပြည်သူများက လမ်းမပေါ်တွင် ပိတ်ဆို့လဲကျလျက်ရှိသော သစ်ကိုင်းကြီးအား ခုတ်ထွင်ရှင်းလင်းကြသည်။

ဧပြီ ၁၇ ရက်တွင် ကွန်ကရစ်တိုင် သုံးတိုင် ပြန်လည်စိုက်ထူပြီး လျှပ်စစ်မီးကြိုးများသွယ်တန်း ပြီးစီးခဲ့သဖြင့် ခေတ္တဖြတ်တောက်ခဲ့သော ဓာတ်အားလိုင်းများ လျှပ်စစ်မီးပြန်လည်ရရှိခဲ့သည်။ **ဆီမီးခုံ-နန်းရီ**

မြန်မာ့ရုပ်မြင်သံကြား

၁၈-၄-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

၆:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆:၂၅ ကျန်းမာဖို့ အတူကစားစို့
၇:၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသ သတင်း
၇:၂၀ ပြည်သူတို့ရဲ့စကားသံ
၇:၃၀ မဟော်သဓာ (အပိုင်း-၄)
၈:၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း
၈:၂၅ My Mind Game My SEA Games (အပိုင်း-၂)
၉:၀၀ ပြည်တွင်းသတင်း
၉:၅၀ ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ
၁၀:၀၀ ပြည်တွင်းသတင်း

နေ့လယ်ပိုင်း

၁၂:၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၁၂:၃၀ မြန်မာဗီဒီယိုဇာတ်လမ်း **လတစ်စင်းရဲ့ အဖျော်ဖြေခံတေး** (ပထမပိုင်း)ပြေတီဦး၊ သက်မွန်မြင့် (ဒါရိုက်တာ-ဝိုင်း)
၁၃:၀၀ ပြည်တွင်းသတင်း
၁၃:၁၅ မြန်မာဗီဒီယိုဇာတ်လမ်း **လတစ်စင်းရဲ့အဖျော်ဖြေခံတေး** (ဒုတိယပိုင်း)ပြေတီဦး၊ သက်မွန်မြင့် (ဒါရိုက်တာ-ဝိုင်း)
၁၄:၀၀ ပြည်တွင်းသတင်း
၁၄:၁၅ မြန်မာဗီဒီယိုဇာတ်လမ်း **လတစ်စင်းရဲ့ အဖျော်ဖြေခံတေး** (တတိယပိုင်း)ပြေတီဦး၊ သက်မွန်မြင့် (ဒါရိုက်တာ-ဝိုင်း)

ညပိုင်း

၁၅:၀၀ ပြည်တွင်းသတင်း
၁၅:၁၅ မြန်မာဗီဒီယိုဇာတ်လမ်း **လတစ်စင်းရဲ့ အဖျော်ဖြေခံတေး** (စတုတ္ထပိုင်း)ပြေတီဦး၊ သက်မွန်မြင့် (ဒါရိုက်တာ-ဝိုင်း)
၁၆:၀၀ ပြည်တွင်းသတင်း မိုးလေဝသသတင်း
၁၆:၂၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (စီးပွားရေးပညာ၊ စီးပွားစီမံအထူးပြုများ) (စီးပွားရေးပညာ)
၁၆:၅၀ (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အကြိုမြင်းစီးအားကစားပြိုင်ပွဲ
၁၇:၀၀ ပြည်တွင်းသတင်း
၁၇:၁၅ အိန္ဒိယရုပ်ရှင် **ဖြူစင်မေတ္တာ** (အပိုင်း-၅၉)
၁၈:၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသ သတင်း
၁၈:၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာသစ္စာ** (အပိုင်း-၂၉)
၁၉:၀၀ ပြည်တွင်းသတင်း
၂၁:၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း
၂၁:၁၅ မြန်မာရုပ်ရှင် **တတိယအရွယ်၏ ဒုတိယဝေဒနာ** ညွှန့်ဝင်း၊ ထွန်းဝေ၊ ခင်သီတာထွန်း (ဒါရိုက်တာ-မင်းမာဃနှင့် ကျော်သိုက်ထွန်း)

ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့)က တာမွေမြို့နယ် မင်းရဲကျော်စွာမီးရထား ခုံးကျော်တံတားပေါ်တွင် ဘုရင့်နောင်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်မှ မော်တော်ယာဉ် တိမ်းမှောက်နေသည်ကို တွေ့ရစဉ်။ (ဝ၄၄)

ပြည်တွင်းသတင်း

မြန်မာနှစ်သစ်ကူး နှစ်ဆန်းတစ်ရက်နေ့က ရွှေတိဂုံစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။ (သတင်းစဉ်)

◆ ကျောဖုံးမှ

ထို့အတူ ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်) ဂေါပကအဖွဲ့မှ ကြီးမှူး၍ (၁၅) ကြိမ်မြောက် ဇီဝိတဒါန ငါးလွှတ်ပွဲကို စေတီတော် ပရိဝုဏ်အတွင်းရှိ မင်္ဂလာကန်တော်၌ ကျင်းပခဲ့သည်။ ဘာသာရေးဝတ်အသင်းအဖွဲ့နှင့် အတူ မုဒုံမြို့နယ်အသင်း (ရန်ကုန်)၏ ဝတ်ရွတ်အဖွဲ့ဝင်များကလည်း ဇီဝိတဒါန ငါးများလွှတ် ကုသိုလ်ပြုခဲ့ကြသည်။

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ၁၃၇၅ ခုနှစ် နှစ်သစ်မင်္ဂလာ အခါတော်နေ့ အခမ်းအနားကို မွန်းလွဲ ၁ နာရီတွင် စေတီတော်အရှေ့ဘက်ခံတန်ဆောင်း၌ ကျင်းပပြီး ငှက်များ၊ ငါးများကို ဇီဝိတဒါန လွှတ်ကြသည်။

လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးအား နံနက်ပိုင်းတွင် ခရိုင်နှင့် မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များက ရုပ်ပွားတော်မြတ်ကြီး မျက်နှာသစ်တော်ရေ ဆက်ကပ်လှူဒါန်းခြင်းနှင့် ရောင်တော်ဖွင့်ခြင်း အခမ်းအနားကို ကျင်းပခဲ့သည်။

အလားတူ သမိုင်းဝင် အပွရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၌ ဂေါပကအဖွဲ့ဝင်များက ဦးဆောင်၍ ဝတ်အသင်းအဖွဲ့များ၊ ဘုရားဖူးလာပြည်သူများက ဗုဒ္ဓရုပ်ပွားတော်များအား ရေသပ္ပာယ်ခြင်း၊ စေတီတော် ရင်ပြင်တော်၌ ဘုရားဝေယျာဝစ္စကုသိုလ် အမှုပြုကြခြင်းနှင့် မုန့်လုံးရေပေါ် စတုဒိသာကျွေးမွေးခြင်းများ ဆောင်ရွက်ကြသည်။

ထို့အတူ ကျိုက္ကစံ ဆံတော်ရှင် စေတီတော်မြတ်ကြီး တွင်လည်း ကျိုက္ကစံဝန်ထမ်း မိသားစုများ၏ နှစ်ဦးအလှူအဖြစ် ဒသမအကြိမ်မြောက် ကျိုက္ကစံစေတီတော်မြတ်ကြီး၏ ရွှေသင်္ကန်းအလှူတော်ငွေကျပ် တစ်သိန်းကို ဂေါပကအဖွဲ့ ကိုယ်စား ရုံးအဖွဲ့မှူး ဦးအေးကြည်နှင့် ဝန်ထမ်းမိသားစုများက ဂေါပကအဖွဲ့သို့ လှူဒါန်းခဲ့သည့်အပြင် စတုဒိသာ အအေးမျိုးစုံကိုလည်း ဘုရားဖူးလာပြည်သူများအား တိုက်ကျွေးလှူဒါန်းကြသည်။

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ ဆူးလေစေတီတော်၊ ရွှေဘုန်းပွင့်စေတီတော်၊ မယ်လမုစေတီတော်၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ကိုးထပ်ကြီး၊ သာကေတမြို့နယ်ရှိ ဇိနမာရ်အောင်စေတီတော်၊ တောင်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာပစေတီတော်၊ ရန်ကင်းမြို့နယ်ရှိ မိုးကောင်းဘုရား၊ မင်္ဂလာဒုံမြို့နယ်ရှိ ကျိုက္ကလို့ ကျိုက္ကလဲ့စေတီတော်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ မြို့ဦးစေတီ၊ ဒဂုံမြို့သစ်တောင်ပိုင်း မြို့နယ်ရှိ အောင်ဇောဓိစေတီတော်၊ သုဝဏ္ဏမြို့ဦးစေတီ၊ သန်လျင်မြို့နယ် ကျိုက်ခေါက်စေတီတော်၊ ကျောက်တန်းမြို့နယ်ရှိ ကျိုက်မှော်ဝန်းရေလယ်ဘုရား၊ ခရမ်းမြို့နယ် သွန်းဘုရားကြီးအစရှိသည့် ဘုရား၊ စေတီပုထိုးများ၌ ဒါနသီလ ဘာဝနာပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

အလားတူ ရန်ကင်းမြို့နယ် အမှတ်(၃)ရပ်ကွက် ၁၂ လုံးတန်းရှိ လူမှုရေး၊ သာရေး၊ နာရေးလူငယ်များအဖွဲ့ကကြီးမှူး၍ (၁၃)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ယနေ့နံနက် ၈ နာရီခွဲက သဒ္ဓမ္မဘာဝိတဓမ္မာရုံ၌ ကျင်းပရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် လူမှုရေး၊ သာရေး၊ နာရေး လူငယ်များအဖွဲ့ ဥက္ကဋ္ဌတို့က ဘိုး၊ ဘွားများကို လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ကြပြီး ဘိုး၊ ဘွားများ ကိုယ်စား အဘိုးတစ်ဦးက နှစ်သစ်မင်္ဂလာဆုံးမဩဝါဒစကား ပြောကြားသည်။

သက်ကြီးပူဇော်ပွဲတွင် အသက်(၈၀)နှစ်နှင့်အထက် အဘိုး ၁၀ ဦးနှင့် အဘွား ၂၂ ဦးတို့ကို ကန်တော့ခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် (၁၄၇) လမ်း မိသားစု၏ ပဉ္စမအကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါလမ်း ယာယီမဏ္ဍပ်၌ကျင်းပပြီး အသက်(၈၀)နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၁၇ ဦးတို့အား လမ်းမိသားစုတို့က လှူဖွယ်ပစ္စည်း၊ အလှူငွေတို့ဖြင့် စုပေါင်းကန်တော့ကြသည်။

မြန်မာနှစ်သစ်ကူး နှစ်ဆန်းတစ်ရက်နေ့က မဟာဝိဇယစေတီတော်တွင် ဘုရား... လျက်ရှိစဉ်။

ညနေပိုင်းတွင် တာမွေမြို့နယ် ဆုထူးပန်စာသင်တိုက်မှ ပဓာနနာယကဆရာတော် အပါအဝင် စာချစာသင်သံဃာတော် အပါး ၁၅၀ ကျော်တို့အား ဆွမ်းဆန်စိမ်းလောင်းလှူကြပြီး ညပိုင်းတွင် ဆရာတော်သံဃာတော်များက အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

အလားတူ တာမွေမြို့နယ် ကျောက်မြောင်းကြီး (စံပြ) ရပ်ကွက်မှ ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ဆယ်အိမ်မှူးများ၊ အလှူရှင်များက စုပေါင်း၍ နှစ်သစ်ဦးအလှူအဖြစ် ကျောက်မြောင်းလမ်းရှိ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့တွင် ကြက်သားဆန်ပြုတ်ဖြင့် စတုဒိသာ လှူဒါန်းမှုပြုခဲ့ပြီး ညနေပိုင်းတွင် သံဃာတော် အရှင်သူမြတ်တို့က အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရပ်ကွက်အတွင်းရှိ လမ်းအသီးသီးသို့ လှည့်လည်၍ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ကုသိုလ်ကောင်းမှု ပြုကြရာတွင် ယခုနှစ်အတွက် အမြင်ထူးခြားနေသည်မှာ လူငယ်လူရွယ် အများစုသည် ပရဟိတလုပ်ငန်းများတွင် လုပ်အားဒါနဖြင့် ပါဝင်လှူဒါန်း ကုသိုလ်ပြုလျက်ရှိကြသည်ကို တွေ့ရပြီး ဥပုသ်သီတင်း သီလဆောက်တည်ကြသူ၊ တရားဘာဝနာပွားများကြသူများတွင်လည်း လူငယ်များ တက်တက်ကြွကြွ ပါဝင်ကုသိုလ်ပြုလျက်ရှိကြသည်။

အသင်းအဖွဲ့ အသီးသီးနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများကလည်း တန်ခိုးကြီးဘုရားများတွင် အအေးမျိုးစုံ၊ ဖရဲသီး၊ ရွှေရင်အေး၊ ကြာဆံကြော်၊ ထမင်းကြော်တို့ကို အယုတ်အလတ်အမြတ်မရွေး လှူဒါန်း ကုသိုလ်ပြုကြသည့် မြင်ကွင်းအဖုံဖုံသည် ယခုကဲ့သို့ နေ့ထူးနေ့မြတ်တွင် မြန်မာလူမျိုးများ၏ သဒ္ဓါတရားနှင့် ယဉ်ကျေးမှုကို အံ့မခန်းဖော်ပြလျက်ရှိသည်။

အသက်မွေးဝမ်းကျောင်း သင်တန်းများလျှောက်ထားနိုင်

ရန်ကုန် ဧပြီ ၁၇

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက အသက် ၁၈နှစ်မှ ၄၅နှစ်အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် သုံးလသင်တန်းများဖြစ်သည့် (၁) စက်ချုပ်သင်တန်း၊ (၂) ခေါက်ပုံသင်တန်း၊ (၃) ပိုးဇာပုံနှိပ်သင်တန်း၊ (၄) ကွန်ပျူတာသင်တန်း၊ (၅) ဆံသသင်တန်းနှင့် တစ်နှစ်သင်တန်းဖြစ်သော အီလက်ထရွန်နစ်သင်တန်းတို့ကို မေ ၁၃ ရက်တွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် မသန်စွမ်းသက်ကြီးသင်တန်းကျောင်း အမှတ်(၆၅) ကျိုက်ဝိုင်းဘုရားလမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၉၆၆၁၇၁၂၊ ၀၉-၇၃၀၇၄၈၅၆ နှင့် ၀၉-၄၉၃၀၆၄၀၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် သင်တန်းတက်ရောက်ခွင့်ရသူများအား လစဉ်ထောက်ပံ့ကြေး၊အဆောင်နေ၊ စားစရိတ်ငြိမ်းနှင့်နယ်မှလာရောက်သော သင်တန်းသားများအတွက်အိမ်ပြန်ခရီးစရိတ်တို့ကိုပါ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာနှစ်သစ်ကူး နှစ်ဆန်းတစ်ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် (၃)ရပ်ကွက်၌ သက်ကြီးပူဇော်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့တော်စည်ပင် အန္တရာယ်ကင်းပရိတ်တရားတော်နာ အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၁၇

ရန်ကုန်မြို့၌ မှီတင်းနေထိုင်ကြသောပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အန္တရာယ်ကင်းပရိတ်တရားတော်နာယူခြင်းမင်္ဂလာအခမ်းအနားကိုယနေ့ နံနက်၉နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဒေါက်တာ ကုမာရာဘိဝံသထံမှ ရန်ကုန်မြို့တော်ဝန်ဦးလှမြင့်နှင့်ဇနီး ဒေါ်ခင်အေးနွယ်နှင့် ပရိသတ်တို့ ကကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ဆရာတော်သံဃာတော်များကအနန္တရာယိက ကမ္မဝါစာများကို ရွတ်ဖတ်တော်မူကြပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

သွန်းလောင်းပေး

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် အမှူးပြု၍ဆရာတော် သံဃာတော်များနှင့် ရန်ကုန်မြို့တော်ဝန်၊ ဇနီးနှင့် တာဝန်ရှိသူများသည် မရမ်းကုန်းမြို့နယ် ရေကူးရေတွန်းစက်ရုံသို့ သွားရောက်ကြပြီး ရေလှောင်ကန်အတွင်းသို့ ပရိတ်ရေများ သွန်းလောင်းပေးကြသည်။ **(သတင်းစဉ်)**

စုပေါင်းသွေးလှူ

(၁၇)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ကျင်းပရာ စုပေါင်းသွေးလှူဒါန်းကြစဉ်။

ရန်ကုန် ဧပြီ ၁၇

၁၃၇၅ ခုနှစ် နှစ်ဆန်း တစ်ရက် (ဧပြီ ၁၇ ရက်) တွင် ရန်ကုန်မြို့ရှိ တန်ခိုးကြီးစေတီများ ဖြစ်သော ရွှေတိဂုံ၊ ဆူးလေ၊ ဗိုလ်တထောင်၊ မဟာဝိဇယ၊ ကျိုက္ကစံ၊ ကမ္ဘာအေး၊ ကျိုက်ဝိုင်းစသည့် ဘုရားများတွင် ဘုရားဖူးများ၊ အလှူဒါနပြုသူများ၊ ဥပုသ်သီတင်းသီလဆောက်တည်သူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

ရွှေတိဂုံစေတီတော်ရင်ပြင်တွင်

...စေတီတော်တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကား (သတင်းစဉ်)

ါဝင်ကုသိုလ်ပြု

အသီးသီးနှင့်
ုံးများကလည်း
းတွင် အအေး
င်အေး၊ ကြာဆံ
တို့ကို အယုတ်
း လှူဒါန်း
မြင်ကွင်းအဖုံဖုံ
ထူးနေ့မြတ်တွင်
သဒ္ဓါတရားနှင့်
န်းဖော်ပြလျက်

အလားတူ ရန်ကုန်မြို့ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၌လည်း နှစ်သစ်ကူးအလှူအဖြစ် ကမ္ဘာအေးစေတီ သာသနာ့ပါလ စနေဝတ်အသင်းမှ အသင်းဝင် ၃၀ ကျော်တို့သည် ဘိုးဘွားဆောင်များအား အထွေထွေသန့်ရှင်းရေး ပြုလုပ်ခြင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၏ ဇနီး ခေါင်းဆောင်သော ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ အဖွဲ့ဝင်များသည် ရိပ်သာရှိ ဘိုး၊ ဘွား ၁၉၄ ဦးတို့အား ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်းညှပ်ပေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းနှင့် ဆွမ်းပဒေသာပင် ငွေကျပ်နှစ်သိန်းကို လှူဒါန်းကုသိုလ်ပြုခဲ့ကြသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ နှစ်သစ်ကူးအလှူအဖြစ် (၂၂) ကြိမ်မြောက် လှူဒါန်းခြင်းကို မဟာသင်္ကြန်အကြိုနေ့မှ နှစ်ဆန်းတစ်ရက်နေ့အထိ ငါးရက်တိုင်တိုင် ပြုလုပ်ခဲ့သည်။ လှူဒါန်းမှုတွင် အဘိုး၊ အဘွား ၁၉၄ ဦးအား ကျွေးမွေးလှူဒါန်းခြင်း၊ ဆွမ်းနှင့်ငွေပဒေသာပင် လှူဒါန်းခြင်းတို့အပြင် ဘိုး၊ ဘွားတစ်ဦးလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် လှူဒါန်းခဲ့သည်။

အလားတူ ဌာနဆိုင်ရာ ရုံးများ၊ မြို့နယ်၊ ရပ်ကွက်၊ လမ်းများအလိုက် နှစ်ဦးမင်္ဂလာအခါတော်နေ့ အထိမ်းအမှတ်အဖြစ် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ခြင်း၊ အငှားယာဉ်များနှင့် ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီအောက်ရှိ ယာဉ်လိုင်းများမှ ယာဉ်လိုင်းအချို့က အခမဲ့စီးနင်းစေခြင်းတို့ဖြင့် ကုသိုလ်ကောင်းမှုပြု မင်္ဂလာယူကြသည်ကို တွေ့ရသည်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန (၁၄)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၇

ပို့ဆောင်ရေးဝန်ကြီးဌာန (၁၄) ကြိမ်မြောက် သက်ကြီးအဘိုးအဘွားများအား ပူဇော်ကန်တော့ပွဲကို ယနေ့ (မြန်မာနှစ်ဆန်းတစ်ရက်) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မဟာဝိဇယစေတီတော် ပရဝဏ်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာနခမ္မာရုံ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်နှင့်ဇနီး ဒေါ်ဝေဝေ၊ ဌာနအကြီးအကဲများနှင့်ဇနီးတို့က သက်ကြီးအဘိုးအဘွားများအား ရှိခိုးကန်တော့ကြပြီး ဂါရဝပြုပစ္စည်းများ ပေးအပ်ကြသည်။ **(အောက်ပုံ)**

အဆိုပါ သက်ကြီးဘိုးဘွား ပူဇော်ကန်တော့ပွဲတွင် အဘိုးအဘွား ၃၃၉ ဦးအတွက် ငွေကျပ် သုံးဆယ့်ကိုးသိန်းတစ်သောင်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အန္တရာယ်ကင်းပရိတ်တရားတော်နာ

ရန်ကုန် ဧပြီ ၁၇

မြန်မာသက္ကရာဇ် ၁၃၇၅ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အန္တရာယ်ကင်းပရိတ်တရားတော်နာ မင်္ဂလာအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးခန်းမ၌ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနှစ်ဆန်းတစ်ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အန္တရာယ်ကင်းပရိတ်တရားတော်နာ မင်္ဂလာအခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသထံ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

မြန်မာနှစ်ဆန်းတစ်ရက်နေ့ ရန်ကုန်မြို့တွင်ရှိ ဘုရားများ၌ စည်ကား ဥပုသ်သီလဆောက်တည်သူများ၊ ဇီဝိတဒါနပြုလုပ်သူများပြား

သတင်း - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ - တင်စိုး

၁၇
ဆန်း တစ်ရက်
် ရန်ကုန်မြို့ရှိ
း ဖြစ်သော
ဗိုလ်တထောင်၊
၊ ကမ္ဘာအေး၊
ဘုရားများတွင်
ူဒါနပြုသူများ၊
ဆောက်တည်သူ
က်တိုးစည်ကား

တော်ရှင်ပြင်တွင်

ဘုရားဖူးများ ပြည့်ကျပ်လျက်ရှိသည့်အပြင်အအေး၊ ဖျော်ရည်များ၊ စတုဒိသာ တိုက်ကျွေးသူများဖြင့် စည်ကားလျက်ရှိသည်။ ရွှေတိဂုံစေတီတော်တွင် ဇီဝိတဒါနဘေးမဲ့ သက်လွှတ်ပွဲအခမ်းအနားနှင့် (၁၇) ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲများကို ကျင်းပသည်။

နံနက် ၇ နာရီတွင် ဘေးမဲ့ သက်လွှတ်မည့် ငှက်များကို ခြင်းများဖြင့်လည်းကောင်း၊ ငါးများကို အိုးများဖြင့်လည်းကောင်း ကိုင်ဆောင်ကာ စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ပြီး ဇီဝိတဒါနဘေးမဲ့ သက်လွှတ်ကျောင်းပမည့် ရှင်ဥပဂုတ္တ မင်္ဂလာကန်တော်သို့ သွားရောက်လွှတ်ပေးခဲ့ကြသည်။

ထို့နောက် နံနက် ၈ နာရီတွင် (၁၇) ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ရွှေတိဂုံစေတီရင်ပြင်တော် ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ သတ်မှတ်ထားသည့် အစီအစဉ်အတိုင်း ကျင်းပသည်။ အဆိုပါသွေးလှူဒါန်းပွဲတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနမှ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသည်။ ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲသို့ နှစ်စဉ်အမျိုးသား အမျိုးသမီးများစွာတို့ လာရောက်စုဝေးကာ သွေးများလှူဒါန်းကြသည်။

တစ်ဖန် ဗိုလ်တထောင်စေတီတွင်လည်း ဘုရားဖူးများစွာလာရောက်ဘုရားဖူးမြော်ကြည်ညိုကြပြီး ဥပုသ်သီတင်းသီလ ဆောက်တည်သူများ၊ ဇီဝိတဒါနအဖြစ် ငှက်များနှင့် ငါးများလွှတ်ခြင်းတို့ကို ဆောင်ရွက်ပြီး ကောင်းမှုကုသိုလ်များပြုလုပ်ကြသည်။

ထို့အတူ ကမ္ဘာအေးစေတီတွင်လည်းဘုရားဖူးများစွာတို့ လာရောက်ကာ ဘုရားဖူးမြော်ကြည်ညိုခြင်း၊ ဥပုသ်သီတင်း သီလစောင့်တည်ခြင်း၊ ငါးနှင့် ငှက်များကို ဇီဝိတဒါနအဖြစ် ဒဂုံသီရိမဟာမင်္ဂလာ ဘေးမဲ့ကန်တော်အတွင်း လွှတ်ခြင်းစသည့်ကောင်းမှုကုသိုလ်များ ပြုလုပ်ကြသည်။

ဆူးလေစေတီ၊ ကျိုက်ဝိုင်းစေတီ၊ ကျိုက္ကစံစေတီစသည်တို့တွင်လည်းဘုရားဖူးပြည်သူများ၊ စတုဒိသာကျွေးမွေးသူများ၊ ဥပုသ်သီတင်း သီလ ဆောက်တည်သူများဖြင့် စည်ကားလျက်ရှိသည်။

(မြန်မာ့အလင်း)

မြန်မာနှစ်ဆန်းတစ်ရက်နေ့ က သီရိမင်္ဂလာ ကမ္ဘာအေး စေတီတော် ဒဂုံသီရိ မဟာမင်္ဂလာ ဘေးမဲ့ကန်တော်ကြီးတွင် ဘုရားဖူးပြည်သူများ ဇီဝိတဒါန ငါးလွှတ်ပေးကြစဉ်။

ပြည်တွင်းသတင်း

ဇရာဒုက္ခလစောင့်ရှောက်က မုချချမ်းသာမည်

အမေး-အရေး
သန်းဦး၊ ကျော်သူရ

နေပြည်တော် ဧပြီ ၁၇

နှစ်ဟောင်းကုန်လို့ နှစ်သစ်သို့ ကူးပြောင်းသည့် မြန်မာနှစ်ဆန်းတစ်ရက်နေ့ရောက်တိုင်း မြန်မာလူမျိုးတို့သည် ရိုးရာစဉ်လာမပျက် ကုသိုလ်ဒါနသီလဘာဝနာပွားများကြသည့်အပြင် သက်ကြီးရွယ်အိုဘိုးဘွားများအား "ဇရာဒုက္ခလစောင့်ရှောက်က မုချချမ်းသာမည်" ဟူသည့် ဆောင်ပုဒ်နှင့်အညီ ပြုစုစောင့်ရှောက်လျက်ရှိသည်။

ထိုသို့ ပြုစုစောင့်ရှောက်လျက်ရှိကြသည့်အနက် ပျဉ်းမနားမြို့နယ် ဗုဒ္ဓဘာသာဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား မြို့နယ်ကြက်ခြေနီအသင်းက နှစ်ဦးကုသိုလ်ယူပွဲကျင်းပနေမှုအပေါ် အခုလို တွေ့ဆုံမေးမြန်းခဲ့ရာ ဘိုးဘွားများ၏ နှစ်သစ်ဆုမွန်ခြွေစကားသံများနှင့် ကုသိုလ်ပြုသူများ၏ အမြင်လေးကို အခုလို သိရှိခဲ့ရသည်။

လယ်ဝေးမြို့ဇာတိ အသက် (၇၅)နှစ်အရွယ် အဘိုး ဦးမြင့်မောင်က "အဘိုးတို့ကို အခုလိုမေတ္တာ စေတနာအပြည့်အဝဖြင့် လာရောက်ကုသိုလ်ပြုကြတာတွေကိုမြင်ရတော့ စိတ်ထဲမှာအလွန်ဝမ်းသာကြည်နူးရပါတယ်၊ အနေကြာတော့ ရိပ်သာမှာရှိတဲ့သူတွေနဲ့ လာရောက်စောင့်ရှောက်ကြသူတွေဟာ မိသားစုလိုဖြစ်နေပါပြီ၊ ခိုကိုးရာမဲ့ဘဝအတွက် အခုလိုဝိုင်းဝန်းဖေးမစောင့်ရှောက်ကြသူတွေကိုလည်း လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်၊ နှစ်သစ်မှာ စိတ်သစ်လူသစ်ဖြင့် ဘဝကိုပျော်ရွှင်ချမ်းမြေ့သာယာစွာ ဖြတ်သန်းနိုင်ကြပါစေလို့ အဘိုးဆုတောင်းပေးပါတယ်" ဟု မေတ္တာကရုဏာမျက်ဝန်းဖြင့် ပြောကြားသည်ကိုမြင်တွေ့ခဲ့ရသည်။

"အဘွားက ပျဉ်းမနားမြို့နယ် သဲကုန်းကျေးရွာကပါ၊ နာမည်က ဒေါ်တင်လှပါ အသက် (၇၅)နှစ် ရှိပါပြီ၊ ဒီဘိုးဘွားရိပ်သာမှာ နေရတာ အားလုံးအဆင်ပြေပါတယ်၊ စားသောက်ရေးကအစ နေထိုင်မှုအဆုံးပေါ့လေ၊ အခုလည်းဘုန်းကြီးဆီက ရှစ်ပါးသီလယူပြီးပါပြီ၊ နောက်ပြီးဆေးခန်းမှာ သောက်ဆေးယူပြီး အားဆေးထိုးပေးမယ်ပြောတယ်၊ ကျန်းမာရေးအတွက် တစ်ပတ်တစ်ခါ ဆရာဝန်မကြီးကိုယ်တိုင် ပုံမှန်ဆေးစစ်ပေးပါတယ်၊ ဒီနေ့က နှစ်ဆန်း တစ်ရက်နေ့ဆိုတော့ ဆရာဝန်မကြီးခေါင်းဆောင်ပြီး မြို့နယ်ကြက်ခြေနီအသင်းက ကလေးတွေနဲ့ အဘိုးအဘွားတွေအားလုံးကို ခြေသည်းလက်သည်း ညှပ်ပေးတယ်၊ မနေ့က သင်္ကြန်အတက်နေ့ကလည်း ရပ်ကွက်ထဲက လူငယ်လေးတွေလာပြီး ခေါင်းလျှော်ပေးကြတယ်လေ၊ မယ်မင်းကြီးမတို့တစ်တွေ အများကြီးကုသိုလ်ရပါတယ်၊ နှစ်သစ်မှာ အားလုံးပဲ စိတ်သစ်လူသစ်နှင့် ကျန်းမာချမ်းသာကြပါစေလို့ အဘွားဆုတောင်းပေးပါတယ်"ဟု ရိုးရှင်းချမ်းမြေ့လှသည့် မျက်နှာဖြင့် ဆုမွန်ကောင်းတောင်းသည်ကို တွေ့မြင်ရသည်။

အသက် (၇၈)နှစ်ရှိ အဘိုး ဦးလှစောကလည်း"နှစ်သစ်မှာပျော်ရွှင်ကျန်းမာချမ်းသာကြပါစေ၊ ကုသိုလ်ဒါနတွေကိုလည်း ဆတက်ထမ်းပိုးတိုးဆောင်ရွက်နိုင်ကြပါစေ" လို့ ဆုမွန်ကောင်းတောင်းပို့သခဲ့သည်။

ပဲနွယ်ကုန်းမြို့နယ်ဇာတိ အသက် (၇၇)နှစ်ရှိ အဘွားဒေါ်တင်ကြည်က "ဒီရိပ်သာလေးမှာ နေထိုင်ရတာ အားလုံးအဆင်ပြေပါတယ်၊ ဒီကဝန်ထမ်းတွေကလည်း တာဝန်ဆိုတာထက် ၎င်းတို့ရဲ့ မိဘဘိုးဘွားတွေလိုသဘောထားပြီး လိုလေသေးမရှိ စေတနာအပြည့်နဲ့ လုပ်ကိုင်ပေးကြပါတယ်။ မနေ့ကလည်း အရပ်ထဲက ကလေးတွေရောက်လာကြပြီး အဘိုးတို့ အဘွားတို့ကို ခေါင်းဆေးဆီလူး သေသေချာချာလုပ်ပေးကြတယ်။ ခုလည်းဆရာဝန်မကြီးကိုယ်တိုင် ကြက်ခြေနီကလေးတွေနဲ့ ခြေသည်းလက်သည်းလှီးပေးတယ်၊ သောက်ဆေးလိမ်းဆေးနဲ့ အားဆေးတွေထိုးပေးတယ်လေ၊ ဒီနှစ်သစ် အခါသမယမှာ သူတို့လေးတွေသက်ကြီးရွယ်အိုတွေကို တန်ဖိုးထားကုသိုလ်ယူနေကြတာတွေ့တော့ အဘွားအလွန်ဝမ်းသာပီတိဖြစ်ရတယ်၊ ခုလိုပဲတစ်နိုင်ငံလုံးမှာကုသိုလ် ဘာဝနာပွားနေကြသူတွေ အများကြီးရှိမှာပါ။ အားလုံးလည်း ကိုယ်စိတ်နှလုံးကျန်းမာချမ်းသာပြီး အေးချမ်းသာယာစွာနေထိုင်ကြပါစေလို့ အဘွားဆုတောင်းပါတယ်"ဟု ကြည်နူးချမ်းမြေ့ဝင်းလက်သည့် မျက်နှာဖြင့် ပြောပြန်သည်။

ပျဉ်းမနားမြို့နယ် ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ကျော့သာစိန်က "နှစ်စဉ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ရောက်တိုင်း ဘိုးဘွားရိပ်သာအတွင်းမှာရှိတဲ့ဘိုးဘွားတွေကို တစ်ကိုယ်ရေသန့်ရှင်းကျန်းမာရေးအတွက် ခြေသည်းလက်သည်း ညှပ်ပေးခြင်း၊ ဆေးဝါးကုသလှူဒါန်းခြင်းနှင့် ရိပ်သာအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းတွေကို မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနဲ့အတူ ဆောင်ရွက်ကြပါတယ်၊ ကျွန်မတို့အခုလိုလုပ်လာတာ ဒီနှစ်နဲ့ဆို ၁၃ နှစ်ရှိပါပြီ၊ နှစ်တိုင်းအခုလိုတတ်စွမ်းသမျှဆောင်ရွက်ရသည့်အတွက် ကြည်နူးပီတိဖြစ်ရပါတယ်။ ကျွန်မတို့နဲ့ ဘိုးဘွားတွေဟာ မိဘနဲ့သားသမီးလို ဖြစ်နေပါပြီ၊ နောက်နှစ်တွေမှာလည်း အခုထက် ပိုမိုလှူဒါန်းနိုင်အောင် ကြိုးစားသွားမှာပါ" ဟု ၎င်း၏ အမြင်စိတ်ကူးကို ပြောကြားသည်။

မဝေးလှသော အချိန်တွင် ကျွန်ုပ်တို့သည် အိုနာသေဘေးဆိုသည့် လက္ခဏာကြီးသုံးပါးကို ကြုံတွေ့ကြရမည်သာဖြစ်သည်။ ကျွန်ုပ်တို့ထက်အိုခြင်းဆိုသည့် လက္ခဏာရပ်ကို ရင်ဆိုင်တွေ့ကြုံခံစားနေရသောဘိုးဘွားများအား ပြုစုစောင့်ရှောက်ခြင်းဖြင့် နှစ်ကူးမှာ ထူးကဲတဲ့ကုသိုလ်ရယူနိုင်စေရန် မျှဝေတင်ပြလိုက်ရပါသည်။

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ပိတ်ပွဲနှင့် ဆုပေးပွဲကျင်းပ

မန္တလေး ဧပြီ ၁၇

မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ဆုပေးပွဲ အခမ်းအနားကို ဧပြီ ၁၆ ရက် ည ၈ နာရီက အဆိုပါသင်္ကြန်မဏ္ဍပ်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်အားပေးပြီး ဆုများချီးမြှင့်သည်။

ဆုပေးပွဲ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က တတိယဆုရ မိတ္ထီလာခရိုင်ကိုယ်စားပြု ထီလာမေ အလှပြယာဉ်အား ဆုဖလားနှင့် ဆုငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုရ ပြင်ဦးလွင်ခရိုင်ကိုယ်စားပြု ပန်းမြို့တော်အလှပြယာဉ်အား ဆုဖလားနှင့် ဆုငွေကျပ် ၁၂ သိန်း၊ ပထမဆုရ မန္တလေးခရိုင်ကိုယ်စားပြု မြနန်းမန္တလာ အလှပြယာဉ်အား ပထမတံခွန်စိုက်ဆုဖလားနှင့် ဆုငွေကျပ် ၁၅ သိန်းတို့ကို ပေးအပ် ချီးမြှင့်သည်။

ယင်းနောက် ည ၁၂ နာရီတွင် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ပိတ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်မောင်းက မန္တလေးမြို့တော်သူ မြို့တော်သားများအား နှစ်သစ်မင်္ဂလာ နှုတ်ခွန်းဆက်စကားပြောကြားပြီး ၁၃၇၄ခုနှစ် မန္တလေးမြို့တော်မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အခမ်းအနားကို ပိတ်သိမ်းလိုက်ကာ ၁၃၇၅ ခုနှစ် နှစ်သစ်ကိုအတာရေအိုးများဖြင့် မင်္ဂလာရှိစွာ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

ထို့နောက် ၁၃၇၄ ခုနှစ် မန္တလေးမြို့တော် မြန်မာ့ရိုးရာ ယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် အခမ်းအနားကိုပိတ်သိမ်းလိုက်သည်နှင့် တစ်ပြိုင်တည်း ရောင်စုံစက္ကူအလှများနှင့် ရောင်စုံမီးရှူးပန်းများ ပစ်ဖောက်၍ နှစ်သစ်ကိုကြိုဆိုပြီး မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်မောင်းနှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များ၊ ရုပ်ရှင်ဂီတအနုပညာရှင်များ၊ မြို့တော်စည်ပင်ယိမ်းအဖွဲ့မှ လှပျိုဖြူလေးများသည် မန်းတောင်ရိပ်ခိုသီချင်းကို စုပေါင်းသီဆို၍ အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရသည်။

တင်မောင်(မန္တလေးကိုယ်ပွား)

ဝန်ကြီးချုပ် ဦးရဲမြင့် ပထမဆုရ မန္တလေးခရိုင် ကိုယ်စားပြု မြနန်းမန္တလာအား ပထမတံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုငွေကျပ် ၁၅ သိန်း ချီးမြှင့်စဉ်။

မဟာသင်္ကြန် ပိတ်ပွဲ အခမ်းအနားကျင်းပ

စစ်ကိုင်း ဧပြီ ၁၇

၂၀၁၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ပိတ်ပွဲ အခမ်းအနားကို စစ်ကိုင်းမြို့ ရွှေမင်းဝံ ပန်းခြံအနီး ဗဟိုမဏ္ဍပ်၌ ဧပြီ ၁၆ ရက် ညနေ ၅ နာရီက ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဝင်း ခရိုင်/ မြို့နယ်ဌာနဆိုင်ရာများ၊ ယိမ်းအကအဖွဲ့များ သင်္ကြန်ချစ်သူရပ်ကွက်နေပြည်သူများ တက်ရောက်ကြပြီး ယိမ်းအကအဖွဲ့လေးများက အလှည့်ကျ ဖျော်ဖြေပေးကြကာ ဝန်ကြီး နှင့် တာဝန်ရှိသူများက ဆုရရှိကြသော ယိမ်းအကအဖွဲ့များကို ဆုများပေးအပ်ကြသည်။

မဟာသင်္ကြန်ပွဲတော်ဖြစ်မြောက်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦး ပြောကြားရာ "ဒီနှစ်မှာ ပိုပြီးစည်ကားသိုက်မြိုက်စွာ ကျင်းပပေးနိုင်ပါတယ်"ဟု ပြောကြားသည်။

ဇော်မြင့်နိုင်

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် လှေဝန်းကျေးရွာတွင် နွေရာသီ ရေရှားပါးမှုဖြစ်ပေါ်နေ

မြို့သစ် ဧပြီ ၁၇

မြို့သစ်မြို့နယ် လှေဝန်းကျေးရွာတွင် နွေရာသီသောက်သုံးရေရှားပါးမှုဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။ ယခုကဲ့သို့ နွေရာသီရေရှားပါးမှုမှာ နှစ်စဉ်လိုလိုဖြစ်ပေါ်လျက်ရှိကြောင်းနှင့် နှစ်မိုင်ခန့်ဝေးသည့် ရေပြည့်ဆည်မှလည်း ရေလုံလောက်အောင် ပေးဝေနိုင်ခြင်းမရှိကြောင်း သိရသည်။

သင်္ကြန်တွင်း လေးတိုင်စင်ကျေးရွာမှ ရေကားများဖြင့် ရေလာရောက်လှူဒါန်းလျက်ရှိပြီး ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့)တွင် ရေကားတစ်စီး၊ ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်နေ့)တွင် ရေကားနှစ်စီး လာရောက်လှူဒါန်းခဲ့ကြောင်း လှေဝန်းကျေးရွာနေ ဦးသိန်းဇော်က ပြောကြားသွားသည်။

ကျန်အချိန်များတွင် ရေပြည့်ဆည်အတွင်း လက်ယက်တွင်းများ တူးကာ သောက်သုံးရေအခက်အခဲကို ဖြေရှင်းရကြောင်း သိရသည်။ လှေဝန်းကျေးရွာမှ သုံးမိုင်ခန့်အကွာတွင်ရှိသော ပေါင်းကူးကျေးရွာတွင် အဝီစိရေတွင်းတူးကာ ရေအခက်အခဲကို ဖြေရှင်းခဲ့ကြောင်း သိရပြီး အဝီစိရေတွင်းတူးရာတွင် ကုန်ကျငွေကျပ် သိန်း ၂၀၀ ခန့်ရှိကြောင်း၊ စေတနာရှင်တစ်ဦးက မတည်ငွေကျပ်သိန်း ၁၀၀ ကို လှူဒါန်းပြီး စုပေါင်းကောက်ခံရရှိငွေများဖြင့် အဝီစိ စက်ရေတွင်းတူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယခုကဲ့သို့ နွေရာသီရေရှားပါးမှုပြဿနာကို မြို့သစ်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးသို့ ကျေးရွာတာဝန်ရှိသူများက တင်ပြထားကြောင်း သိရသည်။

(သတင်းစဉ်)

လေးတိုင်စင်ကျေးရွာမှ လာရောက်လှူဒါန်းမည့် ရေကားများကို စောင့်ဆိုင်းနေသည့် ရေစည်လှည်းများ။

သင်္ကြီးဘိုးဘွား ပူဇော်ပွဲ

မော်လူး ဧပြီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးစံပြ ကျေးရွာ၌ (၂၃) ကြိမ်မြောက် သင်္ကြီးဘိုးဘွားပူဇော်ပွဲကို အသက် ၈၀ နှင့်အထက် ၅၆ ဦးအား မြန်မာ့ရိုးရာမဟာသင်္ကြန်အတက်နေ့ (ဧပြီ ၁၆ ရက်) ညနေ ၅နာရီက ကျင်းပကြောင်း သိရသည်။ **(အောက်ပုံ)**

မော်လူးစေတနာရှင် မိဘပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် အလှူငွေကျပ် ၂၅၃၄၇၀၀၊ လှူဖွယ်ပစ္စည်းများနှင့်အတူ ဘိုးဘွားများအား ရိုးရာမပျက်နှစ်စဉ်နှစ်တိုင်းပူဇော်ကန်တော့ကြမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် ပြန်/ဆက်

မြန်မာ့ယဉ်ကျေးမှု အသိပညာပေးဟောပြော

ကျောက်ဆည် ဧပြီ ၁၇

ကျောက်ဆည်ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာကော်မတီမှ ပူးပေါင်းကျင်းပသော မြန်မာအမျိုးသမီးများနှင့် မြန်မာ့ယဉ်ကျေးမှု၊ ယဉ်ကျေးမှုနှင့် နယ်ချဲ့ခြင်း သိကောင်းစရာ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်ဓာတ်ပုံပြပွဲကို ကျောက်ဆည်မြို့နယ် အေသုံးလုံး ဘိလပ်မြေစက်ရုံတွင် ဧပြီ ၁၀ ရက် ညနေက ကျင်းပသည်။

ဟောပြော

ဟောပြောပွဲတွင် ခရိုင်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်အေးအေးဝင်းက ယနေ့ခေတ် မြန်မာအမျိုးသမီးထုအတွင်း ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တိုင်းတစ်ပါးယဉ်ကျေးမှုများဖြစ်သော ဝတ်စားဆင်ယင်မှုများ စီးဝင်လာသဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့်ဆန့်ကျင်ကာ အမြင်မတင့်တယ်သောကြောင့် မြန်မာ့ယဉ်ကျေးမှုနှင့်အညီ မြန်မာအမျိုးသမီးများ မြန်မာ့အလှတရားဖွံ့ဖြိုးလာစေရန် ဟောပြောပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ချိုနွယ်ဦးက မြန်မာအမျိုးသမီးများနှင့် မြန်မာ့ယဉ်ကျေးမှုခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါ်ဝေဝေဖြိုးက ယဉ်ကျေးမှုနှင့် နယ်ချဲ့ခြင်း အန္တရာယ်ခေါင်းစဉ်များဖြင့် မြန်မာ့သမိုင်းကြောင်း မြန်မာ့လူ့ဘောင်အဖွဲ့အစည်းများနှင့် နှိုင်းယှဉ်ကာ အသိပညာပေးဟောပြောကြသည်။

ထွန်းထွန်းနိုင်

မီးပွိုင့်တွင် ရပ်ထားသော မော်တော်ကားကို နောက်မှ ကားက ဝင်တိုက်

နေပြည်တော် ဧပြီ ၁၇

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဟိုတယ်ဇုန် ရာဇသင်္ဂဟလမ်းမပေါ် အဆင့်မြင့်ဈေးမီးပွိုင့်တွင် မီးနီနေချိန် ရပ်တန့်ထားသော မော်တော်ကားကို နောက်မှအရှိန်ပြင်းစွာ မောင်းနှင်လာသောကားက ဝင်ရောက်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဧပြီ ၁၃ ရက် (သင်္ကြန်အကြိုနေ့) မွန်းလွဲ ၁ နာရီ မိနစ် ၂၀ က နေပြည်တော် ဟိုတယ်ဇုန် ရာဇသင်္ဂဟလမ်းမပေါ် အဆင့်မြင့်ဈေးမီးပွိုင့်တွင် ဟိုတယ်ဇုန်ဘက်မှ အဆင့်မြင့်ဈေးမီးပွိုင့်ဘက်သို့ ဇော်လင်း (၃၆ နှစ်)၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်နေပြည်တော်နေသူ မောင်းနှင်သော ၅ဃ/. . . မြန်မာမီနီဆလွန်း (အဖြူရောင်) ယာဉ်သည် ရှေ့မှ မီးပွိုင့်တွင် မီးနီ၍ ရပ်တန့်ထားသော မျိုးဦး (၂၇ နှစ်)၊ မောင်းသော ၇ဃ/. . . လန်းမတ် (အနက်ရောင်) ယာဉ်၏ နောက်ပိုင်းအား ဝင်ရောက်တိုက်မိသဖြင့် ၅ဃ/. . . ယာဉ်မောင်းဇော်လင်းတွင် ဒဏ်ရာများရရှိသွားပြီး နေပြည်တော်ခုတင် (၁၀၀၀)ဆေးရုံသို့ တင်ပို့စဉ်လမ်း၌ သေဆုံးသွားခဲ့သည်။ ၅ဃ/. . . ယာဉ်ပေါ်လိုက်ပါသူ ကျော်မျိုးဦး (၂၉ နှစ်) ဉာဏသိဒ္ဓိရပ်ကွက်နေပြည်တော်နေသူ ဦးကိုလေး အသက်(၄၀) ရွှေနံ့သာရပ်ကွက်နေပြည်တော်နေသူ မသီရိကို(၁၁ နှစ်)၊ ထွန်းလင်းအောင်(၂၄ နှစ်) ဇမ္ဗူသီရိ ဘောလုံးကွင်း နေပြည်တော်နေသူ၊ အောင်မင်းကျော်(၂၆ နှစ်) ရုံးအမှတ်(၃၀) စက်မှုဝန်ကြီးရုံးဝင်းအတွင်းနေသူတို့ ဒဏ်ရာများ အသီးသီးရရှိသောကြောင့် နေပြည်တော်ခုတင် (၁၀၀၀) ဆေးရုံတွင် ကုသမှုခံယူနေရပြီး ယာဉ်အားမဆင်မခြင် အရှိန်ပြင်းစွာ မောင်းနှင်သူ ယာဉ်မောင်းဇော်လင်းအား အရေးယူပေးပါရန် နေပြည်တော်ယာဉ်မှုစစ်ဌာနမှ ဒုရဲအုပ်ကျော်ကျော်နိုင်က တရားလိုပြုလုပ်၍ တိုင်တန်းသောကြောင့် နေပြည်တော် အမှတ် (၂) ရဲစခန်းမှ အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်းမင်းလတ် (မန်းတက္ကသိုလ်)

ဆိုင်ကယ်ဖြင့်တိုက်မိ၍ တစ်ဦးသေဆုံး တစ်ဦးဒဏ်ရာရ

မန္တလေး ဧပြီ ၁၇

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ရေကမိုးကျေးရွာအနီး တံတားဦး-မြို့သာကားလမ်း၌ ဧပြီ ၁၅ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က အရှေ့မှ အနောက်သို့ တံတားဦးမြို့နယ်ထနောင်းကိုင်းကျေးရွာနေ ဇော်ခိုင် (၂၃နှစ်) စီးနင်းပြီး အစ်ကိုဖြစ်သူ ဇော်နိုင် (၂၅နှစ်) လိုက်ပါလာသည့် ဆိုင်ကယ်သည် အရှိန်လွန်ပြီးလမ်းပေါ်တွင် ရေကစားနေသည့် ၄င်းရွာနေ မဇာခြည်လင်း (၁၈နှစ်)အား ဝင်ရောက်တိုက်မိရာ ဇော်ခိုင်တွင် ဒဏ်ရာရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည့်အပြင် မဇာခြည်လင်းတွင် ဒဏ်ရာများရရှိခဲ့၍ တံတားဦးဆေးရုံသို့တင်ပို့ကုသထားရသည်။ ဇော်ခိုင်အား တံတားဦးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချောင်းကူးသံကူကွန်ကရစ်တံတား တည်ဆောက်

မိတ္ထီလာ ဧပြီ ၁၇

မိတ္ထီလာမြို့ ပြည်သာယာမြောက်ပိုင်းနှင့် ပြည်သာယာတောင်ပိုင်း ရပ်ကွက်နှစ်ခု ဆက်သွယ်ထားသည့် (၃)လမ်းရှိ ချောင်းကူးသံကူကွန်ကရစ်တံတားအား ဒေသခံများက ကိုယ့်အားကိုယ်ကိုး တည်ဆောက်လျက်ရှိကြောင်း သိရသည်။

"ပြည်သာယာ မြောက်ပိုင်းရပ်ကွက်နှင့် တောင်ပိုင်းရပ်ကွက်နှစ်ခုအတွက် ဆက်သွယ်သွားလာရာမှာ အားထားနေရတာ ၃ လမ်းက ဒီချောင်းကူးတံတားပါ။ အရင်သက်ဆိုင်ရာက တည်ဆောက်ပေးထားတဲ့ သစ်သားအုတ်ခံတံတားက ကာလကြာတော့ ပျက်စီးသွားတယ်။ တံတားပျက်တော့ ရပ်ကွက်နှစ်ခုစလုံးမှာရှိတဲ့ ဒေသခံတွေရော ဖြတ်သန်းသွားလာတဲ့ခရီးသွားဧည့်သည်တွေပါ သွားရေးလာရေး အခက်အခဲဖြစ်လာတယ်။ ကိုယ့်အားကိုယ်ကိုးတည်ဆောက်ရင်ကောင်းမယ်လို့ ရပ်ကွက်နှစ်ခုစလုံးက ပရဟိတစိတ်ထားရှိတဲ့ လူကြီးလူငယ်တွေ၊ စေတနာရှင်တွေနဲ့ စုပေါင်းတိုင်ပင်ပြီး အခုလို တည်ဆောက်တာဖြစ်ပါတယ်" ဟု ပြည်သာယာ မြောက်ပိုင်းရပ်ကွက်မှ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးကျော်ဇေယျက ပြောသည်။

ချောင်းကူး သံကူကွန်ကရစ်တံတားတည်ဆောက်ရာတွင် SAE အငြိမ်းစားတစ်ဦးက အင်ဂျင်နီယာအတတ်ပညာပိုင်းပံ့ပိုးကူညီခြင်း၊ ရပ်ကွက်နှစ်ခုစလုံးမှ လူငယ်လူကြီးများက လုပ်အားဒါနဖြင့် ပါဝင်ကူညီလုပ်ကိုင်ပေးခြင်း၊ ဒေသခံစေတနာရှင်များက ငွေကြေးနှင့် သဲ၊ သစ်၊ အုတ်၊ ကျောက်နှင့် ဘိလပ်မြေများ လှူဒါန်းခြင်းတို့ဖြင့် နေ့စဉ် တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။ လူသွားလမ်း တစ်ဖက် သုံးပေနှစ်ခုနှင့် ယာဉ်ဖြတ်သန်းမောင်းနှင်ရန် အလယ် ၁၆ ပေလမ်းတစ်ခု စုစုပေါင်း အကျယ် ၂၂ ပေ၊ အရှည်ပေ ၃၀ ရှိ ၄င်းချောင်းကူးတံတား တည်ဆောက်ပြီးစီးပါက ဒေသခံများနှင့် ခရီးဖြတ်သန်းသွားလာသူများအတွက် ခရီးလမ်းလွယ်ကူချောမွေ့မြန်ဆန်စွာ ဖြတ်သန်းသွားလာနိုင်မည် ဖြစ်ကြောင်း သိရှိရသည်။

ချမ်းသာ

ဓာတ်မှန်ဆောင်ဆောက်လုပ်ရန် ငွေလှူ

အထက်မင်းလှ ဧပြီ ၁၇

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် ရေနံမ တိုက်နယ်ဆေးရုံတွင် ဓာတ်မှန်ဆောင်ဆောက်လုပ်ရန်အတွက် ဧပြီ ၁၀ ရက် နံနက် ၉ နာရီခွဲက စိန်တံခွန်ရေနံတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက ငွေကျပ်သိန်း ၁၅၀ လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို အလှူရှင်များအား ပြန်လည်ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်ပြေနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(၀၇၆)

မြန်မာနှစ်ဆန်းတစ်ရက်နေ့က သက်ကြီးဘိုးဘွားများ ပူဇော်ပွဲကို တာချီလိတ်မြို့ မြို့နယ်မှော်ရုံ၌ ကျင်းပရာ ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များက အသက် ၈၀ နှင့်အထက် ဘိုးဘွား ၃၃ ဦးအား ငွေကျပ် ၃၇ သိန်း ကျော်တန်ဖိုးရှိ အလှူငွေနှင့် ပစ္စည်းများအား လှူဒါန်းပူဇော်စဉ်။ (၀၆၀)

ကချင်ပြည်နယ် မဟာသင်္ကြန်ပွဲတော် ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲကျင်းပ

မြစ်ကြီးနား ဧပြီ ၁၇

မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ် ကချင်ပြည်နယ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကို ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့) ညနေ ၅ နာရီက မြစ်ကြီးနားမြို့ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းနှင့်ဇနီး ဒေါ်ကံဆီးဆိုင်းလုံတို့ တက်ရောက်ချီးမြှင့်အားပေးသည်။

ရှေးဦးစွာ ဗဟိုမဏ္ဍပ်မှ ယိမ်းအကအလှများဖြင့် တင်ဆက်ဖျော်ဖြေပြီး မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲ အကဲဖြတ်အမှတ်ပေးဒိုင်ချုပ် မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးကိုက ယိမ်းအကနှင့် အလှပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ယိမ်းအဖွဲ့များ၏ အမည်စာရင်းများ ဖတ်ကြားကြေညာသည်။

အစီအစဉ်အရ မဏ္ဍပ်ပြိုင်ပွဲ တတိယဆုရ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မဏ္ဍပ်နှင့် မနောဧကရီမဏ္ဍပ်တို့အား ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ ဒုတိယဆုရ ငြိမ်းချမ်းခါနွေဦးမဏ္ဍပ်အား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံနှင့်ပထမဆုရ ဆောက်လုပ်ရေးကုမ္ပဏီများမဏ္ဍပ်အား ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းကလည်းကောင်း၊ ကိုယ်ပိုင်သံစဉ် ကိုယ်ပိုင်စာသား ယိမ်းပြိုင်ပွဲတွင် တတိယဆုရ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ယိမ်းအဖွဲ့အား စည်ပင်သာယာရေးဝန်ကြီး ဦးအလေးပါ၊ ဒုတိယဆုရ ပြည်နယ်ရဲတပ်ဖွဲ့ယိမ်းအဖွဲ့အား ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၏ ဇနီးဒေါ်ထုဆိုင်၊ ပထမဆုရ စည်ပင်သာယာရေးယိမ်းအဖွဲ့အား ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကံဆီးဆိုင်းလုံကလည်းကောင်း၊ စီဒီကက်ဆက်ဖြင့် ယိမ်းပြိုင်ပွဲတတိယဆုရ မြစ်ကြီးနားတက္ကသိုလ်ယိမ်းအကအဖွဲ့အား စီးပွားရေးနှင့် စီမံကိန်းဝန်ကြီးဌာနဝန်ကြီး ဒေါက်တာခင်မောင်ထွန်း၊ ဒုတိယဆုရ အမှတ် (၁) ခုတင် (၃၀၀)တပ်မတော်ဆေးရုံ ယိမ်းအဖွဲ့အား စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးဘီထောဇောင်း၊ ပထမဆုရ စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့(စရဖ)ယိမ်းအဖွဲ့အား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးညွန့်အောင်ကလည်းကောင်း၊ ပြိုင်ပွဲအသီးသီးတွင် နှစ်သိမ့်ဆုရရှိသော ယိမ်းအဖွဲ့များအား တာဝန်ရှိသူတို့ကလည်းကောင်း ဆုများချီးမြှင့်ကြသည်။ ဆက်လက်၍ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာက အကဲဖြတ်အမှတ်ပေးဒိုင်ချုပ်အား အမှတ်တရလက်ဆောင်များ ပေးအပ်ပြီး ဆုရယိမ်းအဖွဲ့များက အလှည့်ကျ ပြန်လည်တင်ဆက်ဖျော်ဖြေကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ပိတ်သိမ်းကြောင်းနှင့် ၁၃၇၅ ခုနှစ် နှစ်သစ်အားကြိုဆိုကြောင်း ကြေညာပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရှိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

CDMA ဖုန်းကတ် ပြည်သူများ လျှောက်ထားနိုင်ပြီ

သတင်းနှင့်ဓာတ်ပုံ
တင်ဝင်းလေး (ကြည့်မြင်တိုင်)

ရန်ကုန် ဧပြီ ၁၇

ပထမအသုတ် ကျပ် ၁၅၀၀ တန် CDMA 800 MHZ ဖုန်း SIM Card များကို ဧပြီ ၂၄ ရက်မှ စတင်ကာ ပထမအသုတ်အနေဖြင့် တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် သက်ဆိုင်ရာအစိုးရအဖွဲ့အသီးသီး၏ စီစဉ်မှုများဖြင့် ရောင်းချပေးတော့မည်ဖြစ်ကြောင်း သိရသည်။

ယခုရက်ပိုင်းများမှ စတင်ကာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများရှေ့၌ ထင်သာမြင်သာ ကြော်ငြာဘုတ်များ ထောင်လျက် ရပ်ကွက်ပြည်သူများ သိအောင် ကြေညာထားသည်ကို တွေ့ရသည်။

ကြေညာချက်တွင် ဌာနဆိုင်ရာဝန်ထမ်းများ လျှောက်ထားရန်မလိုကြောင်း၊ လျှောက်ထားသူသည် သီးခြားစာရွက်ပုံစံမလိုအပ်ဘဲ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ မိမိအမည်ပါရှိရာ အိမ်ထောင်စုစာရင်း သို့မဟုတ် ယာယီအိမ်ထောင်စုစာရင်းမိတ္တူဖြင့် ပူးတွဲလျှောက်ရမည်ဖြစ်ကြောင်း ကြေညာထားသည်။

ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ဦးအား မေးကြည့်ရာ "လောလောဆယ်တော့ ကျွန်တော်တို့ကို ရပ်ကွက်ထဲကဖုန်းကတ်လိုချင်တဲ့သူတွေစာရင်းကို ပြုစုခိုင်းထားတယ်၊ နောက်ဆုံးလျှောက်လွှာတင်တဲ့ရက်က ၂၀ ရက်ဆိုတော့ အဲဒီနောက်ပိုင်း စီစဉ်မှုတစ်ရပ်အနေနဲ့ စုရပ်တစ်နေရာရာမှာ မဲနှိုက်ရောင်းချပေးမယ့် အစီအစဉ်ပဲသိရပါသေးတယ်" ဟုဆိုသည်။

စမ်းချောင်းမြို့နယ် အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က "မြို့နယ်အုပ်ချုပ်ရေးအဖွဲ့တွေအနေနဲ့ ဦးဆောင်ပြီး ပြည်သူလူထုလက်ထဲ အမှန်တကယ်ရောက်အောင် ဆောင်ရွက်ပေးတာကောင်းပါတယ်။ သဘာဝလည်း ကျပါတယ်။ မြို့နယ်အလိုက် SIM Card တွေ ဘယ်လောက်ရသလဲ။ ရတဲ့အပေါ်မှာ ရပ်ကွက်အလိုက် ဘယ်လောက်ပြန်ရမလဲ။ ရပ်ကွက်အလိုက်လျှောက်တဲ့အပေါ် မူတည်ပြီး ထင်သာမြင်သာဖြစ်အောင် မဲစနစ်လုပ်ပေးရင်ပိုကောင်းပါတယ်"ဟု အကြံပြုစကားကို ကြားခဲ့ရသည်။

CDMA ဖုန်းများ လျှောက်ထားနိုင်ကြောင်း ရပ်ကွက်ရုံးတစ်ခုတွင် ကြေညာထားသည်ကို ဤသို့တွေ့ရစဉ်။

မိုးသက်လေပြင်းတိုက်ပြီး မိုးကြိုးများ ပစ်ခတ်

မော်လူး ဧပြီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးအုပ်စု အုန်းဒုတ်ကျေးရွာတွင် ဧပြီ ၁၅ ရက် သင်္ကြန်အကြတ်နေ့ ညနေ ၅ နာရီက မိုးသက်လေပြင်းများတိုက်ခတ်၍ မိုးရွာခြင်း၊ မိုးကြိုးပစ်ခတ်ခြင်းကြောင့် အုန်းဒုတ်ရွာနေအိမ်များအတွင်းရှိ တီဗွီ၊ စလောင်းစက်၊ အော်တိုတယ်လီဖုန်း၊ မီးချောင်းများ လျှပ်စစ်စီးဝင်ခြင်းကြောင့် ပျက်စီးခဲ့ရပြီး လူတိရစ္ဆာန်များ၊ အဆောက်အအုံများ ပျက်စီးခြင်းမရှိကြောင်း သိရသည်။

အုန်းဒုတ်ရွာရှိ ရပ်ကွက်သားများပြောကြားချက်အရ မိုးသက်လေပြင်းနှင့် မိုးကြိုးများပစ်ခတ်ခြင်းသည် အချိန်ပိုင်းအားဖြင့် ၅ နာရီခန့်မှ ၅ နာရီခွဲခန့်အထိသာ ဖြစ်သည်ဟု သိရှိရပြီး အော်တိုတယ်လီဖုန်း တစ်လုံး၊ တီဗွီ၊ ဒီဗီဒီစက်များနှင့် စလောင်းစက်၊ မီးချောင်းစုစုပေါင်း ပျက်စီးဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၁၀ သိန်းနီးပါးခန့်ရှိမည်ဖြစ်ကြောင်း ဒေသခံများထံက သိရှိရသည်။ **(၁၇၁)**

လမ်းဘေးအုတ်တိုင်ဝင်တိုက်သည့် ဆိုင်ကယ်မောင်း သေဆုံး

ဝမ်းတွင်း ဧပြီ ၁၇

ဝမ်းတွင်းမြို့နယ် လျော်ပင်ကျေးရွာတွင် ဧပြီ ၁၆ ရက် သင်္ကြန်အတက်နေ့ ညနေ ၅ နာရီခွဲက ရန်ကုန်-မန္တလေးကားလမ်းမိုင်တိုင်အမှတ် ၃၅၃/၀ အနီးတွင် လျော်ပင်ကျေးရွာနေ အောင်နေလင်း ၃၆ နှစ်သည် မြောက်မှ တောင်သို့ ၂၃ယ/--- ဝီဘို ၁၁၀ အနက်ရောင်ဆိုင်ကယ်ကို အရှိန်ပြင်းစွာ စီးလာရာမှ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးစိုက်ထားသော အုတ်တိုင်ကို အရှိန်ပြင်းစွာ ဝင်ရောက်တိုက်မိသည်။ အောင်နေလင်းမှာ အုတ်တိုင်ကိုတိုက်မိပြီး ဒဏ်ရာများရရှိကာ နေရာတွင်ပင် သေဆုံးသွားခဲ့သည်။ ယာဉ်တိုက်မှုကို ဝမ်းတွင်းရဲစခန်းမှ အမှုဖွင့်အရေးယူထားသည်။ **(၀၁၂)**

နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေး

ရန်ကုန် ဧပြီ ၁၇

မင်္ဂလာတောင်ညွန့်မြို့နယ် ရပ်ကွက် ၂၀ သို့ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနက မိုးပွင့်အဆင့် (၅) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်း ကွင်းဆင်းဆောင်ရွက်ခြင်းလုပ်ငန်းကို ဖြေလျှော့ဆောင်ရွက်ခြင်းများဖြင့် ဧပြီ ၁ ရက်မှ မေ ၃၁ ရက်အထိ ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများ ဝမ်းမြောက်ဝမ်းသာကြိုဆိုလျက်ရှိကြောင်း သိရှိရသည်။

ပြောကြား

မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး(ဦးစီးအရာရှိ) ဦးခင်မောင်ညွန့်က မိုးပွင့်စီမံချက်များ ဆောင်ရွက်ခဲ့ပြီး ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့် နိုင်ငံသားဦးရေ ၃၁၉၁ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ပြီး အိမ်ထောင်စုစာရင်းဟောင်းလဲခြင်း၊ အသစ်ထုတ်ပေးခြင်းတို့ကိုလည်း အိမ်ထောင်စု ၂၅၄ စုအတွက် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

ဖြေလျှော့ဆောင်ရွက်မှုများမှာ ပဏာမစာရင်း ရေးသွင်းရာတွင် လျှောက်ထားသူ ကိုယ်တိုင်မလာရောက်နိုင်ပါက အိမ်ထောင်စုစာရင်းဝင်တစ်ဦးက ရေးသွင်းနိုင်ခြင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ သဘောထားမှတ်ချက်မလိုအပ်တော့ခြင်း၊ အထောက်အထားတင်ပြရမည့် အချက်အချို့ကို သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး သဘောထားမှတ်ချက်ဖြင့်ပင် ဆောင်ရွက်ပေးနိုင်ခြင်းတို့ အပါအဝင် အခြားဖြေလျှော့ဆောင်ရွက်မှု အများအပြားပါဝင်ရာ ယခင်ကဲ့သို့ ခက်ခဲမှုမရှိတော့ကြောင်း သိရသည်။

ဆောင်ရွက်

ဧပြီ ၆ ရက်က စံပြဖဆပလ ရပ်ကွက်အတွင်း နိုင်ငံသား ၅၈ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရန် ဆောင်ရွက်ခဲ့သည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစု၏ ၂၀၁၃ ခုနှစ် မဟာသင်္ကြန်ရေကစားမဏ္ဍပ်ပိတ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့) ညနေက လှိုင်မြို့နယ် ပါရမီလမ်းရှိ ရေကစားမဏ္ဍပ်၌ ကျင်းပရာ ယိမ်းအကပြိုင်ပွဲများတွင် ဒုတိယဆုရရှိသော ကြည့်မြင်တိုင်မြို့နယ်အသင်းအား ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဒေါက်တာ ကျော်သူဇော်၏ဇနီး ဒေါ်မြင့်မြင့်ကြည်(ခရိုင်အမျိုးသမီးရေးရာ ဥက္ကဋ္ဌ) ဆုချီးမြှင့်စဉ်။ (၀၄၂)

နှစ်သစ်ကူး နှစ်ဦးဆွမ်းလောင်းလှူပွဲကျင်းပ

စစ်ကိုင်း ဧပြီ ၁၇

မြန်မာနှစ်ဆန်း တစ်ရက်နေ့ နှစ်သစ်ကူးအဖြစ် နှစ်ဦးဆွမ်းလောင်းလှူပွဲအခမ်းအနားကို စစ်ကိုင်းမြို့ နန်းဦးမြို့သစ်ရပ်ရှိ မရှိခဏဘုရားကြီးရင်ပြင်တော်ပေါ်၌ ဧပြီ ၁၇ ရက် နံနက် ၇ နာရီက ကျင်းပရာ မရှိခဏကျောင်းတိုက် ဆရာတော် ဦးပညာဝံသ အမှူးပြုသော ပင့်သံဃာတော်အပါး ၁၀၀ ကျော်တို့အား ရပ်ကွက်နေပြည်သူများက ဆွမ်းသပိတ်အပြည့်အစုံနှင့် လှူဖွယ်ဝတ္ထုတို့ကို လောင်းလှူကြသည်။

ကျောင်းတိုက်ဆရာတော် ဦးပညာဝံသက "ဒါဟာ နှစ်သစ်ကူးအဖြစ် နှစ်ဦးဆွမ်းလောင်းလှူကြတာ ဖြစ်ပါတယ်။ ရပ်ကွက်နေပြည်သူတွေ၊ အိမ်ထောင်စုအလိုက် လောင်းလှူကြတာပါ။ ဘယ်ရွေ့ဘယ်မျှ သတ်မှတ်မထားပါဘူး။ မိမိတို့ သဒ္ဓါတရားထက်သန်သလောက်ပါ။ အဓိကကတော့ ခုနှစ်ရက်သားသမီးများကို ကုသိုလ်ရစေချင်တာပါ။ ဘုရားပွဲတော်ရက်တော့မဟုတ်ပါဘူး။ နှစ်စဉ်ကျင်းပနေကျဖြစ်တဲ့အတွက် အားလုံးကုသိုလ်ဒါန ရစေချင်တာပါလို့" မိန့်ကြားခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

သုံးခွမြို့နယ်တွင် ဆိုင်ကယ်မှောက်၍ လူတစ်ဦးသေဆုံး

သုံးခွ ဧပြီ ၁၇

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ကျောင်းစုပတုပ်ကျေးရွာ မိုင်တိုင်အမှတ် ၄၁/၀ အနီးတွင် ဧပြီ ၁၃ ရက် မွန်းလွဲ ၂ နာရီက ဆိုင်ကယ်မှောက်၍ လူတစ်ဦးသေဆုံးသွားကြောင်း သိရသည်။ ဖြစ်စဉ်မှာ ကိုမျိုးမြင့်နိုင်သည် ဆိုင်ကယ်အမှတ် ၂၅ယ/---- ဂျက်လမက် အမျိုးအစား (မီးခိုးရောင်)ကို မောင်းနှင်၍ နောက်မှ မောင်ကျော်ဇင်ထက်အား တင်ဆောင်ကာ ခရမ်းမြို့မှ သုံးခွမြို့သို့မောင်းနှင်လာရာ ကျောင်းစုပတုပ်ကျေးရွာအနီး အရောက်တွင် ချိုင့်ခွက်ကိုရှောင်လိုက်ရာမှ အရှိန်မထိန်းနိုင်ဘဲ မှောက်သွားသဖြင့် မောင်းနှင်သူ ကိုမျိုးမြင့်နိုင်မှာ သေဆုံးသွားပြီး နောက်မှ စီးလာသူမောင်ကျော်ဇင်ထက်မှာ ဒဏ်ရာရရှိသွားကြောင်း သိရှိရသည်။ **ကိုကျော်(သုံးခွ)**

ချိန်ခါမရွေး သတိပေး
မီးဘေးကင်းဝေးမှာ

ပြည်တွင်းသတင်း

ပြည်နယ်အစိုးရအဖွဲ့သည် လူမျိုး၊ ဘာသာ၊ ဒေသ၊ ပါတီ၊ အဖွဲ့အစည်းအစွဲအလမ်းမထား ပြည်သူမျက်နှာကိုသာကြည့်၍ ဝမ္မဝိဋ္ဌာန်ကျကျ အလုပ်လုပ်နေ

လွိုင်ကော် ဧပြီ ၁၇

မိမိဦးစီးသော ကယားပြည်နယ်အစိုးရအဖွဲ့သည် လူမျိုး၊ ဘာသာ၊ ဒေသ၊ ပါတီ၊ အဖွဲ့အစည်း အစွဲအလမ်းမထားဘဲ ပြည်နယ်မှာရှိကြသော ပြည်သူများ၏ မျက်နှာကိုသာကြည့်၍ ဓမ္မဓိဋ္ဌာန်ကျကျ အလုပ်လုပ်နေခြင်းဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက ပြောကြားသည်။

ကယားပြည်နယ်၏ ရိုးရာပွဲတော်တစ်ခုဖြစ်သည့် (၅၅)ကြိမ်မြောက် စုပေါင်းတံခွန်တိုင် (ကေထိုးဘိုး) ပွဲတော်သို့ တက်ရောက်လာသော ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) မှ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့အား ပြည်နယ်ဝန်ကြီးချုပ်က ၎င်း၏နေအိမ်မြက်ခင်းပြင်၌ ဧပြီ ၁၀ ရက် ညနေက ညစာဖြင့် တည်ခင်းဧည့်ခံစဉ် အမှာစကားပြောကြားရာ၌ အထက်ပါအတိုင်း ထည့်သွင်းပြောကြားခြင်းဖြစ်သည်။

ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားရာတွင် မိမိဦးစီးသော ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်ဖွံ့ဖြိုးရေး၊ တိုးတက်ရေးအတွက် တာဝန်ယူဆောင်ရွက်ခွင့်ရရှိခဲ့သည်မှာ နှစ်နှစ်တင်းတင်း ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့ပြည်နယ်အစိုးရအဖွဲ့စတင်တာဝန်ယူသည့်နေ့မှာပင် မိမိက ပြည်နယ်အစိုးရအဖွဲ့အား ပြောကြားသည်မှာ လူမျိုး၊ ဘာသာ၊ ဒေသ၊ ပါတီ၊ အဖွဲ့အစည်း ဘာအစွဲအလမ်းမှမထားဘဲ ပြည်နယ်မှာရှိကြသော ပြည်သူများ၏ မျက်နှာကိုသာ ကြည့်လျက် ဓမ္မဓိဋ္ဌာန်ကျကျ အလုပ်လုပ်ကြရမည်ဟူ၍ ဖြစ်ပါကြောင်း၊ ယနေ့အထိလည်း ထိုအဓိဋ္ဌာန်အတိုင်း ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ အစိုးရအဖွဲ့အုပ်ချုပ်ရေး တာဝန်ထမ်းဆောင်ချိန်မှစတင်၍ များပြားလှသည့် လုပ်ငန်းကိစ္စရပ်များအနက် ထင်သာမြင်သာရှိသော လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုရှိလာသည်မှာ မည်သူမျှငြင်း၍မရကြောင်း၊ ဒီထက်ဒီထက် ဖွံ့ဖြိုးတိုးတက်လာရန်အတွက်လည်း အစွမ်းရှိသရွေ့ ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချထားပြီးဖြစ်ကြောင်း၊ ယခုလိုဖွံ့ဖြိုးတိုးတက်လာသည်မှာလည်း တိုင်းရင်းသားများ တက်ညီလက်ညီ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့စတင် တာဝန်ယူချိန်မှ တာဝန်ပြီးဆုံးချိန်အထိ ကယားပြည်နယ်တွင် လူနေမှုအဆင့် နှစ်ဆမြင့်တက်လာရန် အဓိဋ္ဌာန်ပြုထားပြီးဖြစ်ပါကြောင်း၊

အလေးအနက် ပြောလိုသည်မှာ ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင် ပြည်နယ်တွင်းနေထိုင်ကြသည့် တိုင်းရင်းသားများကိုယ်တိုင်က ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြည်နယ်ဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင်လည်း ကိုယ်ကျိုးမဖက်ဘဲ မေတ္တာသက်သက်ဖြင့် ဆောင်ရွက်ကြရန် အင်မတန်အရေးကြီးကြောင်း၊ ပြည်နယ်ဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်ရန်အတွက် အဓိကအရေးကြီးသည်မှာ ငြိမ်းချမ်းမှုရှိရန်ပင်ဖြစ်ကြောင်း၊ တစ်ယောက်လက်ကိုတစ်ယောက်ကိုင်၊ တစ်ယောက် ပခုံးတစ်ယောက်ဖက်ပြီး ဆောင်ရွက်ကြမည်ဆိုလျှင် မဖွံ့ဖြိုးမတိုးတက်စရာအကြောင်းမရှိ၊ ငြိမ်းချမ်းစွာဖြင့် ကိုယ့်ပြည်နယ်ဖွံ့ဖြိုးရေး လုပ်ကြမည်ဆိုလျှင် တစ်ရှိန်ထိုးတိုးတက်ပြီး အခြားပြည်နယ်နှင့် တိုင်းဒေသကြီးတွေကို ရင်ပေါင်တန်းနိုင်ရုံသာမက ကမ္ဘာ့နိုင်ငံများနှင့်ပင် ရင်ပေါင်တန်း ယှဉ်ပြိုင်နိုင်သည့် ပြည်နယ်ကလေးတစ်ခု ဖြစ်လာမည်ဟု ရဲရဲဝံ့ဝံ့ပြောလိုကြောင်း၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့သာမက ဤနေရာသို့ လာရောက်ကြသူအားလုံး၊ တိုင်းရင်းသားများအားလုံး ပူးပေါင်းဆောင်ရွက်ကြရန် မေတ္တာရပ်ခံကြောင်း စသည်ဖြင့် ပြောကြားသည်။

ညစာဧည့်ခံပွဲ

ယင်းညစာဧည့်ခံပွဲသို့ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) ယဉ်ကျေးမှုအဖွဲ့နှင့်အတူ အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ စစ်ဘက်နယ်ဘက်မှ ပုဂ္ဂိုလ်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ကြီးမြင့်နိုင်(လွိုင်ကော်)

မြန်မာနှစ်ဆန်းတစ်ရက်နေ့ သီပေါမြို့နယ်တွင် အန္တရာယ်ကင်းပရိတ်ရွတ် သက်ကြီးပူဇော်

သီပေါ ဧပြီ ၁၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင် မြန်မာနှစ်ဆန်းတစ်ရက်နေ့က မြို့ပေါ် (၁၁)ရပ်ကွက်နှင့်ကျေးရွာများတွင် ရှေးရိုးရာအစဉ်အလာမပျက်အန္တရာယ်ကင်း ပရိတ်တရားတော်ရွတ်ဖတ်သရဇ္ဈာယ်ခြင်းနှင့် သက်ကြီးအဘိုးအဘွားများ ပူဇော်ကန်တော့ပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမနှင့်သက်ဆိုင်ရာရပ်ကွက်ရုံးများ၌ စည်ကားသိုက်မြိုက်စွာကျင်းပကြသည်။

အလားတူ တောင်မြို့ရပ်ကွက်ရုံးခန်းမ၌လည်း အသက် (၈၅)နှစ် အထက် အဘိုးအဘွား ၂၀ ဦးတို့အား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုင်းသန်းအေးအမှူးပြုသော **(အပေါ်ပုံ)** ရပ်ကွက်ပြည်သူများက လျှုဒါန်းပူဇော်ကြပြီး ပင့်သံဃာတော်ငါးပါး တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းလျက် အနုမောဒနာတရားနာကြားကာ ပရိတ်တရားတော်များရွတ်ဖတ်၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။

စိုင်း(သီပေါ)

(၄၉)ကြိမ်မြောက်ရခိုင်ရိုးရာသက်ကြီးပူဇော်ပွဲကျင်းပ

စစ်တွေ ဧပြီ ၁၇

ရခိုင်ပြည်နယ် စစ်တွေမြို့တွင် နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲဖြစ်သည့် (၄၉)ကြိမ်မြောက် ရခိုင်ရိုးရာသက်ကြီးပူဇော်ပွဲအခမ်းအနားကို စစ်တွေမြို့ ဦးဉတ္တမပန်းခြံအတွင်းရှိ ဦးဉတ္တမခန်းမ၌ ကျင်းပရာ ရပ်ကွက်အသီးသီးမှ အသက် ၈၀ နှစ်အထက် အဘိုးအဘွား ၁၀၈ ဦးတို့ တက်ရောက်အပူဇော်ခံခဲ့ကြသည်။ အခမ်းအနားသို့ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ သက်ကြီးပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ စေတနာအလှူရှင်များ၊ ယဉ်ကျေးမှုလုပ်ငန်းကော်မတီမှ အကအဖွဲ့ဝင်လူငယ်များ တက်ရောက်ကြသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးအပါအဝင် တက်ရောက်လာကြသူများက သက်ကြီးအဘိုးအဘွားများအား ကန်တော့ပြီး လှူဖွယ်ပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် အပူဇော်ခံ အဘိုးအဘွားများကိုယ်စား အဘိုး ဦးမွှီးလှအောင် (သက်ကြီးအပူဇော်ခံ စာရေးဆရာကြီးဦးရွှေဝ)က ဆုတောင်းမေတ္တာစကား ပြောကြားသည်။

ထို့နောက် သက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီသည် မြို့ပေါ်ရပ်ကွက် ၃၂ ရပ်ကွက်ရှိ စုရပ်နေရာ ၃၅ နေရာသို့သွားရောက်၍ အဘိုးအဘွား ၇၃၄ ဦးတို့အား ရပ်ကွက်တစ်ခုချင်းအလိုက် သွားရောက်၍ ပူဇော်ကန်တော့ခဲ့ကြသည်။ စစ်တွေမြို့လုံးကျွတ်ရခိုင်ရိုးရာ သက်ကြီးပူဇော်ပွဲ ကျင်းပလာခဲ့သည်မှာ ယခုအကြိမ်အထိ (၄၉)ကြိမ်ရှိခဲ့ပြီး ဖြစ်ကြောင်းသိရသည်။ ယခင်နှစ်က အဘိုးအဘွား ၈၂၉ ဦးသာ ကန်တော့နိုင်ခဲ့သော်လည်း ယခုနှစ်တွင် အဘိုးအဘွား ၈၄၂ ဦးအထိ တိုးမြှင့်ကန်တော့နိုင်ခဲ့ပြီး အသက်အကြီးဆုံးမှာ အသက် ၁၀၀ရှိ အဘွား ဒေါ်မဒုံ (ကုန်တန်းရပ်ကွက်) ဖြစ်ကြောင်း သိရသည်။

ကစ္ဆပမိဒီယာ

ကသာမြို့နယ်အတွင်း ယာဉ်အန္တရာယ်ကင်းဝေးစေရေးဆောင်ရွက်

ကသာ ဧပြီ ၁၇

ကသာမြို့တွင် ယာဉ်တိုက်မှုအန္တရာယ်မဖြစ်ပေါ်စေရန် မိုဘိုင်းရွေ့လျားစနစ်ဖြင့် ဆောင်ရွက်၍ ပြည်သူလူထုအသိပညာပေးဆောင်ပုဒ်များဖြစ်သည့် "ယာဉ်ကြီး၊ ယာဉ်ငယ်များ ဘာကြောင့်ရပ်ရပ် လမ်းဘေးချရပ်၊ ၁၃တန်အထက် ပုံစံပြောင်းကားကြီးများ ဖြတ်သန်းမှုမပြုရ၊ သင့်ထက်ဆိုင်ကယ်စီးနင်းကျွမ်းကျင်သူများ သင်္ချိုင်းကုန်းသို့ ရောက်ရှိသွားရာ သင်သူတို့နောက် မလိုက်လိုလျှင် ဆိုင်ကယ်စီး ဦးထုပ်ဆောင်း မေးသိုင်းကြိုးတပ်၍ စီးနင်းပါက ဘေးကင်းကွာမည်" ဟူသော ဆိုင်းဘုတ်များတပ်ဆင်၍ သတိပေးနှိုးဆော်ကာ နေ့စဉ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းရှိစေရေး ဆောင်ရွက်နေကြောင်း သိရှိရသည်။

တိုးတက်များပြားလာ

လူသားများအသက်ရှင်ရေးသည် အလွန်အရေးကြီးသကဲ့သို့ အသက်ရှင်သော်လည်း မှတ်ဉာဏ်နှင့်ကျန်းမာသန်စွမ်းရေးအတွက် လေထုညစ်ညမ်းမှုသည် အဓိကကျသဖြင့် ယာဉ်ကြီးယာဉ်ငယ် မောင်းနှင်သူများ၊ အိပ်ဇောဖွင့် မီးခိုးငွေ့များထွက်ရှိကာ ဆူညံသံများဖြစ်အောင် ပြုလုပ်ထားရှိသော စည်းကမ်းပျက်ယာဉ်များနှင့် လူပိုတင်စီးခြင်း၊ လမ်းပြောင်းပြန်မောင်းနှင်ခြင်း၊ ကန့်လန့်ဖြတ်ရပ်နားထားခြင်းများကို တရားဥပဒေနှင့်အညီ ဒဏ်ရိုက်အရေးယူဆောင်ရွက်နေခြင်းကြောင့် စည်းကမ်းလိုက်နာသူများ ယခင်ကထက် တိုးတက်များပြားလာလျက်ရှိကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် တစ်ဦးထံမှသိရှိရသည်။

(ခရိုင် ပြန်/ဆက်)

မူဆယ်မြို့ မဟာသင်္ကြန်ပွဲတော် အန္တရာယ်ကင်းကင်းပြီးမြောက်

မူဆယ် ဧပြီ ၁၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ ၁၃၇၄ ခုနှစ် မဟာသင်္ကြန်ပွဲတော်အား လေးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သိရှိရသည်။ ပွဲတော်ကျင်းပစဉ် လေးရက်အတွင်း အန္တရာယ်ကင်းကင်း စည်စည်ကားကားဖြင့် ဧပြီ ၁၆ ရက် (အတက်နေ့) ည ၇ နာရီခွဲတိုင်အောင် ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။

အောင်မြင်စွာပိတ်သိမ်းနိုင်

ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်းနှင့်ဇနီး၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင်နှင့် တာဝန်ရှိသူများက ထူးချွန်ဆုရ သင်္ကြန်မဏ္ဍပ်၊ အကအလှအဖွဲ့များအား ဗဟိုမဏ္ဍပ်တွင် ဆုများအသီးသီးချီးမြှင့် ပေးအပ်ပြီးနောက် မြန်မာသီချင်းဖြင့် သီဆိုကပြကာ အောင်မြင်စွာပိတ်သိမ်းနိုင်ခဲ့သည်ဟု သိရှိရသည်။

သိန်းဇော်(ရွှေလီဦး)

မြန်ပြည်တစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်

မြန်မာနိုင်ငံဆရာဝန်အသင်းပိုင်မြေနေရာ အကျိုးရှိစွာ အသုံးချရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စ

(က) အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ အလုပ်အမှုဆောင်အဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းဒေသကြီးများသို့ ကွင်းဆင်း၍ ရှင်းလင်းတင်ပြဆန္ဒခံယူခြင်းကို ပြုလုပ်လျက်ရှိပါသည်။

(ခ) ထို့အပြင် အများဆန္ဒ သဘောထားနှင့်အညီ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အထွေထွေ အစည်းအဝေးကြီးကို မြန်မာနိုင်ငံဆရာဝန်အသင်း၊ ဗဟိုဦးစီးကော်မတီဝင်များ၊ တစ်နိုင်ငံလုံးရှိ အသင်းခွဲကိုယ်စားပြုဆရာဝန်များ၊ ဘာသာရပ်ဆိုင်ရာနှင့် အခြားလုပ်ငန်းအဖွဲ့များမှ ကိုယ်စားလှယ်များဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

(ဂ) ထိုအစည်းအဝေးကြီးတွင် အပြန်အလှန် ဆွေးနွေး၊ တိုင်ပင်၊ ညှိနှိုင်း၊ ဆုံးဖြတ်ကြမည် ဖြစ်ပါသည်။

(ဃ) ကိုယ်စားလှယ်အမည်စာရင်းကို ၂၀၁၃ ခုနှစ် မေ ၁၅ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)သို့ အရောက်ပေးပို့ရမည်ဖြစ်ပါသည်။

(င) ထိုအစည်းအဝေးကြီးသို့ မိမိကိုယ်စားပြုအဖွဲ့၏ သဘောထားကို ရယူခဲ့ရပါမည်။

(စ) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဖော်ပြပါရှိသော လုပ်ပိုင်ခွင့်များအရ အများဆန္ဒသဘောထားနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံ ဆရာဝန်အသင်း



ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ပြည်သူလူထု၏ ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တိုင်းရင်းဆေးသည် ပိုမိုအရေးပါသည့်နေရာသို့ ရောက်ရှိလာ

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် ယုလင်မြို့၌ကျင်းပသော တရုတ်-အာဆီယံ တိုင်းရင်းဆေးဆိုင်ရာ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၁၇

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် ဦးဆောင်သော ကျန်းမာရေးကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၁၁ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ ကွမ်ဇီးဆေးတက္ကသိုလ် (Guangxi - Medical University) သို့ သွားရောက်လေ့လာပြီး ဆေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် အဖွဲ့အားတွေ့ဆုံ၍ ကွမ်ဇီးဆေးတက္ကသိုလ်နှင့် မြန်မာနိုင်ငံဆေးတက္ကသိုလ်များအကြား ဆေးပညာရပ်ဆိုင်ရာ သင်ကြားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပညာတော်သင်များ စေလွှတ်ရေးဆိုင်ရာကိစ္စများ ညှိနှိုင်းဆွေးနွေးကြသည်။ ထို့နောက် ကွမ်ဇီးဆေးတက္ကသိုလ်သင်ကြားရေးဆေးရုံ တိုင်းရင်းဆေးကုသရေးဌာနနှင့် အထူးကြပ်မတ်ကုသဆောင်များသို့ သွားရောက်လေ့လာသည်။

ကြည့်ရှုလေ့လာ

ဒုတိယဝန်ကြီးသည် ဧပြီ ၁၂ ရက်နံနက်ပိုင်းတွင် ယုလင်မြို့ (International Convention and Exhibition Center) ၌ကျင်းပသော တရုတ်-အာဆီယံ တိုင်းရင်းဆေးဆိုင်ရာ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အာဆီယံနိုင်ငံများ ကိုယ်စား မိန့်ခွန်းပြောကြားရာ တရုတ်-အာဆီယံနိုင်ငံများကြား တိုင်းရင်းဆေးပညာရပ် ဖွံ့ဖြိုးတိုးတက်ရေးသည် အပြန်အလှန် အမှီသဟဲပြုလျက်ရှိကြောင်း၊ တရုတ်-အာဆီယံနိုင်ငံများကြား လွတ်လပ်စွာကုန်သွယ်ရေးဇုန်များ သတ်မှတ်ပေးခြင်းနှင့် တိုင်းရင်းဆေးဆိုင်ရာ ညီလာခံများနှင့် ကုန်သွယ်မှုဆိုင်ရာပြပွဲများ နှစ်စဉ်ကျင်းပနိုင်ခဲ့သည့်အတွက် တိုင်းရင်းဆေးကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်ခဲ့ပါကြောင်း၊ ပြည်သူလူထု၏ ပဏာမကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တိုင်းရင်းဆေးသည် ပိုမိုအရေးပါသည့်နေရာသို့ရောက်ရှိလာခဲ့ပြီး ယခုအခါ ဖွံ့ဖြိုးပြီး နိုင်ငံများမှာပင် Natural Medicine များ ပိုမိုသုံးစွဲလာသည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ ၁၉၇၈ ခုနှစ်မှစ၍ ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တိုင်းရင်းဆေးကုသမှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းဆေးဝါးများအား ကျေးလက်တောရွာများအထိ ရောက်ရှိအောင် ၂၀၀၇ ခုနှစ်မှစ၍ အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများ ဖြန့်ဝေပေးလျက်ရှိကြောင်း ပြောကြားပြီး 2013 China-ASEAN Traditional Medicine Expo ပြပွဲကို ကြည့်ရှုလေ့လာခဲ့သည်။

အစည်းအဝေးအပြီးတွင် တရုတ်တိုင်းရင်းဆေးဆိုင်ရာ ကော်မရှင်နာ မစ္စတာဝမ်ဂိုကျင်း (Wang Guoqiang, Former Vice- Minister of Ministry of Health and Commissioner of State Administration of Traditional Chinese Medicine, P. R China) အဖွဲ့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံအကြား တိုင်းရင်းဆေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူးမဇင်းဆည်တွင် သင်္ကြန်ကာလအတွင်း ရေနစ်သေဆုံးမှု နှစ်ကြိမ်ဖြစ်ပွား

ပဲခူး ဧပြီ ၁၇

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အနောက်ဘက်ရှိ မဇင်းဆည်တွင် ဧပြီ ၁၄ ရက် (သင်္ကြန်အကျနေ့) မွန်းလွဲ ၂ နာရီခန့်က အမည်စုံစမ်းဆဲ အသက် (၃၀ နှစ်)ခန့်ရှိ လူတစ်ဦး ရေနစ်သေဆုံးခဲ့သဖြင့် ပဲခူးမြို့ အမှတ် (၂)ရဲစခန်းမှ သေမှုသေခင်းအမှတ် ၄/ ၂၀၁၃အရ အမှုဖွင့်အရေးယူထားသည်။ ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့) နံနက် ၁၀ နာရီခွဲကလည်း ထိုမဇင်းဆည်တွင် မောင်နေလင်း (၂၂ နှစ်)အလင်းရောင် (၁) နန်းတော်ရာ ရပ်ကွက်နေသူ ထပ်မံရေနစ်သေဆုံးခဲ့သဖြင့် သေမှုသေခင်းအမှတ် ၅/ ၂၀၁၃ ဖြင့် အမှုဖွင့်လှစ်ထားပြီး ၎င်းအမှုနှစ်မှုအား စခန်းမှူး ရဲအုပ်စိန်လွင်က စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ မဇင်းဆည်တွင် ယခင်ကတည်းက သက်ဆိုင်ရာတာဝန်ရှိသူများက အန္တရာယ်ရှိကြောင်း သတိပေးဆိုင်းဘုတ်များ တပ်ဆင်ထားသည်။ **သန့်စင်**

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှမသုံးရ

ဂဟေဆော်ရာမှ မီးလောင်မှု မကွေး၌ ဖြစ်ပွား

မကွေး ဧပြီ ၁၇

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့တွင် ညနေ ၃ နာရီ ၁၀ မိနစ်ခန့်က မကွေးမြို့၏ အရှေ့တောင်ဘက် သုံးမိုင်ခန့်အကွာ အောင်စေတနာ ဘီရပ်ကွက် (၁) လမ်းနှင့် (၂)လမ်းကြားရှိ အမေထွားမြေပဲဆီသန့် ကုန်သိုလှောင်ရုံတွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။ **(ယာပုံ)**

၎င်းသိုလှောင်ရုံအတွင်း ဂဟေဆော်ရာမှ မီးစတင်လောင်ကျွမ်းခြင်းဖြစ်ပြီး အခင်းဖြစ်ပွားရာနေရာသို့ မကွေးမြို့နယ်မှ မီးသတ်မော်တော်ယာဉ်လေးစီး၊ မင်းဘူးမြို့နယ်မှ မီးသတ်မော်တော်ယာဉ်နှစ်စီး၊ မြို့သစ်မြို့၊ ရေနံမြို့နှင့် ထောက်ရှာပင်ရေနံမြေတို့မှ မီးသတ်မော်တော်ယာဉ် တစ်စီးစီ၊ ရေသယ်ကူယာဉ် ၂၄ စီး၊ မီးလောင်ရာနေရာသို့ စုစုပေါင်း ၃၃ စီး၊ သန္ဒေမီးသတ်တပ်ဖွဲ့ဝင် ၄၀၊ အရန်အင်အား ၁၅၀ ခန့်တို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး လူနှင့်တိရစ္ဆာန်တို့ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း၊ သေဆုံးခြင်းမရှိဘဲ မီးလောင်ကျွမ်းဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀ ခန့်ဖြစ်ကြောင်း သိရှိရပြီး မီးလောင်မှုနှင့်ပတ်သက်ပြီး ဂဟေဆော်သူ ကိုဇော်နိုင် ၃၄ နှစ် (ဘ) ဦးသိန်းရွှေအား မကွေးမြို့နယ် အမှတ်(၂)ရဲစခန်းမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

မြင့်သူထွန်း (မကွေး)

နိုင်ငံတကာအားကစားသတင်း

ကာဒစ်တို့ လာမည့်ဘောလုံးရာသီ၌ ပရီမီယာ လိဂ်တက်ပြီ

အင်္ဂလန်ချန်ပီယံရှစ်ပွဲစဉ်တွေကို ဧပြီ ၁၆ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားတဲ့အခါ ကာဒစ်နဲ့ ချာလ်တန်တို့ ဂိုးမရှိသရေပွဲဖြစ်ခဲ့တာမို့ ကာဒစ်ဟာ စုစုပေါင်း ၈၄ မှတ်ရရှိပြီး လာမယ့်ဘောလုံးရာသီမှာ ပရီမီယာလိဂ်ကို တန်းတက်ခွင့်ရရှိခဲ့တာမို့ နှစ်ပေါင်း ၅၁ နှစ်ကြာ ဝေးကွာခဲ့ရတဲ့အိပ်မက်တွေ ပြန်လည်ရှင်သန်နိုင်ခဲ့ပါတယ်။

ကာဒစ် ၀-၀ ချာလ်တန်

ချန်ပီယံရှစ်မှာ ခြေစွမ်းပြနေတဲ့ ကာဒစ်ဟာ ချာလ်တန်ကို အိမ်ကွင်းမှာ လက်ခံကစားရပေမယ့် ခက်ခက်ခဲခဲနဲ့ သရေပွဲဖြစ်အောင် ကြိုးစားခဲ့ရပါတယ်။ ပထမပိုင်းပွဲချိန်အတွင်းမှာ ချာလ်တန်ရဲ့ ဂျက်ဆင်က အလွတ်တည်ကန်ဘောမှတစ်ဆင့် ဂိုးသွင်းယူဖို့ကြိုးစားခဲ့ပေမယ့် ကာဒစ်နောက်ခံလူတွေကြောင့် အရာမထင်ခဲ့ပါဘူး။ ကာဒစ်ရဲ့ တာနာ၊ ဘာနက်၊ ကင်ဘိုဂျောင်၊ ဂန်နာဆင်၊ ပက်တို့ ခြေပေါ်အောင်ကစားနိုင်ခဲ့ပေမယ့် တိုက်စစ်မှူးတွေဖြစ်တဲ့ ဘယ်လာမီနဲ့ ဂတ်တီဒီတို့ အဆုံးသတ်မသေချာမှုတွေကြောင့် ဂိုးမသွင်းနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ချာလ်တန်တိုက်စစ်မှာ ဖူလာ၊ ကာမော်ဂန်နဲ့ ဟာရော့စ်တို့က ကာဒစ်နောက်တန်းကို ဖြတ်ကျော်ဂိုးသွင်းနိုင်ဖို့ ကြိုးစားခဲ့ပေမယ့် ကာဒစ်နောက်ခံလူတွေဖြစ်တဲ့ တေလာ၊ တာနာ၊ မက်နက်တန်တို့က ဟန့်တားနိုင်ခဲ့လို့ ဂိုးမရရှိခဲ့ပါဘူး။ ပွဲချိန်ပြည့်တဲ့အထိ ဂိုးမသွင်းနိုင်ခဲ့လို့ ပွဲအပြီးမှာ ဂိုးမရှိသရေဖြစ်ခဲ့တာမို့ ကာဒစ်တို့ အဖိုးတန်တစ်မှတ်ရရှိပြီး လာမယ့်နှစ်ဘောလုံးရာသီမှာ ပရီမီယာလိဂ်ကို တန်းတက်ခွင့် ရရှိသွားပြီဖြစ်ပါတယ်။

ဝုလ်ဗာ ၁-၀ ဟားလ်စီးတီး

ဝုလ်ဗာတို့ ကံကောင်းစွာ အနိုင်ရရှိခဲ့ခြင်း ဖြစ်ပါတယ်။ ဟားလ်စီးတီးဟာ အနိုင်ရလိုစိတ်ပြင်းပြင်းနဲ့ ကစားခဲ့တာမို့ ပထမပိုင်းပွဲချိန်အတွင်း ဝုလ်ဗာတို့ ဂိုးမသွင်းနိုင်ခဲ့ပါဘူး။ ဒုတိယပိုင်းပွဲချိန် ၅၅ မိနစ်ရောက်မှသာ ဝုလ်ဗာအတွက် ဒွိုင်လီက ဂိုးသွင်းယူနိုင်ခဲ့လို့ ပွဲအပြီးမှာ ဝုလ်ဗာတို့ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရရှိခဲ့ခြင်းဖြစ်ပါတယ်။

အစ်ဆွစ် ၃-၀ ခရစ္စတယ်ပဲလေ့စ်

အစ်ဆွစ်တို့က အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်ခဲ့ပြီး ဂိုးတွေလည်း သွင်းယူနိုင်ခဲ့ကြပါတယ်။ အစ်ဆွစ်အတွက် အဖွင့်ဂိုးကို ပထမပိုင်းပွဲချိန် ၃၇ မိနစ်မှာ နက်ဘာလီက သွင်းယူခဲ့ပြီး ဒုတိယဂိုးကို ပွဲချိန် ၄၅ မိနစ်မှာ ခရက်ဝဲလ်က တစ်ဂိုးသွင်းယူခဲ့တဲ့အပြင် ပွဲချိန် ၄၆မိနစ်မှာ နက်ဘာလီက တစ်ဂိုးထပ်မံသွင်းယူခဲ့တာမို့ ပွဲအပြီးမှာ အစ်ဆွစ်က သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ခြင်းဖြစ်ပါတယ်။

ဘလက်ဘန်း ၁-၀ ဟက်ဒါဖီးလ်

ဘလက်ဘန်းတို့လည်း နိုင်ပွဲရအောင် ကြိုးစားခဲ့ရပါတယ်။ ဘလက်တန်းအတွက် ဂိုးကို ပွဲချိန် ၃၇ မိနစ်မှာ ရိုဒက်စ်က သွင်းယူပေးခဲ့တာမို့ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ခြင်း ဖြစ်ပါတယ်။ ။

မိုးမြင့်လင်းလက်
ရေးသားသည်

အားကစားသတင်း အတိုအထွာ

☆ ချာလ်တန်ဂိုးသမားဟာမာအား ဂျူဗင်တပ်စ်အသင်းက လာမည့်နွေရာသီ၌ ခေါ်ယူရန် စောင့်ကြည့်လျက်ရှိသည်။

☆ နည်းပြ မန်ချီနီကို လာမည့်ဘောလုံးရာသီ၌ ဆက်လက်တာဝန်ပေးသင့်မပေးသင့်ကို မဆုံးဖြတ်ရသေးကြောင်း မန်စီးတီးတာဝန်ရှိသူများက ပြောကြားသည်။

☆ အက်သလက်တီကိုမက်ဒရစ်တိုက်စစ်မှူး ဖယ်လ်ကာအိုအား ခေါ်ယူရန် ချယ်လ်ဆီးက ကြိုးစားနေပြီဖြစ်သည်။

☆ ဘိုင်ယန်မြူးနစ်တောင်ပံတိုက်စစ်မှူး ရော်ဘင်က ပရီမီယာလိဂ်သို့ ပြန်လည်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားသည်။

☆ မိမိသည် ယခုနှစ်နွေရာသီ၌ အသင်းမှ ထွက်ခွာလိုကြောင်း တိုက်စစ်မှူးတောရက်စ်က ထုတ်ဖော်ပြောကြားသည်။

☆ လာမည့်နွေရာသီတွင် နာနီနှင့်ကာရစ်တို့အား ရောင်းချမည်ဆိုသည့်သတင်းများအပေါ် ဖာဂူဆန်က မမှန်ကြောင်းဖြင့် ဆိုလိုက်သည်။

☆ ရီးရဲမက်ဒရစ်အသင်း၏ ဘောလုံးသမားဝယ်ယူမှုများကို ပြန်လည်စိစစ်သွားမည်ဖြစ်ကြောင်း ရီးရဲမက်ဒရစ်အသင်း တာဝန်ရှိသူများက ပြောကြားသည်။

☆ ပီအက်စ်ဂျီအသင်းသည် လာမည့်နွေရာသီ၌ တိုက်စစ်မှူးတစ်ဦး ခေါ်ယူသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

မောင်ချစ်ကြည် စုစည်းသည်

ဘရစ်စတောစီးတီး လိဂ်ဝမ်းသို့ တန်းဆင်း

အင်္ဂလိပ်ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲများကို ဧပြီ ၁၆ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဘရစ်စတောစီးတီးအသင်းသည် အိမ်ကွင်း၌ ဘာမင်ဂမ်ကို တစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးပြီး လိဂ်ဝမ်းပြိုင်ပွဲသို့ တန်းဆင်းသွားပြီ ဖြစ်သည်။ အိမ်ရှင်ဘရစ်စတောစီးတီးအသင်းသည် ဆမ်ဘဲလ်ဒေ့ါက ကိုက် ၂၀ အကွာမှ ချေပဂိုးကန်သွင်းရာ လွဲချော်သွားခဲ့သဖြင့် အကောင်းဆုံးအခွင့်အလမ်း ဆုံးရှုံးသွားခဲ့ရသည်။ ဘရစ်စတောစီးတီးတို့ ယင်းပြိုင်ပွဲတွင် ဘာမင်ဂမ်ကို အနိုင်ကစားနိုင်လျှင် တန်းဆင်းခြင်းမှ ရှောင်လွှဲနိုင်မည်ဖြစ်သော်လည်း ရှုံးပွဲကြောင့် တန်းဆင်းခဲ့ရပြီဖြစ်သည်။

တန်းတက်ကာဒစ် ပေါင် ၂၅ သန်းသုံးစွဲမည်

အပြာရောင်ငှက်ဟု တင်စားခေါ်ဝေါ်ရသည့် ကာဒစ်အသင်းသည် ပရီမီယာလိဂ်သို့ တန်းတက်သွားပြီဖြစ်သဖြင့် ကစားသမားသစ်များ ခေါ်ယူရေး ပေါင် ၂၅ သန်း သုံးစွဲသွားမည်ဖြစ်ကြောင်း အသင်းပိုင်ရှင် ဗင်ဆင့်တန်းက ပြောသည်။ မိမိတို့ ကာဒစ်အသင်းအနေဖြင့် လာမည့်ပရီမီယာလိဂ်ပြိုင်ပွဲများ ဆက်လက်အောင်ပွဲရရှိရေးအတွက် ကစားသမားသစ်များ ခေါ်ယူသွားမည်ဖြစ်ကြောင်း၊ ယင်းအတွက် ပေါင် ၂၅ သန်းသုံးစွဲသွားမည်ဖြစ်ကြောင်း ဗင်ဆင့်တန်းက ဆိုသည်။ ကာဒစ်အသင်းသည် ဧပြီ ၂၀ ရက်တွင် ဘန်လေကို အနိုင်ကစားနိုင်လျှင် ချန်ပီယံရှစ်ဖလား ဆွတ်ခူးနိုင်မည်ဖြစ်သည်။

လေးပွဲဆက်တိုက်အနိုင်ရမှု အာဆင်နယ်မစွမ်းနိုင်

ပရီမီယာလိဂ်ပြိုင်ပွဲအဖြစ် အာဆင်နယ်နှင့် အဲဗာတန်တို့ ဧပြီ ၁၆ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိသရေပွဲဖြစ်သွားသဖြင့် အာဆင်နယ်တို့ လေးပွဲဆက်တိုက်အနိုင်ရမှု အဆုံးသတ်ခဲ့ရသည်။ အာဆင်နယ်တိုက်စစ်မှူး ဂီရောက် အပိုင်ကန်သွင်းဘောများ ဖြုန်းတီးခဲ့သဖြင့် နှစ်မှတ်နစ်နာဆုံးရှုံးသွားခဲ့ရသည်။ ဂီရောက်၏ အပိုင်ကန်သွင်းမှုကို အဲဗာတန်နောက်တန်းလူ ကိုးလ်မန်းက ရှင်းထုတ်ပြီး အာဆင်နယ်တို့ထံမှ တစ်မှတ်ရယူခဲ့သည်။ အဲဗာတန်တို့ ယင်းပွဲတွင် သရေကစားနိုင်သဖြင့် ခြောက်ပွဲ ဆက်တိုက်ရှုံးပွဲမရှိ စံချိန်တင်ထားသည်။

ကောင်းမြတ်သူ - ရေးသားသည်



မီးမလောင်မီ (ပြည်သူတို့၏တာဝန်)

(က) မီးဘေးကြိုတင်ကာကွယ်ရေးနှင့်ကြီးကြပ်ရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့မှ မီးဘေးလုံခြုံရေးအတွက် ချမှတ်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ပါ။

(ခ) ရပ်ကွက်များတွင် မီးဘေးလုံခြုံရေးအတွက် မီးကင်းများချထားရာတွင် ကူညီဆောင်ရွက်ပါ။

(ဂ) မီးသတ်တပ်ဖွဲ့မှ မီးဘေးလုံခြုံရေးအတွက် လာရောက်စစ်ဆေးသည့်အခါ ကူညီပေးရန်နှင့် အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်ပါ။

(ဃ) မီးဘေးတားဆီးရေးအတွက် ပြည်သူလူထုမှ ကူညီဆောင်ရွက်ကြပါ။

ရန်သူမီးဘေးတားဆီးရေး မနေးဆောင်ရွက်ကြ

အများသိစေရန်သတိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့၊ အမှတ်(၄)ရပ်ကွက်၊ မှန်ကြိုးရပ်ရှိ **မူလပထမ ဦးချစ်ထွေး၏ ဇီးကွက်ပုန်းရည်ကြီး**လုပ်ငန်းရှင်မိသားစု၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါ ကုန်အမှတ်တံဆိပ်များဖြင့် တုပထုတ်လုပ်ခြင်းမပြုကြရန် သတိပေးကြေညာအပ်ပါသည်။

အထက်တွင်ဖော်ပြထားသည့် **မူလပထမ ဦးချစ်ထွေး၏ ဇီးကွက်ပုန်းရည်ကြီး** ကုန်အမှတ်တံဆိပ်အား လိုင်စင်အမှတ် ၁၀၈ (၃၁-၇-၂၀၀၈) ရက်က လုပ်ငန်းလိုင်စင်ရရှိခဲ့ပြီး **'ရှယ်ထုပ်'** **'အခြောက်ထုပ်'** **'ဆယ်ထုပ်တွဲ'**များအဖြစ် ပြည်တွင်း၌ လက်လီလက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ အခြားအမှတ်တံဆိပ်အမည်ကွဲဖြင့် ထုတ်လုပ်ဖြန့်ဖြူးခြင်း လုံးဝမရှိပါ။

အထက်ပါအမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပြုလုပ်၍ဖြစ်စေ ဆင်တူယိုးမှား အတုအပ မပြုလုပ်ကြရန် သတိပေးအပ်ပါသည်။ **မူလပထမဦးချစ်ထွေး၏ဇီးကွက်ပုန်းရည်ကြီး** ကုန်အမှတ်တံဆိပ်အား တုပ၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုများကို အထောက်အထားခိုင်လုံစွာရရှိလာပါက တည်ဆဲဥပဒေများအရ ထိရောက်စွာတရားစွဲအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဟန်ရင် LL.B
အထက်တန်းရှေ့နေ(စဉ်-၁၈၂၅၀)
အောင်သိဒ္ဓိရပ်၊ အမှတ်(၃)ရပ်ကွက်၊ ညောင်ဦးမြို့၊ ညောင်ဦးခရိုင်၊
ဖုန်း-၀၉-၄၀၂၅၀၀၁၁၇



ဆောင်းပါး

နမ့်တိန်းကတော့ စီးမြဲပင်

မြင့်စိုး(နတလ)

လှမ်းခဲ့ပေါ့ နောင်လုံကန်ကြီးရှိရာကို

ကျွန်တော့်ဘဝတစ်လျှောက်တွင် ရောက်ခဲ့ဖူးသော မြို့ရွာအရပ်ဒေသတစ်ခုသို့ နောက်တစ်ကြိမ်၊ နောက်တစ်ခါ ထပ်၍ထပ်၍ ရောက်လေ့ရောက်ထရှိတတ်ကြောင်း မကြာခဏပြောခဲ့ဖူးပါသည်။ ယခုလည်း ကျွန်တော်အလွန်သံယောဇဉ်ကြီးခဲ့သည့် ဟိုမိန်းဒေသသို့ (၁၇)နှစ်အကြာ၌ ပြန်လည်ရောက်ခဲ့ပါပြီ။ သွားရသည့်ခရီး၊ စီးရသည့်ယာဉ်ချင်းကတော့မတူ။ ၁၉၉၆ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့၌ သွားခဲ့စဉ်က ဟိုမိန်းဒေသတွင် တာဝန်ထမ်းဆောင်မည့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နတလ၊ ထွေ/အုပ်၊ လဝက၊ အကောက်ခွန်၊ တရားရေး၊ ဥပဒေစသော ဌာနဆိုင်ရာအဖွဲ့ဝင် ၃၅ ဦးကို ရန်ကုန်မြို့မှ နမ့်စန်မြို့သို့ တပ်မတော်လေယာဉ်ဖြင့် ပို့ပေးသည်။ နမ့်စန်လေဆိပ်တွင် ဟိုမိန်းဒေသမှ ပြန်လည်ရောက်ရှိလာသော ဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီး မောင်သင့်နှင့် တိုင်းမှူးဗိုလ်ချုပ်တင်ထွဋ်တို့က တွေ့ကြုံရမည့် နယ်မြေဒေသအခြေအနေနှင့် ထိတွေ့ဆက်ဆံရမည့် ပုဂ္ဂိုလ်တို့၏ အခြေအနေများကို ရှင်းလင်းမှာကြားပါသည်။

ယင်းနောက် နမ့်စန်မှ လင်းခေးမြို့သို့ မော်တော်ယာဉ်များဖြင့် လင်းခေးတွင် တစ်ညအခြေပြုရသည်။ ထိုစဉ်က လင်းခေးတွင် ဗျူဟာမှူးတာဝန်ထမ်းဆောင်နေသော ဗိုလ်မှူးကြီးသိန်းညွန့် (ယခုနိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ)က တွေ့ဆုံမှာကြားပြီးနောက် တစ်နေ့၌ လင်းခေးမှဟိုမိန်းသို့ ရဟတ်ယာဉ်များဖြင့် ထွက်ခွာရာတွင် သူကိုယ်တိုင် လိုက်ပါပို့ဆောင်ပေးခဲ့သည်။ ထိုနေ့၊ ထိုရက်၊ ထိုအချိန်မှစ၍ ဟိုမိန်းတွင် တစ်နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပါ၏။

တောင်ပိုင်းလမ်း၊ နမ့်စန်-လင်းခေးလမ်း

ယခုတစ်ခေါက် ဟိုမိန်းခရီးစဉ်ကတော့ဖြင့် မော်တော်ယာဉ်အဆင့်ဆင့်စီး၍ သွားခဲ့ခြင်းဖြစ်သည်။ နေပြည်တော်မှ နံနက် ၄ နာရီခွဲတွင် ရုံးကားလေးကို ကိုယ်တိုင်မောင်းလျက် တောင်ကြီးမြို့သို့ထွက်ခွာခဲ့။ ထိုမှ ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (တောင်ကြီး)ဒုတိယညွှန်ကြားရေးမှူး ဦးညီညီလွင်၏ ကားဖြင့် ဆက်ထွက်ခဲ့ရာ မိုင်းပွန်မြို့မှတစ်ဆင့် နမ့်စန်မြို့သို့ရောက်၊ နမ့်စန်မြို့တွင် လာရောက်စောင့်ကြိုပေးသော ဟိုမိန်းဌာနေပြည်သူ့စစ်အဖွဲ့ဝင် ဦးအောင်နိုင်နှင့်အတူ မိုးနဲမြို့သို့ဖြတ်၊ မိုးနဲမြို့သို့ ရောက်ရှိချိန်တွင် ၁၉၈၂/၈၃ ခုနှစ်များက မိုးနဲ၊ ကျိုင်းတောင်း၊ ကျိုင်းခမ်းခွင်အတွင်း ဗျူဟာမှူးတာဝန်ထမ်းဆောင်ခဲ့သည့် ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးကိုလည်းကောင်း၊ အမှတ်(၁၄)ခြေမြန် တပ်ရင်းမှ တပ်ရင်းမှူးနှင့် အရာရှိ၊ အရာခံ၊ အကြပ်တပ်သားအားလုံးကိုလည်းကောင်း သတိတရရှိမိသည်။

နမ့်စန်-မိုးနဲကားလမ်းမှာ ယခင်ကနှင့်မတူ အထူးကောင်းမွန်သည်။ မိုးနဲနှင့်လင်းခေးအကြား ၂၂ မိုင်ခရီးမှာလည်း ကောင်းနေသည်ပင်။ လိုအပ်သည့်နေရာလေးတွေကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပြုပြင်ပေးလျက်ရှိသည်။ လင်းခေးမြို့သို့ ယင်းနေ့ညနေပိုင်းရောက်ရှိ ညအိပ်ခဲ့သည်။ လင်းခေးသည် တေးရေးဆရာ လင်းခေးလုလင်၊ နိုင်ငံကျော်တေးသံရှင် စိုင်းထီးဆိုင်တို့ကြောင့် အနုပညာလောကတွင် ထင်ရှားခဲ့သောမြို့ဖြစ်သည်။ ၁၉၈၄ ခုနှစ် မိုင်းကိုင်ဒေသသို့ ရှေ့တန်းထွက်ရစဉ် လွိုင်လင်ဈေးကြီးရှေ့၌ ယာဉ်တန်းခဏနားခိုက် လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ကိုစိုင်းထီးဆိုင်နှင့် အမှတ်မထင်တွေ့ဆုံစကားပြောခဲ့ဖူးသည်ကိုပါ အမှတ်ရလာမိသည်။

ကျေးဇူးတင်ပါသည်..တက်ဘုံအန်

လွန်ခဲ့သည်မှ တော်တော်လေးကို လွန်ခဲ့ပြီဖြစ်သော ၂၀၀၁ ခုနှစ် နိုဝင်ဘာလက ကျိုင်းတောင်း/ကျိုင်းခမ်းဒေသမှ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူ(၁၀၄)ဦးကို ဖိတ်ကြားခေါ်ယူပြီး တောင်ကြီး၊ မန္တလေး၊ စစ်ကိုင်း၊ ပုဂံ/ညောင်ဦး၊ မကွေး၊ပြည်၊ ရန်ကုန်မြို့များမှာ လေ့လာရေးခရီး စီစဉ်ဆောင်ရွက်ပေးခဲ့ဖူးပါသည်။ ထိုစဉ်ကတည်းက ကျိုင်းတောင်းဒေသခံများအနေဖြင့် လှုပသောကျိုင်းတောင်းရေတံခွန်ကြီးအကြောင်းကို တခမ်းတနား ဂုဏ်ယူဝင့်ကြွားစွာ ပြောဆိုနေကြပေပြီ။ ဒေသအခေါ် တက်ဘုံအန်ရေတံခွန် ရယ်လို့ ခေါ်ကြကြောင်း၊ အမြင့်ပေ ၂၀၀ ကျော်ခန့်ရှိပြီး နမ့်တိန်းချောင်းမှတစ်ဆင့် ဖြာထွက်ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ထိုအချိန်ကမူ ကျိုင်းတောင်းရေတံခွန်မှ ရေအားလျှပ်စစ်ထုတ်လုပ်ရန် စမ်းသပ်တိုင်းတာနေဆဲ အဆင့်သာရှိပါသေးသည်။ တိုင်းတာရေးအဖွဲ့မှာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဆရာဦးခင်မောင်ဌေးတို့အဖွဲ့ဖြစ်သည်။ ယင်းလေ့လာရေးအဖွဲ့နှင့် ပတ်သက်၍ ကျွန်တော်ဆောင်းပါးတစ်ပုဒ်ရေးခဲ့ဖူးရာ ဆောင်းပါးနိဂုံး၌ "ကျိုင်းတောင်းဒေသက လေ့လာရေးအဖွဲ့ဝင်များဟာ တောင်ကြီး၊ မန္တလေး၊ စစ်ကိုင်း၊ ပုဂံ/ညောင်ဦး၊ မကွေး၊ ပြည်ခရီးစဉ်တစ်လျှောက်မြင်ကွင်းတွေ၊ ရန်ကုန်မြို့ပတ်ဝန်းကျင်က မြင်ကွင်းတွေကို တအံ့တသြငေးမောကြည့်ရှုခဲ့ကြသလို ပြောင်းလဲတိုးတက်လာတဲ့ ကျိုင်းတောင်း/ကျိုင်းခမ်းဒေသကို ကျွန်တော်တို့ ငေးကြည့်ချင်ပါတယ်။ တက်ဘုံအန်ရေတံခွန်ကြီးဟာ ကျိုင်းတောင်းဒေသကို သစ္စာရှိရှိ အကျိုးပြုနိုင်လိမ့်မယ်လို့ အလေးအနက်ယုံကြည်မိပါတယ်"ဟု ဆန္ဒပြုခဲ့ဖူးပါသည်။

ယနေ့အချိန်တွင် ကျိုင်းတောင်းရေတံခွန်ကြီးသည် ကျိုင်းတောင်း/ကျိုင်းခမ်းဒေသကိုသာမက မိုးနဲ၊ လင်းခေးမြို့များအပါအဝင် နေရာဒေသအနှံ့အပြားသို့ လျှပ်စစ်ဓာတ်အားဖြန့်ဝေပေးပို့နေသည်ကို တွေ့မြင်ခဲ့ရသည်။ လင်းခေးမှ ဝမ်ဟတ်-နားကုန်းကျေးရွာလမ်းတစ်လျှောက် နမ့်တွန်၊ နားလင်း၊ ဆောင်ကျဲ၊ ဟန်လွိုင်း၊ လယ်ရွဲ၊ ဝမ်ဟတ်၊ ဝမ်မုံ၊ ခွန်အွတ်၊ ဝမ်အင် စသည့် ကျေးရွာတိုင်းတွင် ထရန်စဖော်မာတစ်လုံးစီထိုင်ထားပြီး လျှပ်စစ်ဓာတ်အားများထိန်ထိန်ညီးညီး အသုံးပြုနေသည်ကို ဝမ်းမြောက်စွာတွေ့မြင်ခဲ့ရသည်။ ဝမ်ဟတ်တိုက်နယ်တစ်ခုလုံး မီးလင်းရေးဆိုသည့်ရည်မှန်းချက်ကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြပေပြီ။ လမ်းသာခြင်းနှင့် လျှပ်စစ်မီးရှိနေခြင်းတို့သည် ကျေးရွာများကို ဖွံ့ဖြိုးတိုးတက်စေခဲ့သည်။

နားကုန်း-ဝမ်စလောင်း-တာစွတ်တိန်း-ဟိုမိန်းလမ်း

နားကုန်းမှ တာစွတ်တိန်း ကူးတို့ဆိပ်ထိ ၃၃ မိုင်ခန့်ရှိသည်။ တာစွတ်တိန်း-ဟိုမိန်းလမ်းသည် ၃၂ မိုင်ခန့်ကွာဝေးသည်။ နားကုန်းမှ ဝမ်စလောင်းအကြား မိုင် ၂၀ ခန့်ရှိရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အပိုင်းလိုက်ပြုပြင်ဖောက်လုပ်ခြင်း၊ ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည်။ ဝမ်စလောင်းနှင့် တာစွတ်တိန်းကြား ကျောက်တောင်အတက်လမ်းမှာမူ လမ်းကျဉ်းလမ်းကြမ်းဖြစ်သဖြင့် ဆက်လက်ပြုပြင်ရန် လိုအပ်ပါသည်။ ယခင်က စက်လှေဖြင့် လူချည်းသက်သက် ဖြတ်ကူးရသော တာစွတ်တိန်းကူးတို့ဆိပ်တွင် ယခုအခါ ကားကြီးကားငယ်များပါ ဖြတ်ကူး၍ရသည့် ကူးတို့ဖောင်တစ်ခုရှိနေပြီဖြစ်သည်။ တာစွတ်တိန်းကို ရှမ်းဘာသာစကားအရ အဓိပ္ပာယ်ဖွင့်ရလျှင် တာသည် ကူးတို့ဆိပ်၊ စွတ်သည် ချောင်းဝ၊ တိန်းသည် နမ့်တိန်းချောင်းဖြစ်၍ နမ့်တိန်းချောင်းနှင့် သံလွင်မြစ်ဆုံရာ ကူးတို့ဆိပ်နေရာဟု ပြောရမည်ပင်။ တာစွတ်တိန်းကူးတို့ဆိပ်မှ ကူးပြီးနောက် သံလွင်မြစ် အရှေ့ဘက်ကမ်းအတိုင်း မြောက်ဘက်သို့ လေးမိုင်ခန့်သွားလျှင် ရေဝဲစခန်းသို့ရောက်သည်။ အတက်မကြမ်းသေး။ ရေဝဲစခန်းမှ မယိုးယံအထိမှာမူ မြင့်မားလှသည်။ မယိုးယံသည် ယခင်က တပ်စခန်းရှိသောနေရာ၊ ရိက္ခာတွေစုပုံခဲ့သော စခန်းထောက်နေရာ။ ဟိုမိန်းဒေသမှ နယ်မြေလူထု စားသုံးရန်အတွက် ဆန်အိတ်များကို စစ်သည်များက ချွေးသံရွှဲရွှဲဖြင့် ထမ်းတင်ခဲ့ရသော နေရာဖြစ်သည်။ ယခုမူ တဲအိမ်ငယ်ငယ်လေး သုံးလေးလုံးဖြင့် တိတ်ဆိတ်ငြိမ်သက်လျက်။ တာစွတ်တိန်း-ဟိုမိန်းလမ်းသည် မြေလမ်းဖြစ်သည်။ ဟိုမိန်းရှိ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ဝင်းခိုင်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြေထိုးမြေညှိ ပြုပြင်ထားပြီးဖြစ်၍ ညီညာပြန့်ပြူးစွာ မောင်းနှင်သွားလာနိုင်သည်။

နမ့်တိန်းရေအလျဉ်ကဲ့သို့

နမ့်တိန်းချောင်းသည် ရှမ်းပြည်နယ် မြောက်ပိုင်းမှသည် တောင်ပိုင်းဆီသို့ ရှည်လျားစွာ ဖြတ်သန်းစီးဆင်းလျက်ရှိသည်။ တည်ငြိမ်သည်၊ အေးချမ်းသည်။ အထူးသဖြင့် ကျိုင်းတောင်း ရေတံခွန်ကြီးကို ဖြစ်ပေါ်စေခဲ့သဖြင့် ဒေသတစ်ခုလုံးကို သစ္စာရှိစွာ အကျိုးပြုလျက်ရှိသည်။ နမ့်တိန်းရေအလျဉ်သည် ထာဝရတည်ငြိမ်အေးချမ်းစွာ စီးဆင်းနေဘိသကဲ့သို့ ဤမြေမှာမွေး၊ ဤမြေမှာကြီး၊ ဤခရီးကို အတူသွားကြမည့် ဒေသခံတိုင်းရင်းသားများနှင့် တစ်ချိန်က အယူအဆအမျိုးမျိုးဖြင့် လက်နက်ကိုင်ခဲ့ကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများသည် မိမိတို့ဒေသ၊ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အတွေးသစ်၊ အမြင်သစ်များနှင့် လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြလိမ့်မည်ဟု ယုံကြည်မိပါကြောင်း။

ဖာပွန်ခရိုင် ဥပဒေရုံး ရုံးခန်းသစ်ဖွင့်လှစ်

ဖာပွန် ဧပြီ ၁၇

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဥပဒေရုံး ရုံးခန်းသစ်ဖွင့်လှစ်ပွဲကို ဧပြီ ၉ ရက် နံနက် ၉ နာရီက ဖာပွန်ခရိုင် စုပေါင်းရုံးအဆောက်အအုံရှိ ခရိုင်ဥပဒေရုံး ရုံးခန်းသစ်ရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ ကရင်ပြည်နယ် ဥပဒေအရာရှိ ဒေါ်ခင်မာကြည်၊ ပြည်နယ်ဥပဒေရုံး ရုံးအဖွဲ့မှူး ဦးဌေးအောင်၊ ဖာပွန်ခရိုင်အုပ်ချုပ်ရေးမှူး ဦးစောမြတ်ထွဋ်ဝင်းနှင့် ခရိုင်/မြို့နယ်အဆင့်ရှိ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများ အင်အား ၁၅၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် မြို့နယ်ဥပဒေအရာရှိ ဦးညီညီစိုးက ဆောင်ရွက်ပြီး ပြည်နယ်ဥပဒေအရာရှိက အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးမှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပြည်နယ် ဥပဒေအရာရှိ ဒေါ်ခင်မာကြည်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစောမြတ်ထွဋ်ဝင်းနှင့် ခရိုင်ဥပဒေအရာရှိ ဦးဝင်းရီတို့က ရုံးခန်းသစ်အဆောက်အအုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြကြောင်း သိရှိရသည်။ **(ဝဲပုံ)**

(မြို့နယ် ပြန်/ဆက်)

ငွေရတုမင်္ဂလာဆုမွန်လွှာ

ဖေဖေ ဦးအောင်ကျော်ထွန်းနှင့် မေမေ ဒေါ်သဇင်နွယ်ရည်တို့၏ ၁၈-၄-၂၀၁၃ ရက်တွင် ကျရောက်သော ငွေရတုမင်္ဂလာမှသည် ရွှေရတု၊ စိန်ရတုမင်္ဂလာသို့တိုင်အောင် ပျော်ရွှင်ချမ်းမြေ့နိုင်ပါစေလို့ မေတ္တာဆုမွန်တောင်းလိုက်ပါတယ်။

သားကြီး-ဖိုးသား
သားလတ်-ငယ်လေး
သားငယ်-ပူတူး

ပျောက်ဆုံးသွားပါကြောင်း

ကျွန်တော် ဦးသန်းမြင့် ၁၂/အမန(နိုင်)၀၁၅၅၈၄ ကိုင်ဆောင်သူ၏ CDC-36018 SID ကတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။ **ဖုန်း-၀၉-၄၂၁၁၀၀၆၃၀**

အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက(၃)၊ နဝမတန်း(က)တွင်ဖြေဆိုခဲ့သော ဦးမောင်မောင်အေး ၉/မမန(နိုင်)၀၁၉၀၉၂၏သမီး မအေးမြတ်နွယ်၏ အမည်မှန်မှာ မအေးမြတ်ဖြူ ဖြစ်ပါသည်။ **မအေးမြတ်ဖြူ**

အမည်မှန်

သီပေါမြို့၊ ပန်းတိမ်မြောက်ရပ်ကွက်၊ နယ်မြေ(၁၀)၊ နွင်းဆီလမ်းနေ ဦးကျောက်ချန်း-ဒေါ်ရန်ဝင်ချင်းတို့၏သား အမည်မှန်မှာ ကျောက်ကြားဌေ(ခ)အိုက်ဌေ(ခ)စောက်ကြားဌေ ၁၃/သပန(ပြု)၀၀၀၀၇၆ ဖြစ်ပါသည်။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဟ/၇၂၉၁၊ ယူတီကေ-၁၊ သုံးဘီးယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော် ၅/မရန(နိုင်)၀၀၁၀၀၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာမြို့)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
သာကေတမြို့နယ်တရားရုံး၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၉

ဒေါ်အေးအေးနွယ် **နှင့်** ဦးချစ်ဟန်
တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ပြေ ၂၀လမ်း၊ အမှတ် ၁၁ နေ တရားပြိုင်ဖြစ်သော ဦးချစ်ဟန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်အေးအေးနွယ်က သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၁၂အရ ကတိပဋိညာဉ်အတိုင်း အိမ်နှင့်မြေ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ဂရန်အမည်ပေါက်သည်အထိ ဆောင်ရွက်ပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်ရာ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဧပြီ ၂၄ရက် (၁၃၇၄ခုနှစ် တန်ခူးလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဧပြီ ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ကျော်ကျော်ဝင်း
မြို့နယ်တရားသူကြီး
သာကေတမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
သာကေတမြို့နယ်တရားရုံး၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂၀

ဒေါ်အေးအေးနွယ် **နှင့်** ၁။ ဦးစိုးမြင့်
၂။ ဦးအုန်းသွင်
တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ပြေ ၂၀လမ်း၊ အမှတ် ၁၁ နေ တရားပြိုင်များဖြစ်သော ဦးစိုးမြင့်နှင့် ဦးအုန်းသွင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်အေးအေးနွယ်က သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၁၂အရ ကတိပဋိညာဉ်အတိုင်း အိမ်နှင့်မြေ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ဂရန်အမည်ပေါက်သည်အထိ ဆောင်ရွက်ပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်ရာ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဧပြီ ၂၄ရက် (၁၃၇၄ခုနှစ် တန်ခူးလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူများ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဧပြီ ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ကျော်ကျော်ဝင်း
မြို့နယ်တရားသူကြီး
သာကေတမြို့နယ်တရားရုံး

ကြော်ငြာ

ထွန်းရွှေဝါဆေးတိုက် နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သော မြန်မာ့တိုင်းရင်းဆေးဝါးများအား အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုး ကူညီအားပေးခဲ့ကြသော ကျေးဇူးရှင်ဆရာသမားများနှင့် မိတ်ဆွေအပေါင်းအသင်းများ၊ အနယ်နယ်အရပ်ရပ်ရှိ ဆေးရောင်း ကိုယ်စားလှယ်တော်ကြီးများနှင့် သုံးစွဲသူ မိဘပြည်သူများ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အတွင်းရှိ ပြည်သူ ပြည်သားများအားလုံး မြန်မာသက္ကရာဇ် ၁၃၇၅ခုနှစ် နှစ်သစ်မင်္ဂလာအခါသမယမှစ၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်အတူ စီးပွားဥစ္စာများ ဒီရေအလား တိုးတက်ပါစေကြောင်း ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

မင်္ဂလာဆုတောင်း

ဒေါယုဇနကျော်ထင်ဝိုက်ချွပ်မောင်မောင်အုန်း (ညွန့်မှူး - တာကနယ်) နှင့် ဒေါ်ခင်ရွှေဝင်းတို့၏ (၁၈ - ၄ - ၂၀၁၃) တွင်ကျရောက်သော (၂၉) နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတု တိုင်အောင် ချစ်သားသမီးမြေးများနှင့် အစစကိုအင်ဆနွှ ပြည့်ဝပျော်ရွှင်သာယာ ချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းများဖွာဖြင့် ....

အန်တီဦး၊ အန်တီမွေး၊ သမီးလေး၊ ထူးနှမိမျိုးမြတ်၊ ဗိုလ်အောင်ကျော်လမ်း

"ဟောပြောပွဲဖိတ်ကြားခြင်း"

မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများအသင်းမှကြီးမှူးကျင်းပ၍ မြန်မာနှစ်သစ်မင်္ဂလာတွင်မြန်မာ့လူငယ်များအသိပညာတိုးပွားစေခြင်းအလို့ငှာ ဆရာကြီးပါမောက္ခဒေါက်တာအောင်ထွန်းသက် မှ

"Improving Of Service Quality In Hospitality Industry"

ခေါင်းစဉ်ဖြင့် အောက်ပါအစီအစဉ်အတိုင်းဟောပြောပို့ချ မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို(အခမဲ့) တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

အချိန် - မွန်းလွဲ (၀၁း၀၀)နာရီ
နေ့ရက် - ၂၀. ၀၄. ၂၀၁၃ (စနေနေ့)
နေရာ - Central Hotel , Yangon

ဆရာကျော် "ဝါရင့်ကျွမ်းကျင်ယာဉ်မောင်း"

ကားတစ်စီးအား ယုံကြည်စိတ်ချစွာ မောင်းနှင်နိုင်ရန် သင်ကြားပေးသည်။ လိုင်စင်ကိစ္စဆောင်ရွက်ပေးမည်။
Ph:09-512-1284, 09-420-707802

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃-စီ၁၊ မြေကွက်အမှတ် V ၁၂၈၊ ဧရိယာ ၀ဒသမ ၀၃၂၈ဧက၊ နှစ် ၉၀ ဂရန်မြေပေါ်ရှိ အမှတ် ၁၄၊ ရွှေဘိုလမ်း၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့် အိမ် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် မိခင်ဖြစ်သူ ဒေါ်မြတ်မြတ်စိုး(ခ)ဒေါ်မြပိုပို CA-၀၁၂၀၅၆ အမည်ပေါက်လျက်ရှိပြီး ၄င်းကွယ်လွန်သဖြင့် တရားဝင်ဆက်ခံသူ သားသမီး များဖြစ်သော ဒေါ်ဥမ္မာဇော် ၁၂/တမန(နိုင်)၀၁၃၉၈၅ ပါ ၄ ဦးတို့က အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် ၇၄၉၂/၂၀၁၂ (၁၁-၁၂-၂၀၁၂)အရ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကောင်းမြတ်ဇော် — **အထက်တန်းရှေ့နေ(စဉ်-၃၇၂၂၅)**
ဦးသန့်ဇော် — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**

အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၄)ရပ်ကွက်၊ လမ်း ၂၀၊ အမှတ် ၁၃၆(လေးလွှာ) (ခေါင်းရင်းခန်း)ဟုခေါ်တွင်သော တိုက်ခန်းအကျယ်အဝန်း(၁၂½ပေ×ပေ၄၀)အကျယ်ရှိ တိုက်ခန်း နှင့် အဆိုပါတိုက်ခန်းတွင် တပ်ဆင်ထားသော Air Con တစ်လုံး၊ကိုယ်ပိုင်ရေမော်တာ၊ လျှပ်စစ် မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ထားရှိ ပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်စန်းစန်းရီ ၁၂/လသန(ဧည့်)၀၀၁၆၅၂ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လီလီ(ခ)ဒေါ်အေးအေးယု ၆/မအရ(နိုင်)၀၉၉၅၂၃က ဝယ်ယူမည်ဖြစ်သောကြောင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ သက်ဆိုင်ပတ်သက် ကန့်ကွက်လိုသူများ ရှိပါက တရားဝင်စာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှ စ၍ ၁၀ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကို ဥပဒေနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးနေမျိုးထွဋ် အထက်တန်းရှေ့နေ (စဉ်-၂၉၉၄၃)
LL.B., Diploma in Business Law
Pioneer Law Firm
အမှတ်(၁၃၂/အေ)၊ အခန်း ၃၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၄၆၂၁၆



မြေ ရောင်းမည်

ထားဝယ်မြို့၊ ပိန္နဲတောရပ်၊ သုခလမ်း၊ ရှစ်ပေလမ်း အပါအဝင် ပေ(၅၄×၁၄၀) မြေကွက်၊ ရောင်းဈေး ကျပ်သိန်း ၁၆၀။ **ဆက်သွယ်ရန် ရန်ကုန် ဖုန်း-၀၁-၆၆၇၉၈၃၊ ထားဝယ် ဖုန်း-၀၅၉-၂၃၀၃၆**

မာလာတင်

အမျိုးသမီး ကိုယ်ကာယအလှသင်တန်း

စာရင်းလက်ခံပြီ
၂-၅-၂၀၁၃ ရက်စမည်
စုံစမ်းချိန်-နံနက် ၉ နာရီမှ
ညနေ ၃ နာရီအတွင်း

လူဦးရေကန့်သတ်သည်
အမှတ်(၂၉၇)၊ အခန်း(၆)၊
မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့
ဖုန်း-၃၇၉၇၃၅၊ ၃၈၄၉၂၄



ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၁-အိုး၊ မြေကွက်အမှတ် ပဥ္စမတန်းစား ၂၅၄၊ မြေကွက်တည်နေရာအမှတ် ၁၁၊ ၁၂၂လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အမည်ပေါက် အစိုးရမြေအား ပြည်ထဲရေးဝန်ကြီး ဌာနအမိန့် ၃၁-၁၀-၂၀၁၁ရက်စွဲပါ စာအမှတ် ၂၀၀/၂-၁၅၈/ရေး-၃တွင် ဒေါ်တင်တင်လှ၊ ဒေါ်တင်တင်စိုး၊ ဒေါ်တင်တင်နိုင်၊ ဒေါ်ဘေဘီ (ကွယ်လွန်)၏ အမွေကြောင်းသက်ဝင်သူများ အားလုံး အမည်ပေါက်ရေးရည်ရွယ်၍ တည်ဆဲ ဥပဒေများနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်နိုင်ရန် မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်း များအပိုဒ်(၁၇)အရ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီသို့ လွှဲပြောင်းပေးလိုက်သည့် အမိန့်အရ ဒေါ်ဘေဘီ(ခ)ဒေါ်တင်တင်ညို (အပိုကြီးဘဝဖြင့်) ကွယ်လွန်သဖြင့် (၁) ဒေါ်တင် တင်လှ ၁၂/မဂတ(နိုင်)၀၇၃၁၀၇၊ (၂) ဒေါ်တင် တင်စိုး ၁၂/မဂတ(နိုင်)၀၈၁၉၈၃၊ (၃) ဒေါ်တင် တင်နိုင် ၁၂/မဂတ(နိုင်)၀၀၈၈၃၁တို့က ညီအစ်မ တော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် ပြည်ထဲရေး အမိန့်တို့ကိုတင်ပြ၍ ဂရန်သစ်လျှောက်ထား လာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပထဝီဝင် (တတိယ)နှစ်တွင် ပညာသင်ကြားသော မောင်မျိုးမင်းဦး၏ ဖခင်အမည်မှန်မှာ ဦးစောစိန်အေး ၁၂/မဘန(နိုင်)၀၇၅၀၆၂ ဖြစ်ပါသည်။

ကြော်ငြာ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားစနစ်ဌာနမှ တံခွန်တိုင်ဓာတ်အားခွဲရုံတွင် ၁၃၂/၃၃/၁၁ကေဗွီ၊ ၅၀ အမ်ဗွီအေ ထရန်စဖော်မာ(၂)စုံ လဲလှယ်တပ်ဆင်ရန်အတွက် လိုအပ်သောပစ္စည်းများကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံ ရောင်းချမည့်ရက်	၂၂-၄-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်	၁၀-၅-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန်	၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားစနစ်ဌာနမှ သာစည် ဓာတ်အားခွဲရုံတွင် ၁၃၂/၃၃/၁၁ကေဗွီ၊ ၅၀ အမ်ဗွီအေ ထရန်စဖော်မာ တိုးချဲ့တပ်ဆင်ရန်အတွက် လိုအပ်သော ဆက်စပ်ပစ္စည်းများကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံ ရောင်းချမည့်ရက်	၂၂-၄-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်	၁၀-၅-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန်	၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
တယ်လီဖုန်းသုံးစွဲသူ မိဘပြည်သူများသို့ အသိပေးနှိုးဆော်ချက်

တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတို့တွင် တပ်ဆင်အသုံးပြုလျက်ရှိသော တယ်လီဖုန်းများအားလုံး၏ **၂၀၁၃ခုနှစ် ဖေဖော်ဝါရီလ သုံးစွဲကာလ**အတွက် တယ်လီဖုန်းအခွန်ငွေများအား အောက်ပါသတ်မှတ်ရက်များတွင် နောက်ဆုံးထား ပေးဆောင်ပါရန်နှင့် သတ်မှတ်ရက်ကာလအတွင်းပေးဆောင်ခြင်းမရှိသည့် တယ်လီဖုန်းများအား ဆက်သွယ်မှု ယာယီဖြတ်တောက်ရမည် ဖြစ်ပါကြောင်း မိဘပြည်သူများသို့ ကြိုတင်အသိပေး နှိုးဆော်အပ်ပါသည်။

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	တယ်လီဖုန်းအမျိုးအစား	နောက်ဆုံးအခွန်ငွေ ပေးသွင်းရမည့်ရက်
၁။	နေပြည်တော်၊ရန်ကုန်၊မန္တလေး	Auto,CDMA	၂၆-၄-၂၀၁၃
	စစ်ကိုင်း၊မကွေး၊ကချင်၊ကရင်၊	GSM(Mobile)	
	ကယား၊ ဧရာဝတီ၊ မွန်၊	E-mail, ADSL	
	ပဲခူး(အရှေ့/အနောက်)	MPT Settlite	
၂။	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	Auto, CDMA,	၃-၅-၂၀၁၃
	ရှမ်းပြည်နယ်(မြောက်ပိုင်း)	GSM(Mobile)	
	ရှမ်းပြည်နယ်(တောင်ပိုင်း)	E-mail, ADSL,	
	ချင်း၊ ရခိုင်၊ တနင်္သာရီ	MPT Settlite	

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ပျောက်ဆုံးကြောင်း
ကျွန်တော် ဦးဇော်မင်းထွန်း၏ ပတ်စ်ပို့စာအုပ်အမှတ် A-422016မှာပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၁၂၄၅၉၈၅**

မြို့မြေကွက်ချထားပေးမှုပေါ်တွင် လူနေအိမ်ဆောက်လုပ်ခြင်း မရှိသေးသည့်အတွက် အများသိစေရန်ကြေညာခြင်း

၁။ [illegible] မြို့နယ်အား ၁၉၉၅ခုနှစ်တွင် [illegible] (၃၀၈၉) ကွက်ကို [illegible] လူနေအိမ်ယာကွက်များ ချထားပေးခဲ့ရာ [illegible] လူနေအိမ်ယာကွက်ပိုင်ရှင်အများစုမှာ (၁၆) နှစ်ကျော်ကြာလာသည့်တိုင်နေအိမ်များဆောက်လုပ်ခြင်း [illegible] မရှိသေးသည်ကိုစိစစ်တွေ့ရှိရပါသည်။

၂။ [illegible] လုပ်ငန်းများကိုအချိန်အတိုင်းအတာဖြင့် ဆောင်ရွက်သွားရန်ရှိသည့်အတွက် [illegible] အိမ်ယာကွက်ပိုင်ရှင်များသည် မိမိတို့၏ ပိုင်ဆိုင်မှု အထောက်အထားများနှင့် အတူ [illegible] မြို့မြေယာချထားရေးကော်မတီနှင့် အမြန်ဆက်သွယ်ပြီး နေအိမ်အဆောက်အအုံများအား (၃) လအတွင်း ဆောက်လုပ် ကြရန်နှင့် [illegible] လူနေအိမ်ဆောက်လုပ်နေထိုင်မည့်သူများအားအစားထိုးပြန်လည်ချထား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

မြို့မြေယာချထားရေးကော်မတီ
[illegible]မြို့နယ်

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၄)၊ လူနေရပ်ကွက်အမှတ်-သမိုင်း၊ မြေကွက်အမှတ် (၈/E'')၊ ဧရိယာ (၀.၀၈၃) ဧကရှိ ဘိုးဘွားပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို [illegible] ဒေါ်[illegible] (၁၂/အလန (နိုင်) ၀၂၃၃၄၃) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းများနှင့်အတူ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်နေ့မှ ၈ ရက် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦး[illegible] (LL.B)
အထက်တန်းရှေ့နေ (စဉ် - ၂၃၃၈၁)
အမှတ်-၅၈/၆၀(ပထမထပ်)[illegible]
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း ၀၉-[illegible]
Land & Houses Co.,Ltd, Ph:09 73222263, 09 73222272.

အမှတ် (၁၃)၊ မြေညီထပ်၊ ကျိုက်လတ်လမ်း၊ လင်းလွန်း(တောင်) ရပ်ကွက်၊ စမ်းချောင်းမြို့နယ် တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်ထားဦး (၁၂/စခန (နိုင်) ၀၃၄၄၁၈) ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေငြာအပ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းသည် မြေရှင်အမည်ပေါက်သူ ဒေါ်မြင့်မြင့်မူ (၁၂/ကမရ (နိုင်) [illegible]) ထံမှ ဒေါ်ခင်ထားဦးသည် (၂-၄-၁၃) ရက်နေ့တွင် အပြီးအပိုင် ဝယ်ယူခဲ့ရာ မြေရှင်ဒေါ်မြင့်မြင့်မူ ကိုယ်တိုင် တိုက်ခန်းအား လက်ရောက်ပေးအပ်ခဲ့သဖြင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်ထားဦးက ဝယ်ယူလက်ရောက်ရရှိထားပြီး ဒေါ်ခင်ထားဦး ပိုင်ဆိုင်သော တိုက်ခန်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဦးစိန်လှ B.A, B.L, DIR, DMA
([illegible] နှင့် တရားလွှတ်တော်ရှေ့နေ) (စဉ် – ၉၂၉)
ဒေါ်မျိုးမျိုးဝင်း LL.B., DBL (တရားလွှတ်တော်ရှေ့နေ) (စဉ်–၆၉၁၂)
အမှတ် (၅၀) အခန်း (A–၂၀) ပထမထပ်၊ ဘက်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – [illegible]

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဂ/၉၄၀၄၊ Toyota Mark II၊ S|L(4X2)၊ ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှလှဝင်း ၁၂/ပဘတ(နိုင်)၀၀၀၁၁၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကျေးဇူးဆပ်ပါမည်။

ကျွန်မဒေါ်ရင်ရင်ဆွေ၊ မှတ်ပုံတင်အမှတ်-၁၃/လရန (နိုင်)၀၇၉၇၈၈ သည်ဘဏ်စာရင်း စာအုပ်အမှတ်- FDY၁၀၀၀၉၀ ဘဏ်စာအုပ်အား (၁၈-၃-၂၀၁၃)ခုနှစ်တွင်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်ကြေငြာအပ်ပါသည်။ ဖုန်း-၀၉-၅၂၁၀၂၆၅၁၀

လက်ထပ်ပြီးစီးခြင်း

ကျွန်တော် **ထက်ကိုကို** ၁၄/နေဖ(နိုင်)၁၁၀၄၃၆နှင့် ကျွန်မ **အေးငြိမ်းရီ** ၁၂/စခန (နိုင်)၀၆၃၈၂၁တို့သည် လသာမြို့နယ် တရားရုံး တရားသူကြီး ဦးငွေးရီရှေ့တွင် လက်မှတ်ရေးထိုး လက်ထပ်ပြီးဖြစ်ပါကြောင်း။

ထက်ကိုကို–အေးငြိမ်းရီ

စားသောက်ဆိုင်ပိုင်ရှင်များအတွက်သတင်းကောင်း

နိုင်ငံတော်၏ပြောင်းလဲလာသော ခေတ်စနစ်များနှင့်အတူ စားသောက်ဆိုင်လုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန်အတွက် အိမ်နီးချင်းနိုင်ငံများသို့ စားသောက်ဆိုင်လုပ်ငန်းများကို သွားရောက်လေ့လာနိုင်ရန် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပထမဆုံးစီစဉ်အဖြစ် ၂၂-၅-၂၀၁၃ရက်နေ့တွင် ထိုင်းနိုင်ငံ၌ ကျင်းပပြုလုပ်မည့် World of Food Asia 2013 ပြပွဲနှင့် အခြားဗဟုသုတရရှိစေမည့် နေရာများသို့ သွားရောက်လေ့လာရန် စီစဉ်ထားပါသည်။ လိုက်ပါလိုသော ဆိုင်ပိုင်ရှင်များအနေဖြင့် အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ အသေးစိတ် ဆက်သွယ်မေးမြန်း နိုင်ပါသည်။

(မှတ်ချက် – လူဦးရေကန့်သတ်ထားပါ၍ ဧပြီလ(၂၅)ရက်နေ့ နောက်ဆုံးထား၍ စာရင်းပေးသွင်းပါရန်။)

မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း
အမှတ်(၃–က)၊ ဓမ္မစေတီလမ်းနှင့်သံသုမာလမ်းထောင့်၊
သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – (၀၉) ၅၂၁၀ ၈၂၆၈၅၊ ၃၃၁၀၉ ၂၂၁၀

အမွေစား အမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ လွိုင်ကော်မြို့၊ ဈေးပိုင်းရပ်ကွက်၊ ပဒေသာလမ်း၊ အိမ်အမှတ် ၄၅ နေ [ဦးတင်မြင့်(ခ)ဦးမျိုးမြင့်လေး]နှင့် ဒေါ်ကြည်ကြည်လေး ၂/လကန(နိုင်)၀၁၀၇၅၈တို့၏သား ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ နတ်စင်ကုန်းကျေးရွာနေ ဦးခွန်ဝင်းစိုး ၂/လကန(နိုင်)၀၀၀၄၇၃သည် မိဘဆိုဆုံးမမှုကို (လုံး၀) နာခံမှုမရှိခြင်း၊ မိဘစိတ်ဆင်းရဲ ကိုယ်ဆင်းရဲမှုဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်ခြင်းတို့ကြောင့် ဦးခွန်ဝင်းစိုးအား အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးမောင်မောင်ယု(ခ)ဦးကျော်အေး
B.A (Law), LL.B
တရားလွှတ်တော်ရှေ့နေနှင့် ဘဏ္ဍာရှေ့နေ
၈/၃၇(က)၊ ဓမ္မာရုံလမ်း၊ ဓမ္မာရုံရပ်ကွက်၊
လွိုင်ကော်မြို့၊
ဖုန်း-၀၈၃-၂၂၄၆၄၊ ၀၉-၅၆၀၁၂၀၁

ဖခင်အမည်မှန်

အလက(၄)၊ အဋ္ဌမတန်း(B) ရွှေပြည်သာမှ မောင်ရဲမင်းသူ၏ ဖခင်အမည်မှန်မှာ ဦးအောင်တင်ဝင်း ဖြစ်ပါသည်။ **ဦးအောင်တင်ဝင်း**

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးမျိုးတင့် ၁၂/မဘန(နိုင်)၀၀၂၂၁၄သည် မိခင်အား အမျိုးမျိုးစိတ်ဆင်းရဲအောင် ပြုလုပ်သဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ငွေးနှင့်ပတ်သက်သည့် ကိစ္စများ လုံး၀တာဝန်မယူပါ။

မိခင်-ဒေါ်မြရီ
၁၂/မရက(နိုင်)၀၁၂၉၁၈

ကွာရှင်းပြတ်စဲခြင်း

ကျွန်မ ဒေါ်ဖြူဖြူစမ်း ၁/ဗမန(နိုင်)၀၅၀၂၂၂ နှင့် ဦးသန်းမင်းထွန်း ၉/မကန(နိုင်)၀၇၀၁၁၂တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၁-၄-၂၀၁၃ရက်၌ ကသာမြို့၊ မြို့နယ်တရားသူကြီးရှေ့မှောက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီး ဖြစ်ပါကြောင်း။

ဒေါ်ဖြူဖြူစမ်း
ကသာမြို့

ကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့တွင်ရှိသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မိတ္ထီလာ)နှင့် ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ)တို့တွင် ဖွင့်လှစ်သင်ကြားလျက်ရှိသော သင်တန်းအသီးသီးအား ၂-၅-၂၀၁၃ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး အဆိုပါသင်တန်းများ၏ ၂၀၁၂-၂၀၁၃ခုနှစ် ပညာသင်နှစ်အတွက် ပထမနှစ်ဝက်စာမေးပွဲအား ၆-၅-၂၀၁၃ရက်မှ ၁၇-၅-၂၀၁၃ရက်အထိ ကျင်းပစစ်ဆေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စာကြည့်တိုက်လက်ထောက်(၄)
ရာထူးခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်/ကောလိပ်/သိပ္ပံများတွင် လိုအပ်သည့် စာကြည့်တိုက်လက်ထောက်(၄) လစာနှုန်း(၆၇၀၀၀-၁၀၀၀-၇၂၀၀၀)ရာထူးနေရာများတွင် အလုပ်ခန့်ထားရန်အတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ၊ သတ်မှတ်ချက်များ ပူးတွဲတင်ပြ၍ နီးစပ်ရာ နည်းပညာတက္ကသိုလ်/ကွန်ပျူတာ တက္ကသိုလ်/ကောလိပ်/သိပ္ပံများတွင် ၃၀-၄-၂၀၁၃ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။ လူတွေ့စစ်ဆေးခြင်းခံရမည်-

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) B.A (Library and Information Studies) သို့မဟုတ် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုရရှိသူ ဖြစ်ရမည်။ စာကြည့်တိုက်ဒီပလိုမာရရှိသူများအား ဦးစားပေးစဉ်းစားမည် ဖြစ်ပါသည်။
(ဂ) ၃၀-၄-၂၀၁၃ရက်တွင် အသက် ၂၅ နှစ်ထက်မကြီးသူ ဖြစ်ရမည်။
(ဃ) ခြောက်လအတွင်းရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံသုံးပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။
(င) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးနိုင်ရမည်။
(စ) ခန့်အပ်ခြင်းခံရပါက ဝန်ထမ်းစာချုပ်ချုပ်ဆိုနိုင်ရမည်။
(ဆ) တစ်လအတွင်းပြုလုပ်ထားသော ကျန်းမာရေး ကောင်းမွန်ကြောင်း ဆေးထောက်ခံစာ။
(ဇ) တစ်လအတွင်း ပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာ/ရပ်ကွက်/ ရဲစခန်း ထောက်ခံစာ။
(ဈ) ခြောက်လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ။

၂။ သတ်မှတ်ချက်ကိုက်ညီပြီး လူတွေ့စစ်ဆေးခြင်းခံရသူများသည် ဘွဲ့/နိုင်ငံသားစိစစ်ရေးကတ်/တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်/အလုပ်သမားမှတ်ပုံတင်မူရင်းများ တင်ပြနိုင်ရမည်။ အသေးစိတ်သိလိုပါက နီးစပ်ရာ နည်းပညာတက္ကသိုလ်/ ကွန်ပျူတာတက္ကသိုလ်/ ကောလိပ်/ သိပ္ပံများတွင် ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မာန်ပြေ၊ မြေကွက်အမှတ် ၁၃၁၁/ခ၊ မြေကွက်တည်နေရာအမှတ် ၁၃၁၁/ခ၊ မာန်ပြေ ၂၀ လမ်း၊ သာကေတမြို့နယ် ဒေါ်ကြည် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ကြည်(မိခင်)နှင့် ဦးစိုးတင့်(ဖခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသား ဦးသန်းနိုင် ၁၂/သကတ(နိုင်)၁၅၂၄၁၉ က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်၊ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၀၊ မြေကွက်အမှတ် ၂၂/၂-ဘီ၊ မြေကွက်တည်နေရာအမှတ် ၇၊ မြသီတာလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ် ဦးလှမောင်၊ ဦးသိန်းမောင်၊ ဒေါ်စိန်စိန် အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် သုံးဦးအနက် ဦးလှမောင်(လူပျိုကြီး)၊ ဦးသိန်းမောင်(ဖခင်)နှင့် ဒေါ်မြသိန်း(မိခင်)ဖြစ်သူတို့ကွယ်လွန်သဖြင့် ဒေါ်သန်းမြင့် ၁၂/ကမရ(နိုင်)၀၀၈၃၇၄၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၆၇၇၀/၁၆-၁၀-၂၀၁၂ ဖြင့် ရရှိသူ ဦးမျိုးကိုကို ၁၂/ဒဂန(နိုင်)၀၃၅၂၀၄နှင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်စိန်စိန်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၂၁/၃-၁-၂၀၁၃ ဖြင့်ရရှိသူ ဦးကျော်ဝင်း (အမ်တီအင်န်တီ-၀၃၃၄၁၉)တို့က တစ်ဦးတည်းသောသမီး၊ တူမတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများတင်ပြ၍ မွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မီးဘေးရှောင် မလောင်ခင်တား

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်လှိုင်အေး (B.Com)
အသက်(၅၆)နှစ်

(၁၉၇၄-၇၈) ခုနှစ် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ကျောင်းသူဟောင်း ကွယ်လွန်ကြောင်း ကြားသိရပါ၍ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

(၁၉၇၄-၇၈)ခုနှစ် ရန်ကုန်စီးပွားရေးတက္ကသိုလ်
ကျောင်းသား ကျောင်းသူဟောင်းများ

ကျေးဇူးတင်လွှာ

ဒေါက်တာဒေါ်ခင်မာမာ၊ ရောဂါဗေဒဆရာဝန်ကြီး(ငြိမ်း)မကျန်းမာစဉ် အထူးဂရုစိုက် ပြုစုကုသပေးခဲ့သော ရန်ကုန်ပြည်သူ့ဆေးရုံသစ်ကြီး ဆေးကုသဆောင်မှ ပါမောက္ခ ဆေးပညာဌာနမှူး ဒေါက်တာဦးညွန့်သိန်း၊ ပါမောက္ခ ခွဲစိတ်ဌာနမှူး ဒေါက်တာဦးထွန်းဦး၊ ပါမောက္ခ ဒေါက်တာမြင့်စိုးဝင်း၊ ပါမောက္ခ ဒေါက်တာဝင်းမင်းသစ်၊ ပါမောက္ခ ဒုတိယဗိုလ်မှူးကြီး ဒေါက်တာခင်မောင်မောင်သန်းနှင့်တကွ ဆရာဝန် ဆရာမများ၊ နာရေးကိစ္စတွင် ကူညီသူများ၊ လိုက်ပါပို့ဆောင်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ဒေါက်တာဦးလွန်းဝေမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာ ဒေါ်သံဒါဖြူ
အသက်(၈၇)နှစ်

Fortune International Limited မှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာမြဟန်-ဒါရိုက်တာ ဒေါ်ခင်စံပယ်ကြည်တို့၏မိခင် ဒေါက်တာ ဒေါ်သံဒါဖြူသည် ရန်ကုန်မြို့၌ ၉-၄-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပါမောက္ခ ဒေါက်တာ ဦးခင်မောင်ဝင်း(အသည်းအထူးကုဆရာဝန်ကြီး)နှင့်
ဇနီး ဒေါက်တာ ဒေါ်ခင်လေးရီ

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာ ဒေါ်သံဒါဖြူ
အသက်(၈၇)နှစ်

ရန်ကုန်မြို့နေ အန်ကယ်ဦးဇော်ဝင်း၏ ချစ်လှစွာသောဇနီး၊ ကိုအောင်ခိုင်-ဦးဝေ၊ ကိုမြဟန်-မရှယ်လီ၊ ညီညီ-မမီးမီး၊ ထွေးထွေး-မသက်သက်တင်တို့၏မိခင်၊ မြေး ၁၀ ယောက်တို့၏အဘွားဖြစ်သူ အန်တီ ဒေါက်တာ ဒေါ်သံဒါဖြူသည် ၉-၄-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြင့်စန်း-အောင်အောင်မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာ ဒေါ်သံဒါဖြူ
အသက်(၈၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာသန်းဝင်း၏မိခင် ဒေါက်တာ ဒေါ်သံဒါဖြူသည် ၉-၄-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်း

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာ ဒေါ်သံဒါဖြူ
အသက်(၈၇)နှစ်

ရခိုင်အမျိုးသမီးအသင်း(ရန်ကုန်မြို့)၏ နာယကကြီးဖြစ်သော ဒေါက်တာ ဒေါ်သံဒါဖြူသည် ၉-၄-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရခိုင်အမျိုးသမီးအသင်း(ရန်ကုန်မြို့)

ဝမ်းနည်းကြေကွဲခြင်း
ဦးငြိမ်းဖေ (ခရားအပြင်ရွာ ဘားအံမြို့နယ်)
အသက်(၈၂)နှစ်

နေပြည်တော် ဥတ္တရသီရိမြို့နေ ဦးထွန်းရှိန်(တာဝန်ခံအင်ဂျင်နီယာ TZTM Co., Ltd.)-ဒေါ်ခင်စိန်ကြည် (သားဖွားဆရာမ၊ ငြိမ်း)တို့၏ဖခင် ဦးငြိမ်းဖေ အသက်(၈၂)နှစ် ခရားအပြင်ရွာ၊ ဘားအံမြို့သည် ၉-၄-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၃း၂၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲအပ်ပါကြောင်း။

ဦးသက်လင်း(အုပ်ချုပ်မှုဒါရိုက်တာ)နှင့် TZTM Co., Ltd. ဝန်ထမ်းမိသားစု

ကျေးဇူးတင်လွှာ

၁၂-၄-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြသော မိသားစုဝင်လေးဦးအား အထူးဂရုစိုက်ပြုစုစောင့်ရှောက်ကူညီပေးခဲ့သော သရက်ခရိုင် အုပ်ချုပ်ရေးမှူး၊ မင်းတုန်းမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာအကြီးအကဲများ ဆေးရုံဆရာဝန်နှင့် ဆရာမများ၊ ပြည်ခရိုင်ဆေးရုံဆရာဝန်ကြီး၊ အင်္ဂပူမြို့နယ် ဆရာဝန်ကြီးနှင့် ဆေးရုံဝန်ထမ်းများ၊ အင်္ဂပူမြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ နာရေးကူညီမှုအသင်း (အင်္ဂပူ)နှင့် ရပ်မိရပ်ဖများ၊ ပြည်ခိုင်ဖြိုးပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အဖွဲ့အစည်းများ၊ အနယ်နယ်အရပ်ရပ်မှ မိတ်ဟောင်း ဆွေဟောင်းများနှင့် မိတ်ဆွေသင်္ဂဟများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ဦးမောင်မောင်စိုး(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်-အင်္ဂပူမြို့နယ်)
ဇနီး ဒေါ်ညွန့်ညွန့်မိသားတစ်စု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဂိုလမ်ဟာစံစင်ဂျရီ(ခ)ဒေါက်တာဝေလင်းဦး
မန္တလေး
အသက်(၂၃)နှစ်

မန္တလေးမြို့၊ တိုက်တန်းဗလီဝင်းနေ (ဟာဂျီ ဦးအေစလင်း-ဟာဂျီမ ဒေါ်ကြည်ကြည်)၊ (ဦးကာဂျာ-ဒေါ်ခင်လှိုင်)တို့၏မြေး၊ ဒေါက်တာ နူးရ်စလင်းမ်(အရေပြားအထူးကုဆရာဝန်ကြီး)-ဒေါ်ခင်မြ(စလင်းပုံနှိပ်တိုက်)တို့၏သား၊ ဦးထွန်းကျော်-ဒေါ်ဖြူဖြူလင်းတို့၏မောင်၊ မောင်ဘဏ်လင်းအောင်၏အစ်ကို၊ ဟာဂျီ ဦးမောင်အေး-(ဒေါ်ခင်ကြွယ်)၊ ဦးဖေမြင့်-ဒေါ်ခင်မျိုးမြင့်၊ (ဦးစိုးမြင့်)-ဒေါ်ခင်မြင့်၊ ဟာဂျီ ဦးကျော်ထွေး-(ဒေါ်ခင်လှ)၊ (ဦးမျိုးဆွေ-ဒေါ်ခင်စိန်)၊ ဒေါ်ဘီဘီ၊ ဒေါ်ကြည်ဝင်း၊ (ဦးမြင့်ဆွေ)၊ ဦးမျိုးအောင်၊ ဒေါ်မာမာစိုးတို့၏တူသည် ၉-၄-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၂း၂၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ညနေ ၅နာရီတွင် အမရပူရမြို့ တဘက်ဆွဲဥယျာဉ်တော်တွင် ဒါဖနာပြီးပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးစောစိန်(ခ)စောစိန်လျှောင့်
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အမှတ် ၉၈၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ ဒေါ်သင်းသင်းရီ (Deputy manager)၏ဖခင် ဦးစောစိန်(ခ)စောစိန်လျှောင့်သည် ၉-၄-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၅း၃၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဇေယျာသူရမွန်(MD/CEO)-ဒေါ်နိုင်နိုင်မြင့်(Dy-MD)
ဦးသီဟသူရမွန်(Dy-MD)-ဒေါ်မေသူကျော်
Zeya & Associates Co., Ltd. နှင့်
Fresh Air-conditioning Systems မှ ဝန်ထမ်းမိသားစုများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာ ဒေါ်သံဒါဖြူ
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ခပေါင်းလမ်း၊ အမှတ်(၁၂/ဘီ)နေ ဦးမြဟန်(ဥက္ကဋ္ဌ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်)-ဒေါ်ခင်စံပယ်ကြည်တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါက်တာ ဒေါ်သံဒါဖြူသည် ၉-၄-၂၀၁၃ရက် (အင်္ဂါနေ့)နံနက် ၁၀နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးသိန်းထွန်းလတ်-ဒေါ်သန်းသန်းဌေးမိသားစု
ကျောင်းအုပ်ကြီး၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာ ဒေါ်သံဒါဖြူ
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ခပေါင်းလမ်း၊ အမှတ်(၁၂/ဘီ)နေ ဦးမြဟန် (Chairman, Fortune International Limited)- ဒေါ်ခင်စံပယ်ကြည် (Director, Fortune International Limited)တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါက်တာ ဒေါ်သံဒါဖြူသည် ၉-၄-၂၀၁၃ရက်(အင်္ဂါနေ့)နံနက် ၁၀နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အလုပ်အမှုဆောင်အဖွဲ့၊ ရခိုင်ပြည်နယ်ဓမ္မာရုံ(ရန်ကုန်)

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်အုန်းကြည်
အသက်(၈၆)နှစ်

ဒေါက်တာခင်မောင်ဆွေ(Assistant Director [Medical Dept;],Asia Royal Hospital)-ဒေါ်မေသက်နွယ်တို့၏မိခင် ဒေါ်အုန်းကြည်သည် ၉-၄-၂၀၁၃ ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်ကြောင်းကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အာရှတော်ဝင်ဆေးရုံဒါရိုက်တာအဖွဲ့နှင့်
ဝန်ထမ်းမိသားစု

ကျေးဇူးအထူးတင်ရှိခြင်း

၇-၄-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားခဲ့သော ဦးမြင့်သန်း လ/ထညွှန်ကြားရေးမှူး(တာဝန်)ဆည်မြောင်း ၂၇-၄-၁၉၆၁မှ ၇-၄-၂၀၁၃ ၏ နာရေးကိစ္စတွင် ဝမ်းနည်းစွာဖြင့် အားပေးစောင့်ရှောက်ခဲ့သော ပြည်ထောင်စုဝန်ကြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ညွှန်/ချုပ်၊ ဒုညွှန်/ချုပ်နှင့် အကြီးအကဲများအားလည်းကောင်း၊ စတင်မကျန်းမာစဉ် အထူးဂရုစိုက်ပေးခဲ့သော ပါမောက္ခ ဒေါက်တာဦးစိုးလွင်(မေ့ဆေးပါရဂူ)နှင့် နောက်ဆုံးအချိန်ထိ ဂရုစိုက်ပေးခဲ့သော အာရှတော်ဝင်ဆေးရုံကြီးမှ ဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ကွယ်လွန်ချိန်တွင်ရောက်ရှိကာ အားပေးကူညီနှစ်သိမ့်ပေးခဲ့သော ဆရာဦးမင်းအောင်သန်း ညွှန်ကြားရေးမှူး(ဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲ)နှင့် မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ တန်ဖိုးရှိသောအချိန်ကိုပေးပြီး ကွယ်လွန်သူ၏ နောက်ဆုံးခရီးအား လိုက်ပါပို့ဆောင်ပေးခဲ့သော ဆွေမျိုးမိတ်ဆွေသူငယ်ချင်းများ၊ ဝမ်းနည်းကြောင်း ပန်းခြင်းပေးပို့ခဲ့ကြသူများ၊ Digicel နှင့် MTC မှ ဝန်ထမ်းများ၊ Email ဖြင့်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း နှစ်သိမ့်အားပေးကြပါသော ပြည်တွင်း၊ ပြည်ပမှ မိတ်ဆွေများ၊ သတင်းစာများတွင် ဝမ်းနည်းကြောင်း ထည့်သွင်းနှစ်သိမ့်ပေးကြသော ဌာနဆိုင်ရာ မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ တစ်ဦးစီ၏ အမည်မဖော်ပြသော်လည်း အဘက်ဘက်မှကူညီကြပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကို ရင်တွင်းမှ ကျေးဇူးအထူးပင် တင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု
ဇနီး-ဒေါ်ခင်ဆွေဝင်း
သမီး-ဆုညိမ်းဝေ B.E Civil(MTC)
ကေခိုင်ငြိမ်း(Grade-9 အထက(၂) စမ်းချောင်း)
၈၂၊ ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်

ကျေးဇူးတင်ရှိခြင်း

၇-၄-၂၀၁၃ရက်တွင် ကွယ်လွန်သူ ဦးမြင့်သန်း(ခ)မောင်မောင် လ/ထ ညွှန်ကြားရေးမှူး(တာဝန်)ဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန၏ နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှ လိုလေသေးမရှိအောင် ဝိုင်းဝန်းကူညီပေးကြပါသော ပြည်ထောင်စုဝန်ကြီး (လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)၊ ညွှန်ကြားရေးမှူးချုပ်(ဆည်မြောင်းဦးစီးဌာန)နှင့် ဆည်မြောင်းဦးစီးဌာန ဝန်ထမ်းမိသားစုများအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ကြော်ငြာ

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးကျော်စိန် (ငြိမ်း)

လွှတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)

အသက်(၉၀)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ ဟင်္သာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး-ဒေါ်နီနီဝင်းတို့၏ ကျေးဇူးရှင်ဖခင်ကြီးသည် ၁၇-၄-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးကျော်စိန် (ငြိမ်း)

လွှတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)

အသက်(၉၀)

ဟင်္သာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ သီရိပျံချီ ဦးဌေးဦး-ဒေါ်နီနီဝင်းတို့၏ဖခင် ဗိုလ်ကြီးကျော်စိန်(ငြိမ်း) မော်ကွန်းဝင်(ဒုတိယဆင့်)သည် ၁၇-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၅၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်မှူးချုပ်သိန်းဇော်(ငြိမ်း)-ဒေါ်မူမူဝင်း မိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးကျော်စိန်(ငြိမ်း) လွှတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)

အသက်(၉၀)

ဟင်္သာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ သီရိပျံချီ ဦးဌေးဦး-ဒေါ်နီနီဝင်းတို့၏ဖခင် ဗိုလ်ကြီးကျော်စိန်(ငြိမ်း) မော်ကွန်းဝင်(ဒုတိယဆင့်)သည် ၁၇-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၅၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးကျော်မြင့်လှိုင်(ညွှန်ကြားရေးမှူးချုပ်၊ ဆည်မြောင်းဦးစီးဌာန) ဇနီး
ဒေါ်စန္ဒာခင်(ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)

ဗိုလ်ကြီးကျော်စိန် (ငြိမ်း)

လွှတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)

အသက်(၉၀)

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ တာငါးဆယ်တောင်ရပ်၊ အမှတ် ၂၁၅၊ ဈေးလေးလမ်းနေ (ဦးဖေ-ဒေါ်မယ်မြင့်)တို့၏သား၊ (ဒေါ်လှလှ)၏ခင်ပွန်း၊ ဟင်္သာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ သီရိပျံချီ ဦးဌေးဦး-ဒေါ်နီနီဝင်း၊ မန္တလေးမြို့နေ ဒေါက်တာအောင်ခိုင်သန်း-ဒေါ်သွယ်သွယ်ဦး၊ ဒေါ်ကြည်ကြည်ဆွေ (အလပြ၊ အထက-၃၊ ဟင်္သာတ)တို့၏ဖခင်ကြီး၊ မြေးလေးယောက်တို့၏အဘိုး၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၇-၄-၂၀၁၃ရက် နံနက် ၁၀း၅၂နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ဟင်္သာတမြို့ ထန်းပင်ကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ

ဦးသန်းဌေး (စည်ပင်၊ ငြိမ်း)

အသက်(၈၁)နှစ်

သန်လျင်မြို့၊ ရုံးတော်ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် B-15နေ ဒေါ်မြသန်း၏ခင်ပွန်း၊ ဗိုလ်ကြီးသန်းလှိုင်(ငြိမ်း)-ဒေါ်သီတာလွင်၊ ဦးဝင်းကျော်မိုး (စည်ပင်)-ဒေါ်မာလာ၊ ဦးဆန်းကျော်မိုး-ဒေါ်သန်းသန်းအေး၊ ဒေါ်ဥမ္မာလွင်တို့၏ ဖခင်၊ ဗိုလ်ကြီးကျော်ဖြိုးခိုင်-မလဲ့မွန်မောင်မောင် (နည်းပြ၊ ဂျာမန်ဘာသာဌာန၊ YUFL)၊ ကိုဟိန်းမင်းသူ(မြဝတီဘဏ်)-မဝင်းသီရိမိုး၊ မောင်ကောင်းထက်ကျော်တို့၏အဘိုး၊ မောင်ဟိန်းသီဟထွန်း၊ မောင်ဖြိုးတေဇကျော်တို့၏ဘိုးဘိုးသည် ၁၇-၄-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈-၄-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ပျဉ်ထောင်ကျောင်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၃-၄-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးမျိုးသူဝင်း

အသက်(၃၄)နှစ်

သာကေတမြို့နယ်၊ ၃/မာန်ပြေရပ်ကွက်၊ အမှတ် ၄၀၅နေ ဦးဝင်းမြင့်-ဒေါ်ခင်အေးမြင့်တို့၏သားကြီး၊ သာကေတမြို့နယ်၊ ၆/ရပ်ကွက်၊ အောင်သုခလမ်း ၂၀၊ အမှတ် ၁၁၁၀နေ ဦးဝင်းရွှေ-(ဒေါ်ခင်ညို)တို့၏သားသမက်၊ ဒေါ်မိမိအောင်(တိုက်ကွမ်ဒို မြန်မာ့လက်ရွေးစင်ဟောင်း)၏ခင်ပွန်းသည် ၁၆-၄-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၄-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား သိစေအပ်ပါသည်။ (ဦးဝင်းရွှေ၏နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အုန်းစိန် (ဖူးဝေဓာတ်ပုံ) ရွှေကျင်မြို့

အသက်(၇၈)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နေ (ဦးဖိုးကွန်း-ဒေါ်လှစိန်)တို့၏သမီး၊ (ဦးကျင်ယုံ)၏ဇနီး၊ (ဦးဘသူ-ဒေါ်ရင်ရင်)၊ (ဦးပွ-ဒေါ်မြတင်)၊ (ဦးနီတွတ်)-ဒေါ်မြင့်ရီ(ဦးဘလှိုင်)-ဒေါ်ကျင်သိန်းတို့၏ညီမ၊ (ဦးလှတင်)-ဒေါ်တိုးစိန်၊(ဦးပွင့်ကြည်-ဒေါ်လှမြင့်)၊ (ဦးထွန်းမြင့်-ဒေါ်ခင်မြင့်)၊ ဦးအောင်မြင့်ကျော်-ဒေါ်စိုးမြင့်တို့၏အစ်မ၊ တူ၊ တူမ ၃၁ယောက်တို့၏အဒေါ်သည် ၁၇-၄-၂၀၁၃ရက် နံနက် ၀၀း၄၅နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၃-၄-၂၀၁၃ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၀ နာရီအထိ အမှတ် ၈၁/၈၃၊ အခန်း ၅(အေ)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ် ပါသည်။ ကျန်ရစ်သူမိသားစု

ဦးမောင်မြ(ခ)ဂျနားဒနား(ခ)ဂျွန်ချင်းနယား (ကားပွဲစား)

စိန့်မိုက်ကယ်(လ်)ကျောင်းသားဟောင်း

အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၈၉လမ်း၊ အမှတ် ၂၉၊ သုံးလွှာ(ဘီ)နေ (ဦးGချင်းနယား-ဒေါ်လက်ချမီး)တို့၏စတုတ္ထသား၊ (ဦးမှူသီးယား-ဒေါ်စု)တို့၏သားသမက်၊ (ဦးစိုးမြင့်-ဒေါ်နော်ကုလားမား)၊ ဦးအောင်မြင့်-ဒေါ်ချစ်သွင်၊ ဦးမောင်စိုး-ဒေါ်အေးတို့၏ညီ/မောင်၊ ဒေါ်လှမြင့်၊ ဦးသာသာရောင်း-ဒေါ်ပြုံး၊ ဒေါ်ဌေးဌေး၊ (ကိုလှဦး)-ဒေါ်စိုးစိုး၊ ဒေါ်အေးအေး၊ ဦးရာဂျူး-ဒေါ်ကမလား၊ ဦးဌေးဝင်း-ဒေါ်မူနီးစန်းစန်းမြင့်တို့၏အစ်ကို၊ ဒေါ်အေးအေး၏ခင်ပွန်း၊ မစုစန္ဒီမောင်၊ မစုလှိုင်ထွန်းတို့၏ဖခင်သည် ၁၇-၄-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၄-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးဟိန္ဒူသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ရွှေရွှေဝင်း(ခ) ဒေါ်ဆွေဆွေဝင်း

အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အရှေ့ရွှေဂုံတိုင်လမ်း၊ အောင်ချမ်းသာအိမ်ရာ၊ တိုက် ၂၊ အခန်း ၂၀၂နေ (ဦးအုန်းချို-ဒေါ်ညွန့်ညွန့်)တို့၏သမီး၊ (ဦးတင့်)-ဒေါ်အေးတို့၏သမီးချွေးမ၊ ဦးအောင်သင်း၏ဇနီး၊ ဦးခင်ဝင်း-ဒေါ်မြင့်မြင့်သန်း၊ (ဦးသန်းအောင်)-ဒေါ်သန်းနု၊ ဦးသိန်းထွန်း - ဒေါ်မြမြဝင်းတို့၏ညီမ၊ ဦးကိုကိုဝင်း၊ ဦးကိုကိုနိုင်-ဒေါ်ချိုချိုညွန့်၊ ဦးညီညီအောင်-ဒေါ်ညိုညိုဝင်း၊ ဦးကိုကိုအောင် - ဒေါ်တင်မေဝင်းတို့၏အစ်မ၊ မဖြူစင်အောင်သင်း၊ မဂျူလိုင်အောင်သင်းတို့၏မိခင်၊ တူ၊ တူမ ၁၃ယောက်တို့၏အဒေါ်သည်၁၇-၄-၂၀၁၃ရက် နံနက် ၇း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ချိုချို

အသက်(၇၄)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ အမှတ် ၂၁-A၊ လမ်း ၁၁၀နေ (ဦးအောင်စိန်-ဒေါ်ဖူး)တို့၏သမီး၊(ဦးမောင်မောင်ကြီး)၏ဇနီး၊ ဦးမြင့်ဌေး[ဦးပိုင်(ငြိမ်း)]-ဒေါ်တင်တင်ဦး(အထက-၃၊ မင်္ဂလာတောင်ညွန့်)၊ ဦးသိန်းဦး-ဒေါ်တင်နွယ်ဦး၊ ဦးမျိုးဦး - ဒေါ်မြမြ(ဒဂုန်ပုံနှိပ်တိုက်)၊ ဦးဇော်ဦး-(ဒေါ်နှင်းဝေ)၊ ဦးကျော်ဇံအောင်-ဒေါ်မြင့်မြင့်ဦး၊ ဒေါ်ယဉ်ယဉ်ဦး(အဝေးသင်)၊ ဦးကျော်ကျော်ဦး(ခေတ္တ-မလေးရှား)-ဒေါ်စန်းစန်းတို့၏မိခင်၊မြေး ၁၄ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၁၇-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် ၅၊ဒေါ်သိန်းတင်လမ်း နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးထွန်းသန်း

သမဝါယမဦးစီးဌာန(ငြိမ်း) ဝမြို့နယ်

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မဟာမြင့်မိုရ်လမ်း၊ အမှတ် ၁၈(မြေညီထပ်)နေ (ဦးကျော်တင်-ဒေါ်ညွှက်ကလေး)တို့၏သားကြီး၊ ဒေါ်မေစန်းကြည်၏ခင်ပွန်း၊ မချိုချိုသန်း(လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်)၊ ဦးမျိုးသန့်(လ/ထလဝကမှူး၊ လသာ)-ဒေါ်အိမြတ်မြတ်တို့၏ဖခင်၊ ရခိုင်ပြည်နယ်၊ ဝမြို့၊ မြို့မဂုဏ်ရည်လမ်းနေ (ဦးဘစိန်-ဒေါ်ချောလေး)၊ ဦးမြထွေး-ဒေါ်ခင်ဝင်း၊ (ဦးထွန်းမြင့်)-ဒေါ်မြင့်မြင့်သိန်းတို့၏အစ်ကိုကြီးသည် ၁၇-၄-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၄နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၉-၄-၂၀၁၃ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးတင်ထွန်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အနောက်ပိုင်းခရိုင်(ငြိမ်း) လှိုင်မြို့နယ်

(T.T.C ကျောင်းသားဟောင်း)

အသက်(၆၈)နှစ်

ကမာရွတ်မြို့နယ်၊ စံရိပ်ငြိမ် ၃လမ်း၊ အမှတ် ၂၄A-2 နေ (ဦးဌေးလှိုင်-ဒေါ်သိန်းနွဲ့)တို့၏သားကြီး၊ ဒေါ်ကြည်ကြည်ဆွေ(မော်ကွန်းထိန်း YUFL၊ ငြိမ်း၊ အုပ်ချုပ်ရေးမှူး၊ MMAC)၏ ခင်ပွန်း၊ ဦးကျော်သောင်း-ဒေါ်မေနှင်းမှုန်၊ ဦးခင်မောင်ဝင်း-ဒေါ်ဖြူဖြူလှိုင်တို့၏ အစ်ကိုကြီး၊ ဦးမြတ်ဇော်ထွန်း (ဒုတာဝန်ခံ၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ ကျောက်ပန်းတောင်းမြို့)-ဒေါ်စုစုမွန်၊ ဦးမျိုးဝင်း-ဒေါ်ယုလင်းထွန်း၊ ဒေါ်နေခြည်ထွန်း (အမက-၂၊ရွှေပြည်သာ)တို့၏ဖခင်၊မြေးလေးယောက်တို့၏အဘိုးသည် ၁၆-၄-၂၀၁၃ရက် (အင်္ဂါနေ့) ည ၆နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၄-၂၀၁၃ရက်(တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်ကျော်ကျော်ဝင်း

မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း (လယ်/ဆည်)

အသက်(၅၆)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊သဒ္ဒါလမ်း၊အမှတ် ၅၈၀/ခ နေ (ဦးလှရွှေ)-ဒေါ်ခင်ဖြူတို့၏သမီး၊ ဒေါ်ဆွေဆွေဝင်း၊ ရဲမှူးစိုးလွင်ဦး-ဒေါ်နွဲ့နွဲ့ဝင်းတို့၏ညီမ၊ ဒေါက်တာကြူကြူဝင်း၊ဒေါ်ကေခိုင်စိုးတို့၏အစ်မ၊မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ကျေးရွာအုပ်စု၊ မြန်မာ့နှစ်ရှည်ပင်ဝန်ထမ်းအိမ်ရာ(ဘိုခြံ)၊ လိုင်း ၁၊ အခန်း ၃နေ ဦးမျိုးမင်း၏ဇနီး၊ မောင်အာကာအောင်၊မောင်သီဟအောင်၊ မောင်ညီညီထက်လင်းတို့၏မိခင်၊ မအိမ္မွန်ဖြိုး၏အဒေါ်သည် ၁၇-၄-၂၀၁၃ရက်(အင်္ဂါနေ့)နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့်၁၉-၄-၂၀၁၃ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်)။

ကွယ်လွန်သူအားရည်စူး၍ ၂၃-၄-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ မြန်မာ့နှစ်ရှည်ပင် ဝန်ထမ်းအိမ်ရာ(ဘိုခြံ)သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးတင်လတ်(ခ)ကိုလတ်

AAT- ခရီးသွားလုပ်ငန်း

အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဈေးလမ်းနေ ဦးရဲမြင့်-(ဒေါ်သန်းမြ)တို့၏သားလတ်၊ တောင်ကြီးမြို့နေ (ဦးလှအောင်-ဒေါ်နန်းအိမ်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ တာဝတိံသာလမ်း၊ တိုက် B၊ အခန်း ၁ နေ ဒေါ်ခင်စန်းမြင့်(ဒုတိယခရိုင်တရားသူကြီး၊ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး)၏ခင်ပွန်း၊ စိုင်းကျော်ဇင်လတ်(တေးသံရှင် နိုင်းဝမ်း)၊ မောင်ဇော်ဖုန်းမြင့်တို့၏ဖခင်၊ ဦးတင်ဦး-ဒေါ်ဝင်းဝင်းချိုတို့၏ညီ/မောင်၊ (ဦးတင်အေး)-ဒေါ်မူမူမြင့်၊ ဦးသိန်းမြင့်-ဒေါ်ခင်မာလာ၊ ဦးယဉ်ထွေး-ဒေါ်ယဉ်မျိုးသွယ်၊ ဦးအောင်ဝင်းထွန်း-ဒေါ်နွယ်နီမာတို့၏အစ်ကို၊ တူ၊ တူမ ၁၂ယောက်တို့၏ ဦးလေးသည် ၁၆-၄-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၇း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၄-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးမြဌေး (အင်းစိန်)

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်း၊ ခြံအမှတ်၂၀၀နေ(ဦးရန်-ဒေါ်ကင်းမ)တို့၏သား၊ဒေါ်ကြည်လေး၏ခင်ပွန်း၊ ဦးကိုကိုတင် - ဒေါ်ခင်သန်းဝင်း (အထက-၂၊ အင်းစိန်)၊ (ဒေါ်နီလာမြ)၊ ဦးမင်းလွင်-ဒေါ်အမာလွင်(ရွှေလင်းယုန် ဆန်ရောင်းဝယ်ရေး)၊ ဦးကြည်စိုး-ဒေါ်ခင်အေးဝင်း၊ ဦးကြည်မိုး - ဒေါ်ချိုချိုမြင့်တို့၏ဖခင်၊ ကိုနေလွင်ဦး-မမိုးသီတာ၊ ဗိုလ်ကြီးနေလွင်ထူး(မဆရ-၁၃)၊ ကိုထွန်းအောင်ဇော်-မမေဇွန်ဦး(ခေတ္တ-U.S.A)၊ မောင်ညီဝဏ္ဏ၊ မောင်ဝေယံဦး၊ မောင်ကောင်းခန့်နိုင်၊ မောင်သန့်ထည်လင်း၊ မောင်အံ့ဖုန်းကြွယ်တို့၏အဘိုး၊ မြစ်တစ်ယောက်၏ဘိုးဘိုးကြီးသည် ၁၇-၄-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၅း၄၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၃ရက်(သောကြာနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးကျော်သန်း (ထားဝယ်)

အသက်(၈၃)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်၊ လောင်းလုံးမြို့နယ်၊ တောကျဲရွာနေ (ဦးကြာသင်း - ဒေါ်လှသင်းဆွေ)တို့၏သားကြီး၊ (ဦးပေါ်လွင်-ဒေါ်ကြည်စိန်)၊ ဦးထွန်းမောင်-(ဒေါ်ရီလှိုင်)၊ ဦးချစ်သော်-ဒေါ်ဉာဏ်ထွေး၊ (ဦးချစ်စီ)-ဒေါ်ထားရီ၊ ဦးချစ်ဆွေ-ဒေါ်မြဝင်း၊ ဦးကျော်ဝင်း-ဒေါ်ကြင်မိ၊ ဦးချူတင်-(ဒေါ်တင်သန်း)တို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊အမှတ်၆၉၊ ၆လမ်းနေ ဒေါ်မြကြည်၏ခင်ပွန်း၊ (ဒေါ်ခင်မမကျော်)၊ ဦးမျိုးဝင်း၊ ဒေါ်ရီရီချို၊ ဦးခင်မောင်အေး-ဒေါ်တင်တင်လှ၊ ဦးကိုကိုနိုင်-ဒေါ်မူမူမြင့်၊ဦးကံမြင့်၊ဒေါ်အေးအေးမော်တို့၏ဖခင်၊ မြေး ၁၁ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၇-၄-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၅း၁၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၉-၄-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဗိုလ်ကြီးမြင့်သူ (ငြိမ်း)

ကြည်း-၂၂၅၅၀

(စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး)

အသက်(၇၃)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ညောင်တုန်းမြို့နေ (ဆရာကြီးဦးစောမောင်-ဒေါ်အေးစိန်)တို့၏သား၊ ညောင်တုန်းမြို့နေ (ပွဲစားကြီး ဦးမောင်ချစ်-ဒေါ်စောမြင့်)တို့၏သားသမက်၊ ဆိပ်ဖြူမြို့နေ တိုင်းရင်းဆေးဆရာမကြီး ဒေါ်ခင်ခင်စန်း၊ ညောင်တုန်းမြို့နေ ဆရာကြီး ဦးဌေးတင်-ဒေါ်အမာကြည်၊ဦးတေဇောဘာသ၊ (ဦးခင်မောင်မြင့်) - ဒေါ်ခင်စောဥတို့၏ညီငယ်၊ (ဦးခင်မောင်လေး)-ဒေါ်ခင်ငြိမ်း၊ ဒေါ်ခင်မာရီ(SEAMEO)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ဝင်းသော်တာလမ်း၊ အမှတ်၆၃နေ ဒေါ်ခင်မာကြည်၏ခင်ပွန်း၊ ဦးအောင်ကျော်ညွန့်(BANCA) - ဒေါ်နီလာကြည်၊ ဒေါ်သီတာမြင့်(ပုံနှိပ်ရှင်း)၊ ဒုရဲအုပ်တင်မောင်ဝင်း(မင်္ဂလာဒုံမြို့နယ်၊ ရဲတပ်ဖွဲ့မှူးရုံး)-ဒေါ်ဝါဝါခိုင်၊ ဦးအောင်မျိုးမြင့်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၆-၄-၂၀၁၃ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၄-၂၀၁၃ရက် (တနင်္လာနေ့) နံနက်တွင် ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ဝင်းသော်တာလမ်း၊ အမှတ် ၆၃ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဥက္ကံမြို့၊ ဥက္ကံရွာမ၊ ပါဒကျောင်းတိုက် ပဓာနနာယကဆရာတော်

ဘဒ္ဒန္တကေသဝ

သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၆၇)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ ဥက္ကံရွာမ၊ ပါဒကျောင်းတိုက် ပဓာနနာယက ရွှေကျင်နိကာယ ရတ္တညုမဟာနာယက၊ မြို့နယ်သံဃနာယကအဖွဲ့ဝင်(ဟောင်း)၊ မြို့နယ်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တကေသဝမထေရ်မြတ်သည် (၁၃၇၄ခုနှစ် တန်ခူးလဆန်း ၁ရက်) ၁၁-၄-၂၀၁၃ရက် (ကြာသပတေးနေ့)ညနေ ၆း၀၅နာရီတွင်ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၅ခုနှစ် တန်ခူးလဆန်း ၉ရက်) ၁၉-၄-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် စံကျောင်းချအခမ်းအနား ကျင်းပမည်ဖြစ်ပြီး (၁၃၇၅ခုနှစ် တန်ခူးလပြည့်နေ့) ၂၅-၄-၂၀၁၃ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် သာဓုကီဠနအန္တိမအဂ္ဂိစျာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ

ဒုတိယဗိုလ်မှူးကြီးလှဝင်း (ငြိမ်း)

ကြည်း-၆၁၇၉၊ ဗိုလ်သင်တန်းအပတ်စဉ်(၆)

ညွှန်ကြားရေးမှူး(ငြိမ်း)၊ အိမ်သုံးဆေးဝါး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန

အသက်(၈၅)နှစ်

ညောင်တုန်းမြို့၊ စကျော့ကျေးရွာနေ(ဦးမောင်နိုင်-ဒေါ်အေးတင့်)တို့၏သား၊ (ဒေါ်မြင့်မြင့်ဝင်း)၏ခင်ပွန်း၊ (ဦးလှရှိန်-ဒေါ်ယဉ်လှ)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သီလ ၁၀လမ်း၊ ခြံအမှတ် ၃၃၀-B နေ ဦးချစ်သန်းထွဋ်၊ ဦးမြင့်ရှိန်-ဒေါ်ပုလဲ(ခ)ဒေါ်ချောမ၊ ဦးကိုဝင်း-ဒေါ်နွယ်နီခင်၊ ဒေါ်မိုမိုဝင်း(ခ)မီးငယ်တို့၏ဖခင်၊ ကိုမြင့်ဝင်းဟန်(ခ)ကိုနိုင်၊ ကိုသက်ဇော်လွင်-မပန်းအိဖြူ၊ ကိုဇင်ဝင်းထိုက်တို့၏အဘိုးသည် ၁၃-၄-၂၀၁၃ရက်(စနေနေ့) ည ၁၀း၄၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၄-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်းရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒုတိယဗိုလ်မှူးကြီးခင်မောင်ကြီး (ငြိမ်း)

ကြည်း-၈၀၅၃

ဗိုလ်သင်တန်းအမှတ်စဉ်(၂၁)

အသက်(၈၁)နှစ်

ရန်ကုန်မြို့နေ (ဦးထွန်းတင်-ဒေါ်သန်းရီ)တို့၏သား၊ (ဦးမြတ်လှ-ဒေါ်တင်မေ)တို့၏သားသမက်၊ တိုက် ၃၀၆၊ အခန်း ၂၊ ရန်အောင်လမ်းသွယ်(၂)၊ အရှေ့ရန်ကင်းနေ ဒေါ်လှသန်းရီ၏ခင်ပွန်း၊ ဦးမင်းဇော်ဦး၊ ဗိုလ်မှူးမေမီခင်၊ ဗိုလ်မှူးသန်းဇော်ဦး-ဒေါ်စမ်းသီရိ၊ ဗိုလ်ကြီးဇော်လင်းနိုင်-ဒေါ်စောစန္ဒာခင်တို့၏ဖခင်၊ မအိမ့်သန္တီမေမောင်၊ မောင်အောင်စစ်မင်း၊ မောင်အောင်ရှင်းသန့်တို့၏အဘိုးသည် ၁၆-၄-၂၀၁၃ရက် (အင်္ဂါနေ့) ည ၈း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ည ၁၁း၃၀နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

လူကျင်စိန်(ခ)ဦးဟုတ်စိန်

(ဟပ်စိန် ဦးထုပ်ဆိုင်)

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊(၃)ရပ်ကွက်၊ ၁၉လမ်း၊ အမှတ် ၇၄ (ဒုတိယထပ်)နေ [လူကီချွမ်(ခ)ဦးမောင်စိန်-ဒေါ်ကျင်ဖွမ်၊ ချီပိုးအိမ်]တို့၏သား၊ (ဦးအောင်ကြီး-ဒေါ်လှတင်၊ဒေါ်လှရီ)တို့၏သားသမက်၊ ဒေါ်ကျင်နု(ခ)ဒေါ်ခင်စန်းရီ၏ ခင်ပွန်း၊ ဦးစိုးတင့်(အဟင်း)နှင့် ဒေါ်အေးအေးမြင့်တို့၏ဖခင်၊ မောင်ရဲလင်းကို(ခ) Harry Lu (P.I.S.M)၊မသဥ္ဇာလင်း(အထက-၂၊ လသာ)၊ မသဥ္ဇာအောင် (အထက-၂၊ လသာ)တို့၏အဘိုးသည် ၁၅-၄-၂၀၁၃ ရက်(တနင်္လာနေ့)နံနက် ၂း၀၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၁-၄-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်ကြည်အောင် (မုတ္တမ)

(ပစ်တိုင်းထောင်ကားဂိတ်)

အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ဝါးတန်းလမ်း၊ အမှတ် ၅၆နေ (ဦးမောင်ဌေး)၏ဇနီး၊ ဒေါ်ဟန်ညွန့်(ခ)ဒေါ်ခင်မွေး၊ ဦးညွန့်ရွှေ(ခ)ဦးပြုံး-ဒေါ်မေညွန့်၊ ဦးမြင့်သိန်း-ဒေါ်မာလာရီ၊ ဒေါ်မြင့်သန်း၊ ဦးလှသိန်း-ဒေါ်သန်းနွဲ့တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၇-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီတွင် ဗဟိုစည်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၉-၄-၂၀၁၃ရက်(သောကြာနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်အေးသန်း (ကတိုး)

အသက်(၇၄)နှစ်

မော်လမြိုင်မြို့နယ်၊ ကတိုးရွာဟောင်းပိုင်းနေ(ဦးဘိုကလေး-ဒေါ်မြတင်)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးဘစန်-ဒေါ်လှမြိုင်)တို့၏ညီမ၊(ဦးအောင်မြိုင်)-ဒေါ်မူမူအောင်၊ ဦးမင်းဌေးလွင်-ဒေါ်သူဇာစံ၊ ဒေါ်နီလာအေးတို့၏အဒေါ်၊ မမေသူလွင်၊ မောင်ဇေယျာလွင်တို့၏ ဘွားလေးသည် ၁၆-၄-၂၀၁၃ရက် ည ၉း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၇-၄-၂၀၁၃ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၄-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အမှတ်၉၇-က၊ ကမ္ဘာအေးဘုရားလမ်း၊ ရွှေတောင်ကြား(၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်ရစ်(ခ)ဒေါ်ဝင်းကြည်

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ အမှတ် ၇၆၊ ဌာနာလမ်းနေ (ဦးစောစံဌေး)၏ဇနီး၊ (ဦးဌေးစင်-ဒေါ်ထား)တို့၏သမီးချွေးမ၊ [ဦးမောင်ဖေ-ဒေါ်ညွန့်(ခ)ဒေါ်လေးလေး]တို့၏ သမီး၊ (ဦးစောထွန်းလှဌေး)၊ ဦးစောသန်းဌေး-ဒေါ်နော်ဖောဂေး၊ ဦးပြုံးလှိုင်-ဒေါ်တင်တင်သိန်း၊ ဦးခင်အောင်-ဒေါ်မူမူခင် (USA)၊ ဦးလင်းထိန်-ဒေါ်စန်းစန်းနွဲ့ (Netherland)တို့၏မိခင်၊ မြေးနှစ်ယောက်တို့၏အဘွားသည် ၁၆-၄-၂၀၁၃ရက် ၉း၄၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁၈-၄-၂၀၁၃ရက် ၉နာရီတွင် ထိန်ပင်ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းမည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၅၅၈၃၄။ R/488

နှစ်ဆန်းတစ်ရက်နေ့တွင် ရန်ကုန်မြို့ရှိ ဘုရား၊ စေတီများ၌ ဒါနသီလဘာဝနာပြုကြသူများဖြင့် စည်ကားလျက်ရှိ

ရန်ကုန် ဧပြီ ၁၇

ယနေ့သည် ၁၃၇၅ ခုနှစ် မြန်မာ့နှစ်သစ်ကူး နှစ်ဆန်းတစ်ရက်နေ့ဖြစ်သည့်အားလျော်စွာ ရန်ကုန်မြို့ရှိ ပြည်သူများသည် ဘုရား၊ စေတီ၊ ကျောင်းကန်များ၌ ဥပုသ်သီတင်းသီလဆောက်တည်ကြသူများဖြင့်လည်းကောင်း၊ မြို့နယ်အသီးသီးရှိ ရပ်ကွက်များနှင့် လမ်းများ၌ အလှူဒါနပြုကြသူများဖြင့်လည်းကောင်း အထူးစည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ ၁၃၇၅ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်မင်္ဂလာ ဇီဝိတဒါန ဘေးမဲ့သက်လွှတ်ပွဲနှင့် (၁၇) ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားများကို ယနေ့နံနက်မှစ၍ သတ်မှတ်ထားသော နေရာအသီးသီး၌ ကျင်းပသည်။ နံနက် ၅ နာရီတွင် ရွှေတိဂုံစေတီတော် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ ဝန်ထမ်းများက အရုဏ်ဆွမ်းသစ်သီး၊ ပန်း၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းကြပြီး ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များ နာယူကြကာ နံနက် ၇ နာရီတွင် ရှင်ဥပဂုတ္တမင်္ဂလာကန်တော်အတွင်းသို့ ငါးများကို ဇီဝိတဒါန ဘေးမဲ့သက်လွှတ်ပြီး ငှက်များကိုလည်း ဇီဝိတဒါနဘေးမဲ့လွှတ်ကြသည်။

ယင်းနောက်ရင်ပြင်တော်ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ (၁၇)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကိုကျင်းပ၍ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ရွှေတိဂုံစေတီတော်တွင် အခြေပြုသော ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ ဂေါပကရုံး ဝန်ထမ်းများက မင်္ဂလသုတ်ပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်ကြသည်။

အလားတူ ဓမ္မရက္ခိတကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်သော မဟာဝိဇယစေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ အပ္ပရာဇိတပလ္လင်ပေါ်၌ သီတင်းသုံးစံပယ်လျက်ရှိသည့် “မုစ္စလိန္ဒာ နဂါးမျိုးနွယ်၊ နဂါးကိုးကောင်တို့က ဆင်းတုတော်အား အသွယ်သွယ်ရစ်ပတ်ကာ ခန္ဓာကိုယ်များကို သက်န်းသဖွယ် ကပ်လျှူပူဇော်ထားသော နာဂစီဝရာပဋ္ဋုပဋိမာ မြတ်စွာဘုရားဆင်းတုတော်မြတ်” ကို ရောင်ခြည်တစ်ထောင် အလင်းဆောင်သည့် ဘာနုရာဇာနေမင်းကြီးသည် မိမိအလင်းရောင်ဖြင့် တစ်နှစ်တွင် တစ်လ၊ တစ်လတွင်တစ်ရက် ယနေ့နံနက် ၈ နာရီ ၃၅ မိနစ်တွင် အရှေ့အရပ်မှ တစ်ကြိမ်၊ ညနေ ၃ နာရီ ၂၅ မိနစ်တွင် အနောက်အရပ်မှတစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်တိုင်တိုင် ဦးခိုက်ပူဇော်ချိန်၌ ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားအား ပူဇော်၍ ဆုတောင်းအဓိဋ္ဌာန်ပြုကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ◆

မြန်မာနှစ်ဆန်းတစ်ရက်နေ့က ရွှေတိဂုံစေတီတော်ရင်ပြင်တွင် ဘုရားဖူးလာပြည်သူများ ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ယနေ့ မာတိကာ

ခေတ်ကာလအလျောက် စိမ့်ဝင်စီးဆင်းထိုးဖောက်လာသော တိုင်းတစ်ပါး ယဉ်ကျေးမှုများ ကောင်းသည်နှင့် မကောင်းသည်ကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် ရှုမြင်သုံးသပ်ပြီး အနာဂတ်တွင် မိမိလူမျိုးတို့၏ ယဉ်ကျေးမှု အမွေအနှစ်များကို ဆက်လက် ထိန်းသိမ်းကာကွယ် *ခေါင်းကြီး* စာ-၂

ပင်တဂွန်အကြီးအကဲ ဟာဂျဲ အစ္စရေးသို့ ပထမဆုံး သွားရောက်မည် စာ-၄

သွေးတိုး ကျစေနိုင်သည့် အနီရောင် မုန်လာဥ စာ-၅

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ နွေရာသီရေရှားပါးမှုဖြစ်ပေါ် စာ-၁၀

CDMA ဖုန်းကတ် ပြည်သူများ လျှောက်ထားနိုင်ပြီ စာ-၁၁

ကာဒစ်တို့ လာမည့် ဘောလုံးရာသီ၌ ပရီမီယာလိဂ်တက်ပြီ စာ-၁၄

အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်

နေပြည်တော် ဧပြီ ၁၇

ယနေ့နံနက် ၈နာရီ ၁၈ မိနစ် ၂၆စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၃၅၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Yunan, China)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၁ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာစာမျက်နှာရောင်စုံအချပ်ပို (က) မှ (ဃ) အထိနှင့် အဖြူအမည်းအချပ်ပို (င) မှ (ဈ)အထိ ပါရှိပါသည်။

သက်ကြီးဘိုးဘွားများအား ကုသိုလ်ကောင်းမှုများပြုလုပ်

သတင်း-မောင်သစ္စာ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၁၇

၁၃၇၅ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ပြည်သူများ ကုသိုလ်ကောင်းမှုပြုလုပ်လျက်ရှိရာ ရန်ကုန်မြို့ ဗဟန်းမြို့နယ် နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် အဘိုးအဘွားများအားလက်သည်းခြေသည်းများ ညှပ်ပေးခြင်း၊ ခေါင်းလျှော်ပေးခြင်းနှင့်အမွှေးနံ့သာလိမ်းပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)၏ (၄၀)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲတွင် မွန်လူငယ်မောင်မယ်များက သက်ကြီးအဘိုးအဘွားများအား အမွှေးနံ့သာများဖြင့် ဆွတ်ဖျန်းကြစဉ်။

ထိုသို့ အဘိုးအဘွားများအား ကုသိုလ်ကောင်းမှုများပြုလုပ်ရာတွင် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှကြီးမှူးကာ စုပေါင်းဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။ နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ အဘိုး ၆၅ ဦးနှင့် အဘွား ၁၂၉ ဦးတို့အား ခြေသည်းလက်သည်းညှပ်ခြင်း၊ ခေါင်းလျှော်ခြင်းနှင့် အမွှေးနံ့သာများ လိမ်းပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။ တစ်ဖန် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ဝန်ထမ်းများကလည်း နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ အဘိုးအဘွားများအား ကုသိုလ်ကောင်းမှုများ ဝိုင်းဝန်းပြုလုပ်ပေးခဲ့ကြသည်။

ထို့အပြင် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်၌ မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်)က *စာမျက်နှာ ၃ ကော်လံ ၁* ❒

လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀၀ အတွင်း အန္တာတိကရေခဲပြင်ကြီး အမြင့်မားဆုံးအရည်ပျော်

ကင်ဘာရာ ဧပြီ ၁၇

အန္တာတိကရေခဲပြင်ကြီး အရည်ပျော်ကျမှုသည် နှစ်ပေါင်း ၁၀၀၀ အတွင်း အမြင့်မားဆုံးဖြစ်လာကြောင်း ဩစတြေးလျနှင့် ဗြိတိသျှသုတေသနပညာရှင်များက သတင်းထုတ်ပြန်ခဲ့သည်။

အန္တာတိကရေခဲမြစ်များ သိသိသာသာအရည်ပျော်ကျမှုသည် ကမ္ဘာကြီးပူနွေးလာမှု၏ ထင်ရှားသော အထောက်အထားသစ်ဖြစ်ကြောင်းလည်း သုတေသီများက ပြောဆိုလိုက်သည်။

ဩစတြေးလျ အမျိုးသားတက္ကသိုလ်မှ သုတေသီများနှင့် ဗြိတိသျှ အန္တာတိက စူးစမ်းလေ့လာရေး သုတေသီများသည် အဆိုပါရေခဲပြင်ကြီးအား သုတေသနပြုလေ့လာခဲ့ကြသည်။ ယင်းတို့သည် လွန်ခဲ့သော နှစ် ၆၀၀ က အရည်ပျော်ကျမှုနှင့် လွန်ခဲ့သည့်နှစ် ၅၀ အတွင်း အရည်ပျော်ကျမှုတို့ကို နှိုင်းယှဉ်လေ့လာခဲ့ကြရာ နွေရာသီတွင်ဆယ်ဆမက အရည်ပျော်ကျမှု မြန်ဆန်လာသည်ကို တွေ့ရှိခဲ့ကြသည်ဟုဆို၏။

မောင်နွေသစ် - ရေးသားသည်

ရာသီဥတုနှင့် ပတ်ဝန်းကျင်သည် အန္တာတိက၏ အစိတ်အပိုင်းများ ပြောင်းလဲခြင်းပင်ဖြစ်ကြောင်း သုတေသနအဖွဲ့ခေါင်းဆောင် နာရီလီအာဘရမ်းက ပြောသည်။

အာဘရမ်းနှင့်သူ့အဖွဲ့သည် အန္တာတိက ကျွန်းဆွယ်မြောက်ဖျားအနီး ဂျိမ်းရော့စ်ကျွန်းပေါ်တွင် ရေခဲပြင်ကို ကိုက် ၄၀၀(၃၆၄ မီတာ) အထိ တူးဖော်၍ နွေရာသီရေခဲပြင်အပူချိန်တို့ကို လေ့လာခဲ့ကြသည်။ ယင်းတို့သည် လွန်ခဲ့သော နှစ် ၆၀၀ ကထက် လွန်ခဲ့သည့်နှစ် ၅၀အတွင်း အပူချိန်မှာ ၁ ဒသမ ၆ဒီဂရီဆဲလ်စီးရပ်(စ်) (၂ ဒသမ ၉ ဒီဂရီဖာရင်ဟိုက်)တိုးလာသည်ကို တွေ့ရှိခဲ့ကြသည်။ ယင်းအချက်ကို ထောက်ရှုလျက် အပူချိန်သိသိသာသာတိုးလာသည်ကို တွေ့ရှိခဲ့ကြသည်။ **(ရိုက်တာ)**

မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ်
နှစ်သစ်မင်္ဂလာအခါသမယမှ အစပြု၍
ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့်ပြည့်စုံပြီး
စီးပွားလာဘ်လာဘများတိုးတက်၍ လိုအင်ဆန္ဒများပြည့်ဝပါစေကြောင်း
ဆုတောင်းမေတ္တာပို့သအပ်ပါသည်။
PMG
PEACE MYANMAR GROUP CO., LTD.
PEACE MYANMAR ELECTRIC CO., LTD.
UPG
UNITED PAINTS GROUP CO., LTD.
SKYWARD
SKYWARD INTERNATIONAL TRADE LIMITED.
Asia General Electric Co., Ltd.
UCF
UNITED CAN FACTORY CO., LTD.
D-MAX
DIGITAL PHOTO & VINYL
PEACE
COMPANY LIMITED
NIKKO
UMBRELLA
General Electric Group Co., Ltd.
Group of Companies

ကြော်ငြာ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၀ ရပ်ကွက်၊ မဟော်သဓာလမ်း၊ မြေကွက်အမှတ်(၁၂၉၉)မြေကွက်အား အမည်ပေါက် ဦးစိုးမြင့် DKU-၀၂၁၇၁၀ထံမှ စာချုပ်စာတမ်းအဆက်ဆက်ဖြင့်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးချစ်ဝင်း ၁၂/မရက(နိုင်) ၁၁၁၂၅၆ထံမှ ကျွန်မ ဒေါ်နွယ်နွယ်ဦး ၇/တငန(နိုင်)၀၀၅၀၃၈သည် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်မထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်နွယ်နွယ်ဦး ၇/တငန(နိုင်)၀၀၅၀၃၈

အမှတ်(၂၂)၊ ကျောက်မြောင်း၊ ကျားကွက်သစ်လမ်း၊ ဖုန်း-၀၉-၅၀၅၄၅၂၇

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀ ကဘဲ့၊ မြေကွက်အမှတ် ၁၇က၆၏ အစိတ်အပိုင်း ၁၁ပေ ၆လက်မ×ပေ၈၀၊ မြေကွက်တည်နေရာအမှတ်၃၅၂/သမာဓိ ၃လမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဦးထွန်းလွင်အမည်ပေါက် မြေပိုင်မြေ လ/န ၃၉ရပြီး မြေအား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဒေါ်သိန်းသိန်းဌေး(ခ)ဒေါ်ဥမ္မာတင်မှ တရားလိုပြုလုပ်၍ မရမ်းကုန်းမြို့နယ်တရားမရုံး တရားမကြီးမှုအမှတ် ၁၂/၂၀၁၂ ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် ဒေါ်မြင့်ကြည်၊ ဒေါ်မြင့်မြင့်ရီ၊ ဒေါ်တင်အုန်း၊ ဦးသန်းအောင်တို့အား တရားပြိုင်ထားရှိပြီး တရားစွဲဆိုခဲ့ရာ တရားလိုမှ အနိုင်ဒီကရီရရှိခဲ့ပြီး တရားမဇာရီမှုအမှတ် ၂၁/၂၀၁၂ဖြင့် အတည်ပြုခဲ့ပြီးဖြစ်ပါသည်။ တရားရုံးကိုယ်စား တရားရုံးမှ လိုက်ပါဆောင်ရွက်ရန်အတွက် ခန့်အပ်သူ ဒေါ်ဦးဆန်းရီ(ဘီလစ်) ၁၁/ကတန(နိုင်)၀၀၆၇၃၄မှ တရားရုံးဒီကရီအထောက်အထားတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန်အတွက် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၉၊ မြေကွက်အမှတ် ၂၀၀၂၊ မြေကွက်တည်နေရာအမှတ်-၂၀၀၂၊ ၆၉ ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဒုတိယဗိုလ်မှူးကြီးလှမိုးအမည်ပေါက် ပါမစ်မြေအားအမည်ပေါက် ဒုတိယဗိုလ်မှူးကြီးလှမိုးထံမှ အရပ်ကတိစာချုပ်ဖြင့် ဦးနေဝင်း ၁၂/သလန(နိုင်)၀၄၀၉၈ကဝယ်ယူ၍ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၉(ဝါးတရာစက်မှုဇုန်)၊ မြေကွက်အမှတ်-၁၇၆၊ ခန့်မှန်းခြေဧရိယာ ၄ ဒသမ ၀၇၀ ဧကရှိ ပါမစ်မြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်သူ (၁)ဦးစောအေးမင်းဖြိုး ၉/ခအဇ(နိုင်)၀၀၀၄၇၆၊ (၂)ဦးသက်ထွန်းစံ (ခ)သန်းထိုက်စိုး ၉/မဟမ(ဧည့်)၀၀၀၀၀၇တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ၁၄ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်ဝင်းမြင့်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၉၄၂)
အမှတ်(၁၆)၊ အနော်ရထာလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၂၀၈၅၈



ကြော်ငြာ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၇၊ မြေကွက်အမှတ် ၁၆၃၊ မြေကွက်တည်နေရာအမှတ် ၁၆၃၊ ၁၃၇ ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ် ဦးသောင်းရှိန်အမည်ပေါက် မြေချပါမစ်မြေအား အမည်ပေါက် ဦးသောင်းရှိန် AA-၀၂၀၆၉၃ ကိုယ်တိုင်ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ ပါမစ်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာများတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်ရန် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

[illegible]

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဦးပိုင်နံပါတ်(၆၆)၊ အကွက်နံပါတ် (၇/အေ)မြေကွက်မှ တရားဝင်မခွဲမစိတ်ရသေးသော အမှတ်(၁၅)၊ ရှမ်းကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်ဟုခေါ်တွင်သည့် အကျယ်အဝန်း (အလျား ၂၉ပေ× အနံ ၆၇ပေ)ရှိ မြေကွက်နှင့် ၄င်းမြေကွက်ပေါ်ရှိ RC တစ်ထပ်တိုက်၊ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်မေမြတ် ၁၂/သကတ(နိုင်)၀၀၃၄၈၄ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးစထွန်းလှိုင် ၁၂/အစန(နိုင်)၀၃၀၆၃၁က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမြင့်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၈၄၈)

ဒေါ်အုံးအုံး(LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၅၁၃၅)

ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်
ဖုန်း-၀၉-၄၃၀၈၀၉၉၁၊ ၀၉-၇၃၀၀၇၅၃၄

[illegible]

[illegible]

[illegible]

ကြော်ငြာ

C B BANK
ပျော်ရွှင်ချမ်းမြေ့သော မင်္ဂလာ မြန်မာနှစ်သစ်
မှာ
ကောင်းမွန်သော ဝန်ဆောင်မှုများ
နှင့်အတူ
နှုတ်ခွန်းဆက်သအပ်ပါသည်။
Let's Win Win Together !
E-mail : contact@cbbankmm.com
Web Site : www.cbbankmm.com
Facebook : www.facebook.com/CBBankmyanmar
24/7 Hotline number : 1874

တာချီလိတ်မှသဲပုံစေတီပူဇော်ပွဲနှင့် ညောင်ထောက်ပွဲ

မဟာသင်္ကြန် အကြတ်နေ့သည် ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအရ အတာစားသည့်နေ့ဖြစ်ရာ ထိုနေ့တွင် ရှမ်းတိုင်းရင်းသားများသည် မိမိတို့နှင့် နီးစပ်ရာဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ကာ "သန်းနံကောင်ဝ်ဆိုင်းမ်" ခေါ် သဲပုံစေတီပူဇော်ပွဲနှင့် ညောင်ထောက်ပွဲများအား ဆင်ယင်ကျင်းပကြသည်။

ရှေးဦးစွာ မြတ်စွာဘုရားရှင်အား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက်သဲပုံစေတီအား တံခွန်-ကုက္ကား-ကြက်လျှာများ၊ ပန်း-ဆီမီး-အမွှေးနံ့သာများဖြင့် ပူဇော်ကြကာ "မိုက်အော့" ခေါ် ညောင်ထောက်ဝါးများအား သဲပုံစေတီတော်တွင်လည်းကောင်း၊ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ဗောဓိညောင်ပင်များတွင်လည်းကောင်း စိုက်ထူပူဇော်ကြသည်။

"သင်္ကြန်အကြတ်နေ့ဟာ ကျွန်မတို့ရှမ်းတိုင်းရင်းသားတွေရဲ့ အတာစားတဲ့နေ့ပါ။ ဒီနေ့မှာမိုက်အော့လို့ခေါ်တဲ့ ညောင်ထောက်ပူဇော်ပါတယ်။ မိုက်အော့ကို ကိုင်းဝါးနဲ့ပဲပြုလုပ်ရပါတယ်။ မိမိတို့အိမ်မှာရှိတဲ့ လူဦးရေအတွက်အတိုင်း လှူရပါတယ်။ ဒီမိုက်အော့မှာ အညွန့်အဖူးလေးတွေ တပ်ဆင်ရပါတယ်။ တံခွန်-ကုက္ကားနဲ့ လူရုပ်ပုံတွေ ဂြိုဟ်ပြေန်ပြေတွေကို တပ်ဆင်ရပါတယ်။ နောက်ပြီး ဆန်ရေစပါးပေါကြွယ်ဝစေဖို့ ဆန်နဲ့စပါးရယ်၊ အေးမြသာယာစေဖို့ ရေနဲ့သဲရယ်ကို ထည့်သွင်းလှူဒါန်းရပါတယ်။ ဒီလိုလှူဒါန်းရခြင်းဖြင့် အသက်ရှည်ကျန်းမာတယ်၊ ဆန်ရေစပါးပေါများကြွယ်ဝတယ်လို့ ကျွန်မတို့ဘိုးဘွားစဉ်ဆက်ယုံကြည်ကြပါတယ်။ ဒါ့အပြင် ဒီနေ့မှာ သံဃာတော်တွေကို တတ်စွမ်းသမျှ လှူဒါန်းကုသိုလ်ပြုသလို စတုဒိသာအလှူအတန်းတွေလည်း ပြုလုပ်ကြပါတယ်"ဟု အဆွေတော်မီနီမတ်မှ ဒေါ်နန်းမိမိလေးကမြန်မာ့အလင်းသို့ ရှင်းပြသည်။

ဂုဏ်ပြုမှတ်တမ်းတင်

ဆီမီးနံ့သာတလှိုင်လှိုင်၊ တံခွန်တိုင်တွေတလွင့်လွင့်ဖြင့် ကြည်နူးဖွယ်ရာ မြင်တွေ့နေရပါသော ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ဒေသမှ ရှမ်းတိုင်းရင်းသားတို့၏ "သန်းနံကောင်ဝ်ဆိုင်းမ်" ခေါ် သဲပုံစေတီပူဇော်ပွဲနှင့် ညောင်ထောက်ပွဲများအား ဆင်ယင်ကျင်းပနေသည့် ချစ်စဖွယ်ရိုးရာဓလေ့အား မြန်မာ့အလင်းသတင်းအဖွဲ့က ဂုဏ်ပြုမှတ်တမ်းတင် ရေးသားလိုက်ရပါသည်။

မောင်ယဉ်ကျေး (တာချီလိတ်)

မျက်စိကုသဝေဒနာရှင်များအား ကူညီထောက်ပံ့

နောင်ချို ဧပြီ ၁၇

ရှမ်းပြည်နယ် မြောက်ပိုင်းနောင်ချိုမြို့နယ်အတွင်းမှ မျက်စိခွဲစိတ်ကုသရေးအတွက် သီပေါမြို့သို့သွားကြမည့် မျက်စိဝေဒနာရှင်ပြည်သူ ၃၁ ဦးတို့အား ဧပြီ ၁၀ ရက်တွင် ဦးသိန်းဟန် ဒုရဲမှူး(ငြိမ်း) ဦးဆောင်ပြီး ပန်ဟတ်ရပ်ကွက် ဦးပြုံးဈေးရပ်ကွက်ရှိ ယာဉ်ပိုင်ရှင်များက ပို့ဆောင်အကူအညီပေးကြသည်။

ပေးအပ်ချီးမြှင့်

အလားတူ နောင်ချိုမြို့နယ် စေတနာမွန် လူမှုကူညီရေးအသင်းကလည်း ဆင်းရဲနွမ်းပါးသော မျက်စိကုသဝေဒနာရှင်များအတွက် ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ကြသည်ဟု သိရှိရသည်။

စိုးဝင်း

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ပခုက္ကူဒေသထွက်အာလူး ဈေးကောင်းရ

ပခုက္ကူ ဧပြီ ၁၇

ပခုက္ကူဒေသ ပွင့်လင်းကာလ ပဲမျိုးစုံလှိုင်လှိုင်ပေါ်၍ ပွဲရုံအလုပ်သမားများ ဝင်ငွေများကောင်းနေကြောင်း သိရသည်။ ပဲမျိုးစုံအပြင် အာလူးကလည်းဖြိုင်ဖြိုင်ဝင်နေကြောင်း၊ ကြက်သွန်က အဝင်နည်းသော်လည်း သင်္ကြန်ပြီးရင် ဝင်အားကောင်းတော့မှာဖြစ်ကြောင်း၊ ပွဲစားတွေကလည်း ယောချောင်းကြက်သွန်ကို လှောင်ဖို့ပြင်ဆင်ထားနေပြီး ဈေးကတစ်ပိဿာ ငွေကျပ် ၂၅၀-၂၇၅ ကျပ်နှုန်းပေါက်ကြောင်း၊ တစ်နေ့ကို အချိန်တစ်သောင်းကျော်ကျော်ဝင်ကြောင်း ပခုက္ကူပွဲစားကြီး တစ်ဦးကပြောသည်။

သင်္ကြန်ပြီးလျှင် ကြက်သွန်ဈေးလှုပ်လာဖွယ်ရှိပြီး ပေါက်နယ်-ကျောချောင်းထွက်အာလူးဈေးမှာလည်း အနိမ့်ဆုံး ငွေကျပ် ၂၀၀-၄၅၀-၇၀၀ အထိ ဈေးကောင်းရနေကြောင်း သိရသည်။

"အာလူးက တပေါင်းလဆန်းဆိုရင် ဈေးကွက်ဝင်ပြီး တန်ခူးလကုန်မှ ရာသီကုန်သွားတယ်။ အခုတစ်နေ့ကို အချိန်သုံးသောင်းကျော်ဝင်နေတယ်"ဟု ကုန်သည်တစ်ဦးက ပြောသည်။

ပေါက်နယ်ဒေသ ယောချောင်းဘေးရွာများသည် ကြက်သွန်အဓိကစိုက်ပျိုးသလို ပေါက်နယ်ကျောချောင်းတစ်လျှောက်ဒေသခံ တောင်သူများမှာ အာလူးကို အားထားစိုက်ပျိုးကြောင်း သိရသည်။

အာလူးစိုက်ပျိုးသော ဒေသများမှာ ဇီးပြား၊ အုန်းတော၊ အင်တော၊ ရွှေဘုံသာ၊ ချောင်းကူး၊ ပျဉ်းမစသည့် ပေါက်မြောက်ဘက်နယ်များအပြင် ကမ္မအရှေ့ဘက်နယ်များတွင်လည်း စိုက်ပျိုးကြကြောင်းသိရသည်။ သင်္ကြန်မကျခင် ၁၂ ရက်နေ့သတင်းအရ ပခုက္ကူပဲမျိုးစုံဈေးကွက်တွင် ပဲတီစိမ်းသေးတစ်တင်း ငွေကျပ် ၂၁၀၀၀၊ V6-V3 ကုလားပဲတစ်တင်းငွေကျပ် ၁၇၆၀၀၊ HL ကုလားပဲ တစ်တင်းလျှင်ငွေကျပ် ၁၇၈၀၀၊ V2 ကုလားပဲတစ်တင်းလျှင်ငွေကျပ် ၁၈၁၀၀၊ 929 ကုလားပဲ ၁၇၇၀၀၊ ပဲစင်းငုံသစ် တစ်တင်းလျှင်ငွေကျပ် ၂၁၆၀၀၊ ပဲစင်းငုံဟောင်း တစ်တင်းလျှင် ငွေကျပ် ၂၀၉၀၀၊ cp ပြောင်းတစ်တင်းလျှင် ငွေကျပ် ၇၂၀၀၊ ပဲဇီးကွက်တစ်တင်းလျှင် ငွေကျပ် ၁၅၂၀၀၊ စွန်တာနီပဲတစ်တင်းလျှင်ငွေကျပ် ၁၄၇၀၀၊ ပဲပုပ်တစ်တင်းလျှင်ငွေကျပ် ၁၇၃၀၀၊ မတ်ပဲတစ်တင်းလျှင်ငွေကျပ် ၁၅၅၀၀၊ ပဲနီပြားတစ်တင်းလျှင် ငွေကျပ် ၁၆၀၀၀ ဈေးများနှင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

နေဦးမောင်(ပခုက္ကူ)

ကိုယ့်အားကိုယ်ကိုး ချောင်းကူးတံတား တည်ဆောက်ပြီးစီး

မော်လူး ဧပြီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးဒေသတွင် မိုးတွင်းရာသီ၌ ရေကြီးရေလျှံ ရေစီးသန်၍ နွေရာသီတွင် ရေနည်းပါးခန်းခြောက်သော တောင်ကျချောင်းများ ပေါများလျက်ရှိရာ မိုးရာသီတွင် တစ်ရွာနှင့်တစ်ရွာ ကူးသန်းသွားလာဆက်သွယ်မှုခက်ခဲသော ဒုက္ခများကြုံတွေ့ရလေ့ရှိသည်။

မော်လူးဒေသ ပုန်းဟုန်ကျေးရွာအုပ်စု ပုန်းဟုန်ကျေးရွာနှင့် စည်ပိန်း၊ မော်လူးအကြားရှိ နန်းဒရန့်ချောင်းကူးတံတားကို ပုန်းဟုန်ရွာ ပြည်သူအင်အား ၁၀၀ ခန့်က ဖေဖော်ဝါရီ ၁၀ ရက်မှစ၍ စုပေါင်းတည်ဆောက်ခဲ့ရာ ဧပြီ ၆ ရက်တွင် ဆေးသုတ်ရန်မှအပ အချောကိုင်အားလုံးပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါ နန်းဒရန့်ချောင်းကိုဖြတ်၍ တံတားတည်ဆောက်လိုက်သဖြင့် အနောက်ဘက်ကမ်းရှိ ကျေးရွာများဖြစ်သည့် တောင်ဖီလာ၊ စဉ့်ခိုး၊ ပုန်းဟုန်၊ ကူးကာ၊ အုတ်ရှစ်ကုန်းစသောကျေးရွာများနှင့် ချောင်းအရှေ့ဘက်ရှိ စည်ပိန်း၊ မော်လူး၊ ညောင်ပင်သာ၊ စေ့မော် စသောကျေးရွာများ မိုးတွင်းကာလ၌ ကူးသန်းဆက်သွယ်သွားလာမှုအဆင်ပြေလာမည်ဖြစ်သဖြင့် နွေရာသီရေခန်းချိန်တွင် အပြီးတည်ဆောက်ရခြင်းဖြစ်ကြောင်း ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်သူ အဖွဲ့ခေါင်းဆောင်က ရှင်းလင်းပြောကြားသည်။

"ဒီနန်းဒရန့်ချောင်းကူးတံတားကို ဒေသခံကျေးရွာလူထုက ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ညီနှိုင်းပြီး စေတနာရှင်များရဲ့ ထည့်ဝင်လှူဒါန်းမှုငွေနဲ့ မတည်ပြီး တည်ဆောက်ခဲ့တာပါ။ တံတားအကျယ် ပေ ၂၀ ရှိပြီး တံတားအရှည် ပေ ၁၆၀ ရှိပါတယ်။ ခံနိုင်ဝန်အား အနေနဲ့ ၁၅ တန်ထိ ခံနိုင်အောင် တည်ဆောက်ထားတာပါ။ တံတားပြီးစီးတဲ့အထိ နေ့စဉ်ရွာသား ၅၀ အလှည့်ကျနဲ့ စုပေါင်းဆောက်လုပ်တာမို့ တန်ဖိုးအားဖြင့် ကျပ် ၂၈၁ သိန်းဖြစ်ပါတယ်။ တံတားဖွင့်ပွဲကို မြန်မာနှစ်သစ်ကူးပြီးမှ ကျင်းပနိုင်မှာပါ" ဟု ပုန်းဟုန်အုပ်စု အုပ်ချုပ်ရေးမှူးက ပြောပြသည်။

ဖွင့်လှစ်ပြီးစီးပါက နန်းဒရန့်ချောင်း၏ အရှေ့ဘက်ကမ်းရှိ ကျေးရွာများနှင့် အနောက်ဘက်ကမ်းရှိ ကျေးရွာများ ရာသီမရွေး သွားလာနိုင်မည်ဖြစ်သည်။

စစ်ကိုင်းဝင်းရွှေ

MCC GROUP

" မြန်မာနှစ်သစ်အခါသမယတွင် မြန်မာနိုင်ငံသူ/နိုင်ငံသားများ ရွှင်လန်းချမ်းမြေ့ပါစေရန် ဆုမွန်ကောင်းတောင်းရင်း လာမည့် မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ်တွင် ပညာရေးနှင့် စီးပွားရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်လာစေရေးအတွက် MCC Group နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါစေကြောင်း သတင်းကောင်းပါးအပ်ပါသည်။ "

- Myanma Computer Company Ltd.,
- MCC Training Institute
  Yatanarpon Campus, Yangon Campus, Mandalay Campus
  Naypyitaw Campus
- ISDC (International Software Development Centre)
- Consultancy & Project Management
- MCC Capital
- MCC Energy
- မြန်မာနိုင်ငံအရပ်ရပ်ရှိ
  MCC Franchise Center များ

နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

မြန်မာ့ရိုးရာ ရွှေပုစွန်ချည်ချောလုံချည်များကို နှစ်ပေါင်း(၃၁)တိုင် အားပေးဝယ်ယူဝတ်ဆင်ကြသော မိဘပြည်သူများနှင့်တကွ ဝယ်ယူဖြန့်ဖြူးရောင်းချပေးလျက်ရှိသော အနယ်နယ်အရပ်ရပ်မှ မိတ်ဟောင်း မိတ်သစ်များအားလုံး မြန်မာနှစ်သစ်ကူးအခါသမယတွင် မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်း၍ စီးပွားဥစ္စာများ တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ရွှေပုစွန်ချည်ချောလုံချည်မိသားစု

ဆိုင်(၁) - အမှတ်(၃၁၁)၊ ဘီရုံ၊ သိမ်ကြီးဈေး၊ ရန်ကုန်။ ☎ ၀၁-၃၈၂၆၀၀ (လိုင်းခွဲ-၂၇၁)၊ ၀၁-၂၂၄၈၂၃

ဆိုင်(၂) - အမှတ်(၁၆)၊ မြေညီ၊ ပတ်လမ်း၊ အဆင့်မြင့်မင်္ဂလာဈေး၊ ရန်ကုန်။ : ၀၉-၅၁၇၇၃၃၈၄၊ ၀၉-၅၁၀၂၀၂၃

ပြည်တွင်းသတင်း

စိုက်ပျိုးရေးအကျိုးပြု ရေနုတ်မြောင်း သံဖြူဇရပ်တွင် တူးဖော်

သံဖြူဇရပ် ဧပြီ ၁၇

သံဖြူဇရပ်မြို့နယ် ဝါခရုစံပြကျေးရွာသည် လယ်ယာစိုက်ပျိုးရေးကိုအခြေခံသော ကျေးရွာဖြစ်သည့်အားလျော်စွာ လယ်မြေများရေကြီးနစ်မြုပ်မှုမှ ကင်းဝေးစေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအစီအစဉ်အရ မွန်ပြည်နယ်အစိုးရအဖွဲ့ကြီးကြပ်မှုဖြင့် ကာလများစွာတိမ်ကောနေသည့် ဝါခရုကျေးရွာ၏ အရှည်ပေ ၆၆၀၀ ရှိ ပင်မရေနုတ်မြောင်းနှင့် ရေသွယ်မြောင်းကို စက်ယန္တရားနှစ်စီးဖြင့် မတ် ၁၅ ရက်မှစတင်ကာ အကျယ်ပေ ၄၀၊ အနက် ရှစ်ပေကို တူးဖော်လျက်ရှိသည်။ **(အပေါ်ပုံ)**

အထောက်အကူရရှိ

အဆိုပါရေနုတ်မြောင်း တူးဖော်နိုင်မှုကြောင့် ဝါခရုကျေးရွာမှ လယ်မြေဧက ၄၀၀ ကျော်နှင့် မုဒုံမြို့နယ် လွမ်လှာကျေးရွာမှ လယ်မြေများကို ယခုနှစ်စပါးစိုက်ရာသီမှစ၍ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်မည့်အပြင် နွေစပါးစိုက်ပျိုးရေးအတွက်လည်း အထောက်အကူရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ်ပြန်/ဆက်)

ဘုန်းတော်ကြီးသင် ကျောင်းသားများအတွက် ထောက်ပံ့လှူဒါန်းပွဲကျင်းပ

ကလေး ဧပြီ ၁၇

ကလေးမြို့နယ် မဟာသန္တာရုံပရိယတ္တိစာသင်တိုက်တွင် ကလေးချင်းတောင်သာသနာပြုကျောင်းများနှင့် ဘုန်းတော်ကြီးသင် ကျောင်းသားကျောင်းသူများအတွက် ထောက်ပံ့ပစ္စည်းနှင့် အလှူငွေလှူဒါန်းပွဲကို ဧပြီ ၆ ရက် ည ၇ နာရီက ကျင်းပရာ ကလေးမြို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်နှင့် ဗုဒ္ဓသာသနာပြုအဖွဲ့ဝင်များ၊ အလှူရှင်ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြသည်။

လှူဒါန်းပွဲကို မန္တလေးတောင်စလင်းတိုက်သစ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်တိက္ခနှင့် ဆရာတော်ဦးနေမိန္ဒ၊ မြန်မာတောင်တန်းဒေသနှင့် ကမ်းရိုးတန်းဗုဒ္ဓသာသနာပြုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှဝင်းတို့ဦးစီးသော အလှူရှင်ဒါယကာ၊ ဒါယိကာမများအဖွဲ့က လှူဒါန်းခြင်းဖြစ်၍ ကလေးမြို့နယ် ဗုဒ္ဓသာသနာပြုအဖွဲ့ဝင်များ၊ မဟာသန္တာရုံပရိယတ္တိစာသင်တိုက်မှ ဆရာတော်ကြီးက ဦးဆောင်၍ ဘုန်းတော်ကြီးသင်ဆရာများက လက်ခံရယူခဲ့ကြသည်။

ကလေးမြို့တွင် ဘုန်းတော်ကြီးသင်ကျောင်းပေါင်း ၃၂ ကျောင်းအနက် စာသင်ကျောင်း ၂၀ ခန့် စာပေတတ်မြောက်အောင်မြင်သည့် စာသင်ကျောင်းသားများကို မွေးထုတ်ပေးလျက်ရှိပြီး စာသင်သားကျောင်းသားပေါင်း ၂၀၀၀ ခန့်ရှိကြောင်း သိရသည်။

လှူဒါန်းခဲ့ကြ

အဆိုပါအလှူရှင်များအဖွဲ့သည် ကလေး၊ ဂန့်ဂေါ၊ ဟားခါး၊ ဖလမ်း၊ တမူး၊ ရေဦးမြို့နယ်များရှိ ကျောင်းပေါင်း ၈၇ ကျောင်းကို လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

သျှင်နေမင်း(ဂန့်ဂေါ)

မူဆယ်မြို့တွင် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများ တည်ဆောက်နေ

မူဆယ် ဧပြီ ၁၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့တွင် ၂၀၁၃ ခုနှစ် နှစ်ဆန်းပိုင်းမှစတင်၍ ရွှေလီမြစ်ကမ်းဘေး အဆင့်မြင့်အိမ်ရာ စီမံကိန်းတရုတ်နိုင်ငံရွှေလီမြို့ မြင်ကွင်းများကို မြင်တွေ့နိုင်သည့် လေယာဉ်ကွင်းဟောင်းအနီး အဆင့်မြင့်အဝေးပြေး ယာဉ်ရပ်နားစခန်းစီမံကိန်းများကို လုပ်သားအင်အား ၇၀၀ ကျော်၊ လုပ်ငန်းသုံးယာဉ်စီးရေ ၁၀၀ ကျော်တို့ဖြင့် တာဝန်ယူထားသောကုမ္ပဏီများက အင်တိုက်အားတိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

"ဒီစီမံကိန်းတွေကြောင့် ဒေသခံပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိနေကြပြီ၊ ဒီအဆင့်မြင့်ယာဉ်ရပ်နားစခန်းထဲမှာ ခေတ်မီဟိုတယ်ကြီးတစ်လုံး အပါအဝင် လူနေတိုက်ခန်းတွေ၊ မီးသတ်စခန်းတွေ၊ စီမံကွပ်ကဲမှု ရုံးတွေ၊ ရေပေးဝေရေးစနစ်တွေ၊ ထည့်သွင်းတည်ဆောက်ထားပါတယ်။ စီမံကိန်းကာလ တစ်နှစ်ခြောက်လအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားမှာပါ။ ဧပြီ ၅ ရက်ကလည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ကျော်မြင့်နှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးခဲ့ပါတယ်"ဟု သိန်းသန်းချိကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ဝင်းက ပြောကြားသည်။

မူဆယ်မြို့ကို အဆင့်မြှင့်တင်မည့်အစီအစဉ်တွင် မူဆယ်မြို့နယ် မော်တောင်းအုပ်စုတွင် တည်ဆောက်မည့် အဆင့်မြင့်လေယာဉ်ကွင်း၊ မူဆယ်မြို့ရှုခင်းများကို အပေါ်စီးမှ လှမ်းမြင်ရမည့် ပွိုင့် ၅၅၆၁ တောင်ကုန်းဝန်းကျင်တွင် တည်ဆောက်မည့် ဟိုတယ်ဇုန် စီမံကိန်းများ ပါဝင်ကြောင်း သိရှိရသည်။

သိန်းဇော်(ရွှေလီဦး)

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၌ ကျင်းပ

ရန်ကုန် ဧပြီ ၁၇

"ကမ္ဘာတွင် နှစ်စဉ်တီဘီရောဂါဖြစ်ပွားသူ ကိုးသန်းခန့်ရှိပြီး နှစ်သန်းခန့်သည် တီဘီရောဂါကြောင့် နှစ်စဉ်သေဆုံးနေကြကြောင်း၊ တီဘီရောဂါအထူပြောဆုံးနိုင်ငံ ၂၂ နိုင်ငံစာရင်းတွင် မြန်မာနိုင်ငံပါဝင်နေပြီးအသက် ၁၅ နှစ်နှင့် ၄၄ နှစ်အကြား အရွယ်အမျိုးသမီးများ၏ သေဆုံးမှု အများဆုံးရောဂါသုံးမျိုးတွင် တီဘီရောဂါလည်းပါဝင်နေကြောင်း၊ ယခုအခါ ကုသ၍ အလွယ်တကူ မပျောက်ကင်းသော "ဆေးယဉ်ပါးသောတီဘီရောဂါ" "Multi-drug Resistant TB (MDRTB)နှင့် Drug-Resistant TB(XDR TB) ရောဂါ၏အန္တရာယ်ကို ကမ္ဘာတစ်ဝန်းလုံးမှ လူသားများခံစားနေကြရပြီဖြစ်ကြောင်း၊ ဆေးယဉ်ပါးသောရောဂါကို ကုသရသည့် ကုန်ကျစရိတ်သည် ရိုးရိုးတီဘီရောဂါကို ကုသသည့် စရိတ်ထက် အဆ ၁၀၀ ကြီးမားပါကြောင်း၊ လူသားအားလုံး အဆိုပါအန္တရာယ်များမှ ကင်းဝေးအောင်၊ လွတ်မြောက်အောင် ပူးပေါင်းဆောင်ရွက်စေရန် ရည်ရွယ်ပြီးလှုံ့ဆော်သတိပေးသောနေ့ ဖြစ်ပါကြောင်း" ဧပြီ ၄ ရက်က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းတိုက်၌ ကျင်းပသော ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့(၂၀၁၃) အထိမ်းအမှတ် အခမ်းအနား၌ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ဥက္ကဋ္ဌ ဦးကျော်မြင့်နိုင်က အမှာစကားတွင် ထည့်သွင်းပြောကြားသွားသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်ထံမှပေးပို့သော ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ ၂၀၁၃ ခုနှစ် သဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးအေးကိုကိုက ဖတ်ကြားသည်။

ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ Dr.Erwin Correman နှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဦးတင်အေးတို့က ဆလိုက်ပရိုဂျက်တာဖြင့် ကမ္ဘာ့တီဘီစစ်ပွဲများအကြောင်းကို ရှင်းလင်းပြောကြားသွားသည်။ အခမ်းအနားသို့ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ရှစ်မြို့နယ်မှ အထွေထွေရောဂါကုဆရာဝန်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (မြန်မာနိုင်ငံ)နှင့် အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း၊ အောင်ဆန်းတီဘီရောဂါဆေးရုံကြီးနှင့် လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ စုံလင်စွာတက်ရောက်ကြသည်။

အောင်သန်း

TOP CHOICE အမှတ်တံဆိပ်ပြောင်းလဲခြင်းနှင့်အတူ နှစ်သစ်မင်္ဂလာ နှုတ်ခွန်းဆက်လွှာ

မြန်မာနှစ်သစ်အခါသမယတွင် TOP CHOICE ဗလာစာအုပ်ကို ဝယ်ယူအားပေးကြသည့် မြန်မာ၊ ရခိုင်၊ ကချင်၊ ရှမ်း၊ ကရင်၊ ကယား၊ ချင်း၊ မွန်၊ ကျောင်းသားကျောင်းသူများ၊ ကုမ္ပဏီများ၊ ရုံးဌာနများ၊ NGO အဖွဲ့အစည်းများနှင့် ဝယ်ယူလှူဒါန်းကြသူများ၊ ဖိတ်ခေါ် ကြည့်ရှုပြီး အစဉ်အမြဲ ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။ ယင်းအတူ ပြောင်းလဲလာသောခေတ်နှင့်အညီ TOP CHOICE ဗလာစာအုပ်၏ အမှတ်တံဆိပ်နှင့် ဒီဇိုင်းပုံစံများကို အကောင်းဆုံး ပြောင်းလဲထားပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

TOP CHOICE
Writing Future

Kit Kit Exercise Book
SAKURA Exercise Book
SUMO Exercise Book
GRADE Exercise Book
LUCKY CAT CASH MEMO
Nay Oo print-house
RICHY FASHION SQUARE

အရောင်း - အမှတ် ၁၇၂၊ ၃၁လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၃၈၈ ၅၃၂၊ ၃၇၆ ၉၀၃၊
ရုံးခန်း + ဖြန့်ချိရေး - အမှတ် ၂၈/ဗီ၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၄၈ ၆၈၉၊ ၅၄၉ ၈၅၉၊ ၅၅၆ ၀၆၉၊
စက်ရုံ - အမှတ် ၉၉၊ ဗန်းမော်အတွင်းဝန်လမ်း၊ အရှေ့ဒဂုံစက်မှုဇုံ၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၈၅ ၂၁၃၊ ၅၈၅ ၂၁၄၊

ကြော်ငြာ

ပြင်ဆင်ဖတ်ရှုပါရန်

၅-၁-၂၀၁၃ရက် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ ၁၅ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဒဂုံမြောက်မြို့နယ် ဦးကျော်ဆန်းနိုင်+၁၏ အရောင်းအဝယ်မြေပုံကူးတွင် ဦးကျော်ဆန်းနိုင် အစားဦးကျော်ဆန်းခိုင်ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ Yankin Palm Villageအိမ်ရာ၊ တိုက်အမှတ် (၁၆)၊ အခန်းအမှတ်(၅၁)၊ ပဉ္စမထပ် အခန်းကို ဦးလှဝင်း ၁၂/ရကန(နိုင်)၀၂၁၇၂၃ထံမှ ဒေါ်ရတနာတိုးဝေဝေလှိုင် ၁၂/အစန(နိုင်)၁၇၈၆၆၂က တရားဝင်စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် ဝယ်ယူပြီးဖြစ်ပါသဖြင့် တိုက်ခန်းပိုင်ရှင် အမည်ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၂၊ မြေကွက်အမှတ် ၃၈၇/က၊ မြေကွက်တည်နေရာအမှတ် ၃၈၇/က၊ မာဃ(၁၄)လမ်း၊ ၁၂ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးချစ်ညီအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးချစ်ညီ ကွယ်လွန်သဖြင့် ဒေါ်သန်းညွန့်(EI-၀၆၇၂၇၀)က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၁)၊ မြေကွက်အမှတ်၁၃၅၄၊ အမည်ပေါက် (ဒေါ်စိန်မြင့်)၏ခင်ပွန်းဦးသန်း ၁၂/ကတန(နိုင်)၀၁၄၆၀၉ က ၂၁၆ကားကြီးကွင်း ဆောက်လုပ်ရာတွင် နေအိမ်ပါဝင်သွားသဖြင့် မြို့နယ်စာရင်းကောက်ယူရေးအဖွဲ့မှ အခမဲ့ချထားပေးခဲ့၍ စာရွက်စာတမ်းအထောက်အထား မပေးခဲ့ပါသဖြင့် မြေပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ**
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ် (၁၇၁၅)၊ အမည်ပေါက် ဦးကံနာဘလူး၏ မြေကွက်အား ဝယ်ယူပိုင်ဆိုင်သူ ဦးဉာဏ်ဝင်း ၁၄/လမန(နိုင်)၀၀၀၁၀၉က မြေကွက်စလစ်မူရင်းတင်ပြပြီး ငွေသွင်းချလန်မူရင်း ပျောက်ဆုံးသွားပါသဖြင့် မြေပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထား မူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက မြေပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊မြေနှင့်အခွန်ဌာနခွဲ၊
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၁)၊ မြေကွက်အမှတ် (၁၃၅၈)၊ အမည်ပေါက် ဦးကုလား KTN-၀၆၃၁၁၃က ၂၁၆ ကားကြီးကွင်း ဆောက်လုပ်ရာတွင် နေအိမ်ပါဝင်သွားသဖြင့် မြို့နယ်စာရင်းကောက်ယူရေးအဖွဲ့မှ အခမဲ့ချထားပေးခဲ့၍ စာရွက်စာတမ်းအထောက်အထားမပေးခဲ့ပါသဖြင့် မြေပါမစ်ထုတ်ပေးပါရန်လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေးပါရန် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊မြေနှင့်အခွန်ဌာနခွဲ၊
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၁)၊ မြေကွက်အမှတ် (၈၄၅)၊ အမည်ပေါက် ဒေါ်ဘုမ၏မြေကွက်အား ဝယ်ယူပိုင်ဆိုင်သူ ဦးသူရကျော် (ခ) ဖိုလ်ကြီးဟံထက်အောင် ၁၂/ခရန(နိုင်)၀၈၉၈၉၅က ငွေသွင်းချလန်မူရင်းနှင့်မြေကွက်စလစ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် မြေပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်လွှာ တင်သွင်းနိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက မြေပါမစ်ထုတ်ပေးပါရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ၊
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဒေါ်သီတာလွင် ၁၂/မရက(နိုင်)၀၆၀၃၇၇၊ ဦးဆန်းလင်း ၁၂/ဥကတ(နိုင်)၀၁၄၀၄၁နှင့်

အများသိစေရန် သတိပေးကြေညာချက်

ကျွန်ုပ်၏အမှုသည် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ ရွှေကမ္ဘာအိမ်ရာ၊ တိုက်အမှတ် (ဘီ-၉)၊ အခန်းအမှတ် (၂၀၁)၊ ဒုတိယထပ်၊ ဝဲဘက်ခန်းနေ ဒေါ်နန္ဒာစောနိုင် ၈/ပခက(နိုင်)၁၄၆၀၀၃၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း သတိပေးကြေညာလိုက်သည်။

ကျွန်ုပ်၏အမှုသည်နှင့် ဒေါ်သီတာလွင်တို့က ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ သီရိမင်္ဂလာလမ်း (ဂျပန်လမ်း)၊ အမှတ် (မ/၉၆)ဟုတွင်သည့် မြေတိုင်းရပ်ကွက်အမှတ် (၁၀/ဘီ)၊ မြေကွက်အမှတ် (၂၊၃၊၄)၊ မြေချိန်ဧရိယာ ၅ ဒသမ ၇၄၇ဧကရှိ မြေကွက်မှ မခွဲစိတ်ရသေးသော (Un-divided Land) လန-၃၉(ခ)အိမ်ရာမြေကွက်မှ (မြေအကျယ်အလျား ၁၁၂ပေ×အနံ ၁၁၂ပေ)ရှိမြေနှင့် မြေပေါ်ရှိ အရပ်ရပ်အကျိုးခံစားခွင့်များကို ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ ၂၀၀၆ ခုနှစ် မှတ်ပုံတင်စာချုပ်အမှတ် ၂၄၁၁ဖြင့် နှစ်ဦးပိုင်အဖြစ် ဝယ်ယူခဲ့ကြပြီး ကျွန်ုပ်၏အမှုသည်ပိုင်မြေ၏ တစ်ဝက်ကို ဝင်းခြံခတ်ကာ လူအစောင့်ဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ဧည့်စာရင်းတိုင် နေထိုင်ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ယနေ့တိုင် လက်ရှိထားပိုင်ဆိုင်ပါသည်။ ယခုအခါ ဒေါ်သီတာလွင်သည် ကျွန်ုပ်၏အမှုသည်က ၄င်းအား ယုံကြည်စွာ အပ်နှံထားသောနှစ်ဦးအမည်ပေါက် မှတ်ပုံတင်စာချုပ်အမှတ် ၂၄၁၁/၂၀၀၆အား တစ်လွဲအသုံးပြု၍ လွှဲပြောင်းရောင်းချခြင်းတို့သည် ဥပဒေနှင့်ဆန့်ကျင်သည့်အပြင် ကျွန်ုပ်အမှုသည်၏ ပိုင်ရေးပိုင်ခွင့်ကို မထိခိုက်ကြောင်းနှင့် မိမိတို့၏တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

မည်သူမဆို ကျွန်ုပ်၏အမှုသည်ဖြစ်သူ လက်ရှိပိုင်ဆိုင်သောမြေနှင့် အကျိုးခံစားခွင့်အပေါ် ကျူးကျော်ထိပါးပါက ကျွန်ုပ်၏အမှုသည်ဖြစ်သူက တည်ဆဲတရားဥပဒေများနှင့်အညီ ရာဇဝတ်ကြောင်းဖြင့် တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်းနှင့် ကျွန်ုပ်၏အမှုသည်ဖြစ်သူ နိုင်ငံရပ်ခြားခရီးသွားစဉ်က အဆိုပါမြေအတွက်ဂရန်ခွဲခြင်း၊ မြေအမည်ပြောင်းကိစ္စများ ဆောင်ရွက်ရန် ဒေါ်သီတာလွင်၏ခင်ပွန်း ဦးဆန်းလင်းအား လွှဲအပ်ထားခဲ့သော ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ကိုယ်စားလှယ်လွှဲစာအမှတ် ၄၈၄/၂၀၀၇ကိုလည်း ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

ဒေါ်နန္ဒာစောနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဓနုဖြူ-ဦးမြင့်အောင် B.A Law, LL.B(လိုင်စင်-၂၂၇၇)
Advocate & Legal Consultant
ရုံး-၅၆၁၊ ပထမထပ်၊ MAC Tower ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၇၈၇၆၉ e-mail: danuphyumyintag @gmail.com

ဦးဇော်မင်းနိုင် ၇/ဝမန(နိုင်)၀၀၁၀၅၉မှ လိုက်နာဆောင်ရွက်ရန်

ကြေညာခြင်း

ဇော်ထက် သယ်ယူပို့ဆောင်ရေးအဖွဲ့မှ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း တင်ဒါအမှတ် (037/T/2012)ဖြင့် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၄)တည်ဆောက်ရေး၊ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ ရွာမ(သံမဏိ)စက်ရုံမှ သံချောင်းလုံး ၆၀ဒသမ၅ တန်ပို့ဆောင်ပြီးဖြစ်၍ သယ်ပို့ခကျသင့်ငွေ ၃၅၆၃၄၅၀/-ကို ထုတ်ယူခွင့်ပြုပါရန် သယ်/ပို့တာဝန်ခံ ဦးဇော်မင်းက ၁-၃-၂၀၁၃ရက် စာအမှတ် ၂၄၃၁/ဇော်ထက်/၂၀၁၃ဖြင့် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ-၃)သို့ တင်ပြတောင်းခံခဲ့ပါသည်။

သံချောင်း ၆၀ဒသမ၅ တန်အတွက် သယ်ယူပို့ဆောင်ခငွေများထုတ်ယူနိုင်ပြီဖြစ်ကြောင်း ညောင်လေးပင်မြို့၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီဌာန၊ အမှတ်(၄)တည်ဆောက်ရေး၊ ညွှန်ကြားရေးမှူးရုံးက တင်ဒါအောင်စဉ်က ပေးထားသော ဦးဇော်မင်းနိုင်၏ ဖုန်း-၀၉-၄၂၂၄၇၅၁၄၂သို့ အကြောင်းကြားမိသည့်အတွက် မိမိတွင်တာဝန်မရှိကြောင်းသိရှိပါလျက် သယ်ယူပို့ဆောင်ရေးတာဝန်ခံ ဦးဇော်မင်းအား အသိပေးခြင်းမရှိဘဲ ဦးဇော်မင်းနိုင်က **ဇော်ထက်**သယ်ယူပို့ဆောင်ရေးအဖွဲ့ (Letter Head)ကို အတုပြုလုပ်ပြီး ဦးဇော်မင်းကလွှဲအပ်လိုက်သော ကိုယ်စားလှယ်ဖြစ်ကြောင်း၊ လက်မှတ်တုဖြင့်လိမ်လည်၍ အမှတ်(၄)တည်ဆောက်ရေး ညွှန်ကြားရေးမှူးရုံး၊ ညောင်လေးပင်မြို့မှ ငွေ ၃၄၉၁၇၄၀/-ကို ၂၈-၃-၂၀၁၃ရက်၌ လိမ်လည်ထုတ်ယူသွားခဲ့ပါသည်။

ထို့ပြင် **ဇော်ထက်**သယ်ယူပို့ဆောင်ရေးကုမ္ပဏီမှ အမှတ်(၄) တည်ဆောက်ရေး ညွှန်ကြားရေးမှူးရုံးသို့ လုပ်ငန်းအာမခံကြိုတင်ငွေပေးသွင်းထားသည့် P.O Cheque (၄)စောင်ကိုလည်း **ဇော်ထက်** သယ်ယူပို့ဆောင်ရေးအဖွဲ့ တာဝန်ခံလက်မှတ်တု စာရွက်စာတမ်းများဖြင့် ဦးဇော်မင်းနိုင်က တစ်နေ့တည်းလိမ်လည်ထုတ်ယူသွားခဲ့ပါသည်။

ဦးဇော်မင်းနိုင်အနေဖြင့် ညောင်လေးပင်မြို့၊ အမှတ်(၄)တည်ဆောက်ရေးညွှန်ကြားရေးမှူးရုံးမှ စာရွက်စာတမ်းအတုပြုလုပ်ကာ လိမ်လည်ထုတ်ယူသွားသောငွေများ နှင့်P.O Cheque(၄)စောင်ကို ဤကြေညာစာပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း **ဇော်ထက်** သယ်ယူပို့ဆောင်ရေးအဖွဲ့သို့ လာရောက်ဖြေရှင်းပေးရန်အသိပေးအပ်ပါသည်။ လိုက်နာမှုမရှိပါက ဦးဇော်မင်းနိုင် ကျူးလွန်ခဲ့သော ပြစ်မှုများကိုတရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်လွင် တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၅၃၈၅၄၂၇၊ ၀၅၂-၅၀၄၀၂

ဦးကိုကိုဝင်း အမှတ်၅၁၇၊ တက္ကသိုလ်(၂)လမ်း၊ (၁၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့နှင့်

အများသိစေရန်

၇-၄-၂၀၁၃ရက်ထုတ်၊ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(ဃ)ပါ ဦးကိုကိုဝင်း၏ ကန့်ကွက်ပါသည်ကြေညာချက်နှင့် စပ်လျဉ်း၍၊ ဦးကိုကိုဝင်းကိုယ်တိုင်မှ ဒေါ်နိုင်နိုင်ဝင်းအား သက်သေအများရှေ့တွင်(စာချုပ်)ဖြင့် ရောင်းချထားပြီး၊ ကျန်ငွေပေးချေရန်သတ်မှတ်ထားကြသည့် ၂၉-၃-၂၀၁၃ရက်တွင် အရောင်းအဝယ်ကိစ္စဆောင်ရွက်ရန်အတွက် ၁၆-၃-၂၀၁၃ရက်၌ ကြေညာခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့ကြေညာခဲ့သော်လည်း ကန့်ကွက်သူမရှိပါသောကြောင့် ၂၉-၃-၂၀၁၃ရက်၌ ငွေချေရန်ကိစ္စ အကြောင်းကြားစာနှင့်အတူ ဦးကိုကိုဝင်းအိမ်သို့သွားကြရာတွင် ဦးကိုကိုဝင်းသည် အိမ်တွင်မရှိ၊ ရှောင်တိမ်းနေသည့်အပြင်တစ်စုံတစ်ရာပြန်ကြားဆက်သွယ်ခြင်း မပြုခဲ့ပါသောကြောင့် ဦးကိုကိုဝင်းအပေါ် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ် ၁၃၆/၂၀၁၃ဖြင့် ဒေါ်နိုင်နိုင်ဝင်းက တရားစွဲဆိုထားပြီးဖြစ်ပါသည်။

ဦးကိုကိုဝင်းသည် အဆိုပါကြေညာချက်များပါ ၄င်းအမည်ပေါက်မြေနှင့် နေအိမ်ကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်းမရှိပါဟုလည်းကောင်း၊ ဒေါ်နိုင်နိုင်ဝင်းကိုလည်း လုံးဝသိရှိရောင်းချထားခြင်းမရှိပါဟုလည်းကောင်း မမှန်မကန်ကြေညာထားခြင်းဖြစ်ပါကြောင်း ဒေါ်နိုင်နိုင်ဝင်းသည် ဦးကိုကိုဝင်းထံမှ တိုက်ရိုက်အရောင်းအဝယ်ပြုခဲ့ခြင်းဖြစ်ပြီး ဦးကိုကိုဝင်း၏ မည်သည့် ကိုယ်စားလှယ်ထံကမှ ဝယ်ယူခဲ့ရခြင်းမဟုတ်ပါကြောင်း ဦးကိုကိုဝင်းအနေဖြင့် ကန့်ကွက်ကြေညာခြင်းပါ မမှန်မကန်သော အချက်အလက်များကြေညာခဲ့ခြင်းသာ ဖြစ်ပါကြောင်းနှင့် တရားဥပဒေနှင့်အညီသာ တရားရုံးတွင် ရင်ဆိုင်ဖြေရှင်းသင့်ပါကြောင်း ဦးကိုကိုဝင်းနှင့် အများသိသာနိုင်ပါရန် ကြေညာအပ်ပါသည်။

ဒေါ်နိုင်နိုင်ဝင်း၏ညွှန်ကြားချက်အရ-
ဒေါ်ညိမ်းစန္ဒာဖြိုး(စဉ်-၃၆၅၃၀) ဒေါ်ဝါဝါရွှေ(စဉ်-၃၇၄၀၆)
အထက်တန်းရှေ့နေများ
အမှတ် ၃၀၄၊ ခေမာသီလမ်း၊ (ဃ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၇၃၁၀၇၉၂၃

ကန့်ကွက်နိုင်ကြောင်းအသိပေးကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ သာဓုကန်စက်မှုဇုန်အပိုင်း ၃/၄ ဖော်ထုတ်ရာတွင် သိမ်းဆည်းခဲ့သော လယ်မြေများနှင့်ပတ်သက်၍ ၁၉၈၅/၈၆ ခုနှစ် လယ်သမားစာရင်းအရ အောက်ပါစာရင်းတွင် ပါရှိသူများမှ စာရင်းပါ လယ်မြေများအတွက် ဂရန်အကြေးများ ထုတ်ပေးပါရန် တင်ပြလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ရွှေပြည်သာ မြို့နယ်၊ သာဓုကန်စက်မှုဇုန်ရှိ High Rise ကုမ္ပဏီရုံးခန်းသို့ ယနေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း မူရင်းများ ယူဆောင်၍ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အောက်ပါစာရင်းတွင် ပါရှိသူများအား ဂရန်အကြေး ပေးအပ်သွားရန် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးကြေငြာအပ်ပါသည်။

စဉ်	လယ်သမားအမည်	မှတ်ပုံတင်	ကွင်းအမှတ်	ဦးပိုင်အမှတ်	ပိုင်ဆိုင်မှုဧက
၁။	ဦးမိုးနိုင်	၁၂/ရပသ(နိုင်)၀၁၀၀၁၆၈	၁၁၁ (ခ)	၁၄ / ၄၄	၉. ၀၀
၂။	ဦးပန်းစိန်	၁၂/ရပသ(နိုင်)၀၁၀၀၁၆၈	၁၁၁ (ခ)	၁၂ / ၃	၆. ၉၄
၃။	ဦးတင်အောင်	၁၂/ရပသ(နိုင်)၀၁၂၅၅၆	၁၁၁ (ခ)	၅၀ / ၁၁	၇. ၁၁
၄။	ဒေါ်အေးရှင်	၁၂/ရပသ(နိုင်)၀၁၃၁၁၇	၁၁၁ (ခ)	၄၄ / ၃	၈. ၁၈
၅။	ဦးဝင်းတင့်	၁၂/ရပသ(နိုင်)၀၁၀၅၄၃	၁၁၁ (ခ)	၁၂ / ၂	၆. ၄၆
၆။	ဦးမြသွင်	ISN - ၃၆၇၅၉၂	၁၁၁ (ခ)	၅၀	၆. ၁၈
၇။	ဦးမြငွေ	၁၂/ရပသ(နိုင်)၀၀၉၈၂၀	၁၁၁ (ခ)	၅၈ / ၁	၈. ၀၈
၈။	ဦးထွန်းအောင်	ISN - ၀၁၀၂၈၉	၁၁၁ (ခ)	၁၁/၃၊ ၅၆/၂	၇. ၇၀
၉။	ဦးလှရွှေ	၁၂/ရပသ(နိုင်)၀၀၉၈၂၀	၁၁၁ (ခ)	၁၂ / ၈	၃. ၂၉
၁၀။	ဦးအောင်ငွေဝင်း	ISN - ၅၈၈၉၂၂	၁၁၁ (ခ)	၁၂ / ၃	၈. ၀၉
၁၁။	ဦးမောင်သန်း	၁၂/ရပသ(နိုင်)၀၁၀၀၇၅	၁၁၁ (ခ)	၄၄ / ၂	၁၀. ၈၂
၁၂။	ဦးကာစီ	၁၂/ရပသ(နိုင်)၀၀၀၀၁၇	၁၁၃	၈	၈. ၇၀
၁၃။	ဦးစိန်ကုလား	၁၂/ရပသ(နိုင်)၀၁၀၇၇၈	၁၁၁ (ခ)	၁၂ / ၆	၄. ၁၇
၁၄။	ဦးပု	၁၂/ရပသ(နိုင်)၀၀၀၀၁၁	၁၁၃	၁၇	၈. ၇၀
၁၅။	ဦးစန်းမြင့်	ISN - ၃၆၇၆၀၀	၁၁၁ (ခ)	၁၂ / ၄	၃. ၅၃
၁၆။	ဦးဘသန်း	ISN - ၂၅၁၇၉၁	၁၁၁ (ခ)	၄၅	၂၀. ၃၂
၁၇။	ဦးထွန်းရှိန်	၁၂/ရပသ(နိုင်)၀၂၃၀၉၅	၁၁၁ (ခ)	၅၆ / ၆၈	၇. ၆၈
၁၈။	ဦးကုလား	၁၂/အစန(နိုင်)၀၄၉၅၃၂	၁၁၁ (ခ)	၅၆ / ၅	၇. ၈၈
၁၉။	ဒေါ်ကျင်မြ(ဦးအင်ဝင်း)	၁၂/ရပသ(နိုင်)၀၂၄၅၀၄	၁၁၁ (ခ)	၁၂ / ၅	၁၇. ၆၈
၂၀။	ဦးမိုးရေ	၁၂/ရပသ(နိုင်)၀၀၉၈၁၀	၁၁၁ (ခ)	၄၆ / ၂	၈. ၇၆
၂၁။	ဒေါ်လှအေး	၁၂/ရပသ(နိုင်)၀၃၀၀၈၀	၁၁၁ (ခ)	၁၁ / ၉	၄. ၆၆
၂၂။	ဦးမဲကြီး	ISN - ၃၆၇၆၅၅	၁၁၁ (ခ)	၁၁ / ၂	၁၀. ၅၀
၂၃။	ဦးအုန်းရှိန်	၁၂/ရပသ(နိုင်)၀၀၇၀၃၉	၁၁၁ (ခ)	၁၄ / ၁၁	၇. ၁၁
၂၄။	ဦးအောင်ဖဲ	၁၂/ရပသ(နိုင်)၀၀၀၉၄၂	၁၁၃ (၃)	၁၂ / ၄၆	၈. ၃၉
၂၅။	ဒေါ်လှခင်	၁၂/ရပသ(နိုင်)၀၀၇၁၁၂	၁၁၃ (၃)	၁၂	၈. ၈၄
၂၆။	ဦးရွှေဟန်	၁၂/စခန(နိုင်)၀၀၀၃၂၃	၁၁၃ (၃)	၃ / ၃	၆. ၆၅

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်မာလွင်၊ တရားလွှတ်တော်ရှေ့နေ (LL.B, D.B.L)
ဖုန်း - ၀၉၅၁၈၉၆၈၉၊ ၀၉ ၇၃၀၆၂၈၆

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဘ/၈၆၁၅ Nissan Auster SL 4x2 ယာဉ်လက်ဝယ်ရှိသူ ဦးနုဦးသွင် ၁၂/တမန(နိုင်)၀၉၀၇၁၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ (၁/က)ရပ်ကွက်၊ ချစ်တီးကုန်း(ကွက်သစ်)၊ မြေကွက်အမှတ် ၁၄၊ မြေတိုင်းရပ်ကွက်အမှတ် (၄၀၈/A)၊ (အလျားပေ ၂၀×အနံပေ ၆၀)၊ ဧရိယာ ၀ ဒသမ ၀၂၇၅ဧက၊ မြေငှားဂရန်စာချုပ်ရသူ ဦးထွေးကြည် ၁၂/မဂဒ(နိုင်)၀၅၇၅၂၉၊ ဂရန်မြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်လှ ၁၂/မဂဒ(နိုင်)၀၅၇၃၃၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ အိမ်၊မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ယခုကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသိန်းဟန်LL.B, D.B.L
ဥပဒေအကျိုးဆောင်နှင့် ဥပဒေအကြံပေးရှေ့နေ
အမှတ် (က/၇၂၂)၊ ခေမာသီလမ်းမ၊ မြို့နယ်တရားရုံးရှေ့၊
မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၇၃၁၄၃၈၈၅

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြနန္ဒာအိမ်ရာရှိ တိုက်အမှတ် ၁၄၊ အခန်းအမှတ် ၅၀၂ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စပယ်ဒီ ISN-၁၆၉၅၁၂ထံမှ စာချုပ်စာတမ်းအဆက်ဆက်ဖြင့် ဝယ်ယူထားသူ ဒေါ်ယဉ်မေသွယ် ၇/ညလပ(နိုင်) ၁၁၅၃၂၇က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၃/င၊ မြေကွက်အမှတ် ၆၅၊ အိမ်အမှတ် ၃၇၄၊ ဗညားဒလလမ်းမ၊ ကျောက်မြောင်းရပ်ကွက်၊ တာမွေမြို့နယ်ရှိ ခြေရင်းဘက် မြေညီထပ်နှစ်လွှာတိုက်ခန်းကို ဒေါ်လွင်မာစိုး ၁၂/တမန(နိုင်)၀၁၄၁၁၄က မိမိ ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာထုတ်ဖော်ကမ်းလှမ်းပြောဆိုချက်အရ ကျွန်ုပ် ဦးဖြိုးမိုးဇင် ၉/မနမ(နိုင်)၁၀၈၉၉၇က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။

ထိုရောင်းချသော တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဖြိုးမိုးဇင်
အမှတ် ၃၈၂၊ ဝေဇယန္တာလမ်း၊ ဓ/တောင်ရပ်ကွက်၊
သဃင်္န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၅၀၀၆၈၈၊ ၀၉-၄၉၂၈၇၅၆၇၊ ၀၉-၅၀၉၆၈၆၄

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၅၊ မြေကွက်အမှတ် ၃၇၄၊ မြေကွက်တည်နေရာအမှတ် ၃၇၄၊ (၁၅)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဦးရွှေသိန်း အမည်ပေါက်မြေချပါမစ်မြေအားအမည်ပေါက် ဦးရွှေသိန်းထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ခင်လွင်မာကျော် ၁၂/ဥကတ(နိုင်)၀၂၀၂၉၄က ပါမစ်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ် လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

''ကျေးဇူးတင်လွှာ''

မိတ္ထီလာမြို့တွင်ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများအား အမြန်ဆုံးတည်ငြိမ်အေးချမ်းမှုရရှိစေရန် လမ်းညွှန်ပေးခဲ့သည့် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ခေါင်းဆောင်သော ပြည်ထောင်စုအစိုးရအဖွဲ့အား လည်းကောင်း၊ မူလပုံမှန်အနေအထားရအောင် အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြသော မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်စံမြင့်၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေး၊ ရဲမှူးချုပ်ဇော်ဝင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်ကျော်မိုး၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်း၊ တိုင်းဒေသကြီး ဥပဒေချုပ်(တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်) ဦးရဲအောင်မြင့်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များအားလည်းကောင်း၊ နယ်မြေအေးချမ်းတည်ငြိမ်ရေးအတွက် နေ့ ညကူညီဆောင်ရွက်ပေးသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအားလည်းကောင်း၊ ဒုက္ခသည်ပြည်သူများအား မူလပုံမှန်အနေအထားရောက်အောင် စိတ်ဓာတ်ရေးရာများမြှင့်တင်ပေးပြီး စေတနာ၊ မေတ္တာဖြင့် ရိက္ခာနှင့် အလှူငွေများ လာရောက်ပေးအပ်ခဲ့သော ပြည်နိုင်ငံမြို့ပါတီ ဒုတိယဥက္ကဋ္ဌ ဦးရွှေဦး အမှူးပြုသော ပြည်နိုင်ငံမြို့ပါတီဝင်မိသားစုများနှင့် စေတနာရှင်၊ အလှူရှင်များ၊ သထုံမြို့ ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် တပည့် ဒါယကာ၊ ဒါယိကာမများ၊ မွန်ပြည်နယ် သိမ်ဇရပ်မြို့ ဓမ္မဒူတ ဆရာတော် ဦးပညာဝရ အမှူးပြုသော တပည့်ဒါယကာ၊ ဒါယိကာမများ၊ ကုလသမဂ္ဂအဖွဲ့အစည်းနှင့် အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူချစ်သော ရုပ်ရှင်ကိုဇာ၊ အနုပညာရှင်များ၊ (၈၈)မျိုးဆက်သစ်ကျောင်းသားများနှင့် ပါတီအသီးသီးမှ စေတနာရှင်မိသားစုများ၊ အနယ်နယ်အရပ်ရပ်မှ စေတနာရှင် ဆရာတော်၊ သံဃာတော်များအားလုံးနှင့် လူမှုကူညီရေးအသင်းအဖွဲ့များ၊ မိတ္ထီလာမြို့မှ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များအား မိတ္ထီလာမြို့သူမြို့သားများကိုယ်စား နတ်စင်တစ်ရာနယ်လှည့်စတုဒိသာအဖွဲ့သားများမှ အထူးကျေးဇူးတင်ရှိပါသည်။

နတ်စင်တစ်ရာနယ်လှည့်စတုဒိသာအဖွဲ့သားများ

သီတာဂူ ရွှေပြည်ဟိန်း ဆေးရုံ မေလ(၁၂၊ ၁၈၊ ၁၉)(၂၃)ကြိမ်မြောက် မျက်စိခွဲစိတ်ခြင်း အလင်းဒါနအလှူရှင်များ

ဦးမြင့်ကြိုင် + (ဒေါ်တင်ဝင်း)မိသားစု အောင်သိဒ္ဓိလမ်း မရမ်းကုန်း	၅,၀၀,၀၀၀
International Enterpirse Co., Ltd. Mr. MIKE + ဒေါ်မေမျိုးသူနှင့်	၃,၀၀,၀၀၀
ဝန်ထမ်းမိသားစု တိုက်(F-001)၊ သုဓမ္မာ(၁)လမ်း သုမင်္ဂလာအိမ်ရာ	
ဒေါ်ခင်နု၊ ဦးမြင့်လွင်၊ ဦးမိုး၊ ဒေါ်စိန်စိန် နေအောင်လမ်းသွယ် သုဝဏ္ဏ	၂,၀၀,၀၀၀
ဒေါ်ခင်နုတင်မိသားစု အမှတ်(၃၀)၊ ကြာကလမ်း ကျောက်မြောင်း တာမွေ	၁,၅၀,၀၀၀
(ဒေါ်ခွေကြည်)အားရည်စူး၍ မြောင်ကြီးလမ်း ရေကျော် ပုဇွန်တောင်	၁,၀၀,၀၀၀
(ကိုဝင်းမြင့်)အားရည်စူး၍ ကျန်ရစ်သူမိသားစု ဗိုလ်တထောင် - ၃လမ်း သုဝဏ္ဏ	၁,၀၀,၀၀၀
ဦးအေးကို + ဒေါ်ခင်ကြည်ကြည် ဆောင်သမီး - မနေ့ရာစုကန် မင်္ဂလာလမ်း တ/ဥ	၁,၀၀,၀၀၀
(ဦးတင်ထွန်း)အားရည်စူး၍ကျန်ရစ်သူမောင်နှမများ သိမ်ကြီးလမ်း	၁,၀၀,၀၀၀
မောရွှေဂါ + ရွှေဘရွှေဘ စာအေသာက်ဆိုင် ကျောကျောက်သစ်လမ်း ကျောက်မြောင်း	၁,၀၀,၀၀၀
(ဦးစံသိန်း) + ဒေါ်မြင့်မြင့်ဟန် နှယ်နီလမ်း ဝေဇယ်ဝိရောက္ခ ဆောက်	၅၀,၀၀၀
ဒေါ်ခင်ဝင်းဆုံး (မွေးနေ့အိမ်) ဗိုလ်ရာညွှန့်လမ်း ဒဂုံမြို့နယ်	၅၅,၀၀၀
ဒေါ်အေးအေးလည် (မွေးနေ့အိမ်) ၁၈ - လမ်း လသာမြို့နယ်	၄၅,၀၀၀
ဒေါ်ကံကြာရွှေကြက်တြွေးဝီကာလမှုရန်ကုန်	၃,၀၀,၀၀၀
ဦးကျော်ဟိန်း + ဒေါ်မြတ်မြတ်အေးသမီး - မိုင်းတယ်ဟိန်းမယ်ဟုသူတယ်ဟိန်း	၂,၀၀,၀၀၀
သား - မောင်ကျော်ဇေယ်ဟိန်းဟိန်းကျမှုကကျမှုက်ဗိုလ်တက်ဒေသာရုံလမ်းမြည်သာလား	
(ဦးဝင့်နိုင်ဝေ) + ဒေါ်ခင်ခင်ထုံ အမှတ်(၈၇)၊ ၉၀ - လမ်း ကန်တော်ကလေး	၁,၅၅,၀၀၀
ဦးမျိုးချစ် + Dr.သင်းသင်းရီ သမီးနှင့်မြေးဦးသား - မောင်ပိုမင်းပိုင် E-Condo ၁၀	၁,၀၀,၀၀၀
Dr.မောင်မောင်လွင် + Dr.နီနီမြင့် အင်းလျား	၁,၀၀,၀၀၀
ဦးဝေသင်း + ဒေါ်မြင့်မြင့်သန်း သား - မောင်ဇော်မြင့်မောင်ပြည်ဝင်းအင်းစိန်	၁,၀၀,၀၀၀
ဒေါ်ကြည်ကြည်(သာကေတ) ဦးတင်ဝင်းနိုင် + ဒေါ်စိုးစိုးနိုင် ညာ - ရှစ်ကွက် မ/ဥ	၁,၀၀,၀၀၀
ဦးမြင့်ဆွေ + ဒေါ်ခင်ခင်နွယ် မိသားစု ၄၁ - လမ်း ဗိုလ်တထောင်	၁,၀၀,၀၀၀
ဦးဖိုးပိုင် + ဒေါ်ရွှေရွှေ သမီး - မနိုးရွှင် သား - Dr.ကိုင်းသွား လမ်းမတော်	၁,၀၀,၀၀၀
ကိုဝင်းမောင်မောင်ဟိန်း + မနွဲ့ဝင်းလယ် ကျွန်တော်ပြည်တော်လမ်း လှိုင်သာယာ	၁,၀၀,၀၀၀
(ဒေါ်ဦးတင်လှိုင်)သောဇိုအောင်ကြည်သီးသမီးမြိုင်ပိုင်ဆုမြတ်ကြိုက်ကျော်လှူ	၆၅,၀၀၀
ဦးအောင်မြင့် + ဒေါ်စောမြင့် သမီး - ဒေါ်အေးအေးအောင် ၁ - ရပ်ကွက် မ/ဥ	၅၀,၀၀၀

မဲဆိုင်ရပ်ကွက်လှုံ့ဆော်ရေး ရွှေမှုအသင်းမှ စုပေါင်းအလှူ	[illegible]	၁၀သိန်း
ဦးရွှေကျော် + ဒေါ်ဝင်းတင် ကျောင်းအောက်ရပ်ကွက် မဲဆိုင်ရပ်ကွက်	[illegible]	၁,၀၀,၀၀၀
ဒေါ်လှသိန်းမိသားစုနှင့် မဟုတ်မှုအေး သား - မောင်မြင့်ကြိုင်အောင်	[illegible]	၆၀,၀၀၀
ဦးစိန်ဝင်း + ဒေါ်သန်းရီ မိသားစု မဲဆိုင်ရပ်ကွက်	[illegible]	၆၀,၀၀၀
ဦးထွန်းရီ + ဒေါ်ကျင်အေးဝင်း ဦးဇော်မိုးဦး + ဒေါ်သင်းသင်းနိုင်	[illegible]	၆၀,၀၀၀
ဦးလင်းညွှန့် + ဒေါ်အေးအေးသန်း ကိုလင်းအောင် + မနု မိသားစုများ	[illegible]	၆၀,၀၀၀
ဗိုလ်မှူးကုန်းဆက်(ငြိမ်း) + ဒေါ်သန်းသန်းဝင်း မိသားစု မဲဆိုင်ရပ်ကွက်	[illegible]	၅၀,၀၀၀
ဦးအောင်မြင့် + ဒေါ်မြင့်မြင့်သိန်း စံပယ်လမ်း မဲဆိုင်ရပ်ကွက်	[illegible]	၅၀,၀၀၀
ဦးမြင့်သိန်း + ဒေါ်ပုံပုံဝင်း မိသားစု ပျော့ပိုင်လမ်း မဲဆိုင်ရပ်ကွက်	[illegible]	၅၀,၀၀၀
ဦးစိုးမြင့် + ဒေါ်သန်းမြရှုမှုသား မျိုးမျိုးကျော် စံပယ်လမ်း မဲဆိုင်ရပ်ကွက်	[illegible]	၅၀,၀၀၀
နာရေးကူညီမှုအသင်း မဲဆိုင်ရပ်ကွက်လှုံ့ဆော်ရေး	[illegible]	၅၀,၀၀၀
ဒေါ်ခင်သိန်းအားရည်စူး၍ ကျန်ရစ်သူမိသားစု ကမ်းနားလမ်း	[illegible]	၅၀,၀၀၀
ဦးသန်းမြင့် + ဒေါ်စောမြင့် ဦးအောင်မြင့် + ဒေါ်နီမြင့်	[illegible]	၄၀,၀၀၀

ဆက်သွယ်လှူဒါန်းနိုင်သောဌာန-ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရန်ကင်း၊ ကျိုက္ကသံရှုပ်ဝင်း၊ တာမွေလေး သံလမ်းအနီး။ (ဖုန်း-၅၄၁၇၉၃ ၀၉-၅၁၀၂၀၉၇) အရှင်ဓမ္မ(ရွှေဂုံတိုင်-ကမ္ဘာ့ဓေဘာ) Account No. 0071220029870

ဆရာဝန်များ ဦးစီးသည့် စံပြဘောက်ဒါ

Since 1996

၂၀၁၃ - ၁၄ အတွက်လက်ခံမည်

တန်ဖိုးသင့်လည်းသပ်ရပ်သေသပ် ကောင်းမွန်သော ထိရောက်ရောက်သင်ကြားပေးသည်။

၇၇ (ဇဝိလမ်း)၊ မှဆုံကြီးသစ်၊ မင်္ဂလာဒုံ၊

ဖုန်း ၀၉-၅၁၅၈၀၅၁၊ ၀၁-၆၃၈၀၅၀၊ ၀၉-၄၂၀၀၈၆၆၅၁

ကုမ္ပဏီမှတ်ပုံတင်လက်မှတ်ပျောက်ဆုံးကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ နယူးသကတ(၁)၊ အမှတ် (၅၈၉/၅၉၂)တွင် တည်ရှိသော အောင်မြင်ထွန်းကားခြင်းဝန်ဆောင်မှုကုမ္ပဏီလီမိတက်ကို (၁၁-၁၁-၂၀၁၁)ရက်တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၌ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် အမှတ်၂၅၈၉/၂၀၁၁-၂၀၁၂ ဖြင့် မှတ်ပုံတင်သွင်းခဲ့ပါသည်။ ယခုအခါ အဆိုပါကုမ္ပဏီမှတ်ပုံတင်လက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် လက်ဝယ်ရရှိထားသူများ ဤကြေညာချက်ပါရှိပြီး ခုနစ်ရက်အတွင်း အောင်မြင်ထွန်းကားခြင်း ဝန်ဆောင်မှုကုမ္ပဏီလီမိတက်ရုံးခန်းသို့ လာရောက်ပေးအပ်ပါရန် အများသိစေရန် ကြေညာအပ်ပါသည်။ အောင်မြင်ထွန်းကားခြင်း ဝန်ဆောင်မှုကုမ္ပဏီလီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဖြူသင်းသွယ်	ဦးတင်အေး (ရေတာရှည်)
တရားလွှတ်တော်ရှေ့နေ (လ-၈၄၈၁)	တရားလွှတ်တော်ရှေ့နေ (လ-၅၇၈၈)
LL.B, D.B.L, D.M.L, D.L.P-WIPO (Switzerland)	H.G.P, LL.B, D.B.L
ဖုန်း-၀၉-၅၄၀၉၇၇၃	ဖုန်း-၀၉-၄၂၀၀၈၇၃၄၀

ရုံး-အမှတ် (၅၈၉)၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်-ပုသိမ်လမ်းမကြီး၊ လှိုင်သာယာ၊ ရန်ကုန်မြို့၊ ဖုန်း-၆၄၅၁၇၈မှ ၈၂အထိ

UEC

United Education Centre

ကျောင်းအပ်နှံထားသူ မိဘတိုင်း စိတ်ချမ်းသာမှု ရရှိနေကြသည်။

၅၊ ၆၊ ၇၊ ၈ တန်းများ မေလ (၆)ရက်တွင် စတင်ဖွင့်လှစ်မည်။ (ကျူရှင်၊ ကျောင်းကြိုးတက်ရန်မလို)

၈၊ ၉၊ ၁၀ ဘော်ဒါ နှင့် DAY CAMP တန်းခွဲများ လုပ်ဆောင်ပါတော့မည်။ (လူဦးရေထိကျွှသ၍ တန်သတ်ထားသည်)

အဆင့်မြင့်ကိုယ်ပိုင်ကျောင်း

စာသင်ကျောင်း - အမှတ် (၄၇)၊ ခံရိပ်မြိုင် (၅)လမ်း၊ ကမာရွတ်မြို့နယ်။ Ph: 01-539875, 09 5157988

အဆောင်များ - အမှတ် (၁၅/က)နှင့် (၁၅/ခ)၊ ခံရိပ်မြိုင် (၅) လမ်း။ Ph: 09 5080478, 09 73065707

ပြင်ဆင်ဖတ်ရှုပါရန်

၂-၃-၂၀၁၃ရက် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ (ဂ)ပါ ဦးဌေးမြင့် အမည်ပေါက် ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၁၂၅ မြေကွက်အမှတ် ၃၄၂၈၏ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ပါမစ်ပျောက်ဆုံးပါသဖြင့် ဂရန် အသစ် လျှောက်ထားပါသည်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉/A၊ မြေကွက်အမှတ် ၃၅၅၊ မြေကွက်တည်နေရာအမှတ် ၃၅၅၊ (၃၉/A)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဦးတင်မြ CC-၀၀၀၁၉၁ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးတင်မြထံမှ SP ၁၉၆၄၂/၁၁/၁-၁၁-၁၁ဖြင့် ဦးအမ်စလင်(ခ) ဦးသန့်ဇင် ၁၂/ပဘတ(နိုင်)၀၁၂၁၀၀ရရှိသူက ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၈၉

ဦးမြင့်ဦး **နှင့်** ၁။ ဦးစံလင်း

အမှတ် (၁၄)၊ ဂန္ဓာရုံလမ်း၊ (ဂ)ရပ်ကွက်၊သဃ်ာန်းကျွန်းမြို့နယ်။

၂။ ဦးတင်မျိုး

အမှတ် (၁၈)၊ သီရိမာလာလမ်း၊ (ခ)ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်။

၃။ ဦးကျော်ဦး

အမှတ် (၂/ဃ)၊ ရတနာလမ်း၊ (ခ)ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်

တရားလို **တရားပြိုင်များ**

အထက်ပါအမှုမှ တရားပြိုင် ဦးစံလင်း၊ ဦးတင်မျိုးနှင့် ဦးကျော်ဦး (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ဖြေပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ဖြေပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဧပြီ ၂၃ရက် (၁၃၇၅ခုနှစ် တန်ခူးလဆန်း၁၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မတ် ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်စန်းမြင့်)

ဒုတိယခရိုင်တရားသူကြီး(၄)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သန်းထင်အောင်၏ 4A-၂၈၇၂၁၅သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါ။ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၄၃၀၆၇၀၁၅

ဦးလှမောင် ၁၂/စခန(နိုင်)၀၁၆၃၉၈၊ အမှတ် ၁၃၊ စစ်ကိုင်းလမ်း၊ လင်းလွန်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နှင့် သက်ဆိုင်သူအားလုံးသိရှိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ထွားရီ ၁၂/စခန(နိုင်)၀၀၃၃၀၁သည် အထက်ပါမြေရှင် ဦးလှမောင်၏မြေကွက်ပေါ်တွင် အခန်းပေးအခန်းယူစနစ်ဖြင့် နှစ်ခန်းတွဲ(ခြောက်)ထပ်တိုက်ကို မိမိငွေဖြင့် ကန်ထရိုက်စာချုပ်များချုပ်ဆို၍ ဆောက်လုပ်ခဲ့ရာတိုက်ခန်းအားလုံး တည်ဆောက်ပြီးစီးပြီးနောက် အမိုးမိုးပြီးဖြစ်သည့်အပြင် ဦးလှမောင်က မြေရှင်အဖြစ်ရရှိမည့် ခေါင်းရင်းဘက်ခြမ်း၊ တိုက်ခန်း(ငါး)ခန်းစလုံးကိုလည်း ဦးလှမောင်နှင့်မိသားစုသို့ လူမှုရေးအရလွှဲအပ်ပေးပြီးဖြစ်ပါသည်။ ဦးလှမောင်ကဒေါ်ထွားရီသို့ လွှဲအပ်ထားသော ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၉၆၁၇/၂၀၀၇ (၂၃-၁၀-၂၀၀၇)နှင့်စပ်လျဉ်း၍ အထက်ပါတိုက်ကို အပြီးသတ်မွမ်းမံပြင်ဆင်ရန် ကိစ္စအချို့ကျန်ရှိနေသည့်အပြင် ယင်းတိုက်၌ ဒေါ်ထွားရီက တိုက်ဆောက်လုပ်သူအဖြစ်ရရှိမည့် အခန်းများလည်း ပါဝင်ကျန်ရှိနေပါသည်။ ထို့ကြောင့် ယင်းတိုက်၌ ဒေါ်ထွားရီ၏ အကျိုးသက်ဆိုင်မှုရှိနေ၍ ဦးလှမောင်ဘက်မှ အထက်ပါမှတ်ပုံတင် အထွေထွေကိုယ်စားလှယ်လွှဲစာကို ရုပ်သိမ်းကြောင်းဖြင့် ၄-၄-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာကြော်ငြာစာမျက်နှာ (ဃ)ပါ ကြော်ငြာချက်သည် တစ်ဖက်သတ်ရုပ်သိမ်းကြောင်း ကြေညာခြင်းသာဖြစ်ပြီး ဥပဒေနှင့် ညီညွတ်မှုမရှိပါသဖြင့် ဒေါ်ထွားရီဘက်မှ လက်မခံငြင်းဆိုကြောင်းကို ဦးလှမောင်နှင့် သက်ဆိုင်သူအားလုံးသိရှိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းလှိုင်	ဦးမောင်ကလေး	ဦးမောင်မောင်ဦး
(LL.B)	B.A,B.L	B.A(Q), HGP, R.L
(စဉ်-၆၀၃၅)	(စဉ်-၁၂၅၁)	(စဉ်-၄၂၆၀)

တရားလွှတ်တော်ရှေ့နေများ

အခန်း(၂၂)၊ဒုတိယထပ်၊တိုက် ၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၈ဃ/၄၉၉၈ ယာဉ်အမျိုးအစား လိုက်ထရပ်၊ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ဆန်း ၁၄/ကပန(နိုင်)၁၀၁၀၄၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တောင်ကြီး

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီတိုးချဲ့၊ မြေကွက်အမှတ် (၁၆၄၂)၊ အမည်ပေါက် ဒေါ်သန်းသန်းစိန် ၅/စကန(နိုင်)၀၁၈၆၇၃က မြေပါမစ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် မြေပါမစ်(မိတ္တူမှန်) ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက မြေပါမစ်မူရင်းအား ဖျက်သိမ်းပြီး မြေပါမစ်(မိတ္တူမှန်)ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊
မြေနှင့်အခွန်ဌာနခွဲ၊
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန